# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်  ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ တနင်္ဂနွေနေ့  အတွဲ (၆၀)၊ အမှတ် (၁၁၆)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

# စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၂၃**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၂၃ ဦးအား စင်ကာပူရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၇) ကြိမ်မြောက် မြန်မာ့အမျိုးသားလေကြောင်းလိုင်း (MNA) စင်းလုံးငှား အထူးကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှုခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19)

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ပြည်သူ့အတွက် တရားမျှတမှု**

ဆောင်းပါး စာ ➢ ၆

**အသွင်ပြောင်း ပိုင်းရပ်စ်အသစ်နဲ့ လူနာတွေ ပိုမိုသေဆုံးနိုင်တဲ့ အန္တရာယ်**

စာ ➢ ၁၄

**ရခိုင်ပြည်နယ် မဟုတ်၊ ရော — ရာဝတီ တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ဝယ်ယူနိုင်ရေး အလှူငွေလှူဒါန်း**

စာ ➢ ၁၉

# နောင်ချိုမြို့နယ်တွင် ခရီးစဉ်ဒေသသစ်ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ရေပျံကြီးရေတံခွန်နှင့် ကျောက်တော(စံပြ)ကျေးရွာသို့ ကွင်းဆင်းကြည့်ရှု

**နောင်ချို ဇန်နဝါရီ ၂၃**

ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေရရှိရေး၊ ဒေသခံများအလုပ်အကိုင်နှင့် ဝင်ငွေပိုမိုရရှိရေးအတွက် နိုင်ငံတော်က ခရီးသွားနေရာဒေသသစ်များ ဖော်ဆောင်လျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ခရီးစဉ်သစ်များ ဖော်ဆောင်လျက်ရှိရာ နောင်ချိုမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ကို ဆက်သွယ်ထားသော ဒုဋ္ဌဝတီတံတားအနီးရှိ ရေပျံကြီးရေတံခွန်နှင့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်မည့် ကျောက်တော(စံပြ)ကျေးရွာသို့ ဇန်နဝါရီ ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုကြသည်။

နောင်ချိုမြို့နယ် ကျောက်တော(စံပြ)ကျေးရွာကို ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း(Community Based Tourism – CBT) ဖော်ဆောင်နိုင်ရန်အတွက် Tourism Village စီမံချက်ဆောင်ရွက်ရန်

*စာမျက်နှာ ၃ ကော်လံ ၄* ❁



နောင်ချိုမြို့နယ်ရှိ ရေပျံကြီးရေတံခွန်နှင့် ခရီးစဉ်ဒေသသစ် ဖော်ဆောင်နိုင်မှုအခြေအနေကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစဉ်။






မြန်မာ့အလင်း

# ကိုဗစ်ကာလ သံဝေဂဖြင့်

ရုတ်ခြည်းပေါ်ပေါက်လာသည့် ဗိုင်းရပ်စ်ပိုးနှင့် ကပ်ရောဂါတစ်ခုကြောင့် လူတို့၏ ပုံမှန်အနေအထိုင်၊ အပြုအမူတို့ ပြောင်းလဲသွားကြကာ လူမှုဘဝနေထိုင်မှုပုံစံသစ်အဖြစ် ပြောင်းလဲလာခဲ့သည်မှာ နှစ်ပေါက်ခဲ့ပြီ။

လူတို့၏ အနေအထိုင်၊ အပြုအမူ ပုံစံသစ်ဟု ဆိုနေရသော်လည်း အတွေးအမြင်၊ အယူအဆတို့ကပါ လိုက်ပါပြောင်းလဲလာနေသည်ကို သတိပြုမိနိုင်ပါသည်။ လူများစု၏ အပြုအမူ၊ အတွေးအမြင်၊ အယူအဆတို့သည် ကောင်းမှုဘက် ကုသိုလ်ဖြစ်ရေးဘက်သို့ ပို၍ အလေးများလာကြ၏။

လောကသဘာဝအရ အချို့သောသူတို့သည်ကား ကိုယ်ကျိုးအတ္တများဖြင့် မမောနိုင်မပန်းနိုင် နပန်းလုံးနေကြဆဲ၊ အမှားအမှန်ကို ကွဲပြားရှင်းလင်းစွာ မခွဲခြားနိုင်ဖြစ်နေဆဲ၊ ကြီးမားသောအောင်မြင်မှုများကို နှလုံးမသွင်းနိုင်၊ အသေးအဖွဲ့မျှသာဖြစ်သောဆုံးရှုံးမှုများကို ကြိတ်မနိုင်ခဲမရ ဖြစ်နေဆဲ၊ ငိုညည်းချင်းများကိုသာ တဖွဖွရွတ်ရင်း သောက ဗျာပါဒ ပရိဒေဝ ဒေါမနဿတို့ဖြင့် နစ်နေဆဲ စသည်ဖြင့် ဖြစ်နေကြသော်လည်း လူအများစုမှာမူ ပေါ်ပေါက်လာသော ကပ်ရောဂါကိုမူတည်၍ မိမိတို့၏ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတို့၏ အကျိုးမဲ့ပုံကို ရိပ်စားမိလာကြပြီ။ ကိုယ်ကျိုးအတ္တများဖြင့် ပူလောင်နေသော လောကကြီး၏ ဒုက္ခသစ္စာကို နားလည်ကြသူက အများအပြားဟု မြင်ပါ၏။

ထို့ကြောင့်လည်း မိမိတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာများကို အခြားသူတို့၏ ပြဿနာများနှင့် ယှဉ်တွဲရှုမြင်လာကြသည်။ မိမိတို့တစ်ဦးတည်း၏ အကျပ်အတည်းမဟုတ်ဘဲ ဆင်းရဲချမ်းသာမဟူ၊ လူတိုင်းကြုံတွေ့နေရသော ကျန်းမာရေးပြဿနာအဖြစ် နားလည်သတိပြုမိလာသည်။ ယင်းကဲ့သို့ နားလည်လာသည်နှင့်အမျှ လူလူချင်း စာနာတတ်လာသည်။ အသေးအဖွဲ့မှအစ စာစာနာနာရှိကြဖို့ ကိုယ်တိုင်သတိထားမိကြရုံမက မိမိတို့နှင့် နီးစပ်ရာ အချင်းချင်းကိုလည်း သတိပေးနေကြသည်။

မိမိပတ်ဝန်းကျင်ရှိ အဆင်မပြေသူများကို စာနာကြ၏။ ကိုယ့်လောက်မှ မပြေလည်သူများကို တတ်နိုင်သလောက် ကူညီချင်ကြသည်။ ပရဟိတလုပ်ငန်းများကို စိတ်ဝင်စားလာကြသည်။ ကိုဗစ်ထိန်းချုပ်ရေးဇုဟိုနှင့် ဆေးရုံများရှိ လူနာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတများကို အစားအသောက်များ လှူချင်၊ ပို့ချင်၊ ကျွေးချင်ကြသည်။ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများကို ယခင်ကထက် ပိုမိုဂရုစိုက်ကြ၊ ဝိုင်းဝန်းကူညီကြ၊ ချစ်ခင်ကြင်နာမှုကို ပြသရန် အားထုတ်လာကြသည်။

ကိုဗစ်–၁၉ ကာကွယ်ဆေး ရန်ပုံငွေဆိုလျှင်လည်း လှူကြမည်။ ဆေးရုံများတွင် လိုအပ်သော အောက်ဆီဂျင်ထုတ်လုပ်ရေးပင်မစက်များဆိုလျှင်လည်း လှူကြမည်။ နှာခေါင်းစည်းများလိုသည်၊ ပီပီအီးဝတ်စုံများလိုသည်ဟု သတင်းကြားလျှင် လှူကြမည်။ အလုပ်အကိုင်နှင့် ဝင်ငွေခက်ခဲလာ၍ စားဝတ်နေရေးကျပ်တည်းနေကြသူများကို ဆန်ဆီ အစရှိသည့် အစားအစာ၊ အဝတ်အထည်များ ပေးလှူကြရန် ဆော်သြကြ၊ ကိုယ်တိုင်လည်း လှူဒါန်းလုပ်ကြသည်။

ပုံမှန်ဆိုလျှင် ကိုယ်ရေးကိုယ်တာများဖြင့် ဗျာများနေရသည့်နေရာတွင် အခြားသူတို့အတွက် အချိန်ပေး စဉ်းစားလာကြသည်။

သည်လိုနှင့် တွေဝေမိုက်မဲမှု၊ မကောင်းမှုပြုမှုများနှင့် ဝေးလာ၏။ လိုချင်တပ်မက်ခြင်း နည်းပါးလာ၏။ ထောင်လွှားခြင်း၊ အမျက်ထွက်ခြင်းတို့က အလိုအလျောက် လျော့ပါးလာ၏။ သူတစ်ပါးကို မေတ္တာစိတ်ပိုထားလာနိုင်ကြ၏။ ကရုဏာထားနိုင်လာကြ၏။ မုဒိတာလည်း ပွားလာနိုင်ကြ၏။ အဆိုးဖြစ်စေ၊ အကောင်းဖြစ်စေ လောကဓံတရားတို့နှင့် ကြုံတွေ့လာရသည်ကို သင့်သင့်တင့်တင့် နှလုံးသွင်း နေနိုင်လာကြ၏။ အလွန်အကျူး ပူပန်သောကဖြစ်မှု၊ စိုးရိမ်ကြီးလွန်းမှုတို့ကို ရှောင်နိုင်လာ၏။ ရောင့်ရဲတင်းတိမ်လွယ်သူများ ဖြစ်လာကြ၏။

ဤကဲ့သို့ လူအများအပြား၏ ရင်တွင်းသို့ တိုးဝင်စူးနစ်လာသော စိတ်သဘောထားနှင့် စိတ်စေတနာအခြေခံတို့သည် လူတစ်ဦးချင်း၏ စိတ်အေးချမ်းသာယာမှုနှင့်အတူ လောကကောင်းကျိုး၊ လောကငြိမ်းချမ်းရေးကို ရှေးရှုလာခြင်းပင်ဖြစ်ရာ ကိုဗစ်ကပ်ရောဂါကာလ သံဝေဂတရားဟု ဆိုရပါမည်တည်း။ ။

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ရွေးချယ်မှု စံလုပ်ငန်းလမ်းညွှန် (Standard Operating Procedure – SOP)

| စဉ် | လုပ်ငန်းစဉ် | ဆောင်ရွက်ရန်အချက်များ | | ဆောင်ရွက်ရမည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း |
|---|---|---|---|---|
| ၁။ | ရွေးချယ်မှုလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်ရန် ညွှန်ကြားခြင်း | ၁.၁ | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့/ နေပြည်တော်ကောင်စီတို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများအား ညွှန်ကြားခြင်း | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ / နေပြည်တော်ကောင်စီ |
| ၂။ | မြို့နယ်အုပ်ချုပ်ရေးမှူးမှ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း | ၂.၁ | ကြီးကြပ်ရေးအဖွဲ့ဝင်များ ရွေးချယ်ရန် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ ဖွဲ့စည်းခြင်း | မြို့နယ်အုပ်ချုပ်ရေးမှူး |
| | | ၂.၂ | ကြီးကြပ်ရေးအဖွဲ့ဝင်များ ရွေးချယ်တာဝန်ပေးအပ်ရန် လက်ရှိတာဝန်ထမ်းဆောင်ဆဲ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား ညွှန်ကြားခြင်း | |
| ၃။ | ကြီးကြပ်ရေးအဖွဲ့ ရွေးချယ်တာဝန်ပေးအပ်ခြင်း | ၃.၁ | ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေးအစည်းအဝေးကို တစ်ပတ်ကြိုတင် ဖိတ်ကြားခြင်းနှင့် ဖိတ်ကြားထားရှိမှုအား မှတ်တမ်းထားခြင်း | မြို့နယ်အုပ်ချုပ်ရေးမှူး ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့၊ လက်ရှိတာဝန် ထမ်းဆောင်ဆဲ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး |
| | | ၃.၂ | ရပ်ကွက်/ကျေးရွာအုပ်စု ရွေးချယ်ခြင်းပြီးဆုံးသည်အထိ အိမ်ထောင်စုတစ်စုလျှင် အိမ်ထောင်စုကိုယ်စားလှယ်အဖြစ် တစ်ဦးတည်းကိုသာ အမည်စာရင်းပေးသွင်းစေခြင်း | |
| | | ၃.၃ | ပျက်ကွက်ပါက ကန့်ကွက်ပိုင်ခွင့်မရှိကြောင်း ကြိုတင်အသိပေးခြင်း | |
| | | ၃.၄ | ရွေးချယ်မှုလုပ်ငန်းစဉ်တွင် ပါဝင်မည့် အိမ်ထောင်စုကိုယ်စားလှယ် အမည်စာရင်း ပြုစုခြင်း | |
| | | ၃.၅ | ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း နေထိုင်သူများက တာဝန်ထမ်းဆောင်လိုသော ရပ်မိရပ်ဖ(၅)ဦး ကို ကြီးကြပ်ရေးအဖွဲ့အဖြစ် ရွေးချယ်ခြင်း | |
| | | ၃.၆ | ကြီးကြပ်ရေးအဖွဲ့ဝင်အချင်းချင်း အဖွဲ့ခေါင်းဆောင်ကို ညှိနှိုင်းရွေးချယ်ခြင်း | |
| | | ၃.၇ | ကြီးကြပ်ရေးအဖွဲ့ဝင်များအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်ခြင်း | |
| ၄။ | ဆယ်အိမ်မှူး/ရာအိမ်မှူး/ ကျေးရွာတာဝန်ခံ ရွေးချယ်ခြင်း | ၄.၁ | ဆယ်အိမ်မှူး/ရာအိမ်မှူး/ကျေးရွာတာဝန်ခံ ရွေးချယ်မည့်ရက်မတိုင်ခင် တစ်ပတ်ကြိုတင်၍ ဥပဒေပုဒ်မ ၅ ပါ သတ်မှတ်အရည်အချင်းများနှင့် ညီညွတ်သူကို ရွေးချယ်ရန်နှင့် ရွေးချယ်ပုံလုပ်ငန်းစဉ်အဆင့်ဆင့်ကို အိမ်ထောင်စုကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခြင်း | ကြီးကြပ်ရေးအဖွဲ့ |
| | | ၄.၂ | ဆယ်အိမ်စု/ရာအိမ်စုများစုဖွဲ့ခြင်းနှင့် ဆယ်အိမ်စု၊ ရာအိမ်စုများစုဖွဲ့မှုကို တစ်ပတ်အတွင်း အများပြည်သူ သိရှိအောင်ကြေညာခြင်း | |
| | | ၄.၃ | ဆယ်အိမ်စုရှိ အိမ်ထောင်စုကိုယ်စားလှယ်များက ဆယ်အိမ်မှူးကို ဆန္ဒမဲပေးရွေးချယ်စေခြင်း | |
| | | ၄.၄ | ရာအိမ်စုရှိ အိမ်ထောင်စုကိုယ်စားလှယ်များက ရာအိမ်မှူးကို ဆန္ဒမဲပေး ရွေးချယ်စေခြင်း | |
| | | ၄.၅ | ကျေးရွာတစ်ရွာထက် ပိုမိုဖွဲ့စည်းထားသော ကျေးရွာအုပ်စုများတွင် ကျေးရွာမှ ရွေးချယ်ခံရသည့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက ယင်းတို့အနက် တစ်ဦးကို ကျေးရွာတာဝန်ခံအဖြစ် ဆန္ဒမဲပေးရွေးချယ်စေခြင်း | |
| | | ၄.၆ | ရွေးချယ်ခံရသူများကို တက်ရောက်သူများ၏ရှေ့မှောက်တွင် ကြေညာခြင်းနှင့် မှတ်တမ်းထားရှိခြင်း | |
| ၅။ | ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်း | ၅.၁ | ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်မည့် နေ့ရက်၊ အချိန်၊ နေရာကို သတ်မှတ်၍ ရပ်ရွာအတွင်းနေထိုင်သူများအား တစ်ပတ် ကြိုတင်အသိပေးကြေညာခြင်း | ကြီးကြပ်ရေးအဖွဲ့ |
| | | ၅.၂ | ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းများအနက် တစ်ဦးကို အိမ်ထောင်စုကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခြင်း | |
| | | ၅.၃ | ဆယ်အိမ်မှူး/ရာအိမ်မှူး/ကျေးရွာတာဝန်ခံနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်း၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်လက်ဖြည့်သွင်းထားသည့်ပုံစံများကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်း | |
| ၆။ | ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ခန့်အပ်တာဝန်ပေးခြင်း | ၆.၁ | ကြီးကြပ်ရေးအဖွဲ့မှ တင်ပြလာသော ဆယ်အိမ်မှူး/ရာအိမ်မှူး/ကျေးရွာတာဝန်ခံများကို စိစစ်၍ တာဝန်ပေးခြင်းနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းများကို စိစစ်၍ ခန့်အပ်ခြင်း | မြို့နယ်အုပ်ချုပ်ရေးမှူး |
| ၇။ | သတ်မှတ်လုပ်ငန်းစဉ်များ အတိုင်း ဆောင်ရွက်၍ မရခြင်း/ ဥပဒေနှင့် ညီညွတ်မှုမရှိခြင်းတို့ ကြုံတွေ့ပါက ဖြေရှင်းခြင်း | ၇.၁ | သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များ၏ လမ်းညွှန်မှုခံယူ ဆောင်ရွက်ခြင်း | မြို့နယ်အုပ်ချုပ်ရေးမှူး |
| | | ၇.၂ | နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ရွေးချယ်စေခြင်း | ကြီးကြပ်ရေးအဖွဲ့ |

ဇန်နဝါရီ ၂၃ ရက်က ကြည့်မြင်တိုင်မြို့နယ် သီဟာသုခမ္မ မဏိဇောတရေ ဦးအောင်သန်းစိန်–ဇနီး သီဟာသုခမ္မသိင်္ဂီ ဒေါ်အေးမြင့်သန်း (အောင်ရတနာသင်္ကန်းတိုက်) မိသားစုက တစ်နှစ်ပတ်လုံး လပြည့်လကွယ် အဖိတ်နေ့တိုင်း လှူဒါန်းမြဲဖြစ်သော်လည်း ကိုဗစ်ကာလအတွင်း အလှူခံမထွက်နိုင်သော သီလရှင်ကျောင်းတိုက်ခွဲ ၄၂ ကျောင်းမှ သီလရှင် ဆရာကြီး၊ ဆရာလေးများအား တစ်ကျောင်း လျှင်ငွေကျပ် ၂၅၀၀၀၀ စီဖြင့် စုစုပေါင်း ငွေကျပ် ၁၀၅ သိန်း ၅ သောင်းကို အကြိမ် (၂၀) မြောက် စတုဒ္ဒသပတ်အဖြစ် နေအိမ် သို့ ပင့်ဖိတ်၍ လှူဒါန်းစဉ်။
တင်ဝင်းလေး(ကြည့်မြင်တိုင်)



# ပြည်သူသာလျှင် အဓိက

# (၆၇) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်းညီလာခံ ဖွင့်ပွဲအခမ်းအနား ကျင်းပ

## ဆရာဝန်ထုတစ်ရပ်လုံးက ပိုမိုအားကိုးရသော အသင်းကြီးတစ်ခုဖြစ်လာပြီး နိုင်ငံတော်နှင့်ပြည်သူများအကျိုးကို ဆက်လက်ဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး (၆၇) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်းညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၃

**(၆၇) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်း ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် Virtual Online Conference စနစ်ဖြင့် ကျင်းပသည်။**

အခမ်းအနားဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ ဆရာဝန်အသင်းသည် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး ပညာရပ်ဆိုင်ရာ စဉ်ဆက်မပြတ် တိုးတက်စေရေးနှင့် ပြည်သူ့ကျန်းမာရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် ဆေးပညာရှင်များ ကျင့်ဝတ်ဂုဏ်သိက္ခာများနှင့်အညီ ဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကာ မြန်မာနိုင်ငံ ဆေးပညာလောကကို အကျိုးပြုလျက်ရှိသည့် ဆရာဝန်ထုကြီး၏ အားထားရာ အဓိကအသင်းကြီးဖြစ်ပါကြောင်း၊ အသင်းတွင် ဆေးပညာဘာသာရပ်အဖွဲ့ ၄၆ ခုနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အသင်းခွဲများရှိကာ အင်အားတောင့်တင်း၍ လုပ်ငန်းများ တက်ကြွစွာ ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင်လည်း ဝန်ကြီးဌာနနှင့် ပူးပေါင်းကာ COVID-19 Call Center၊ ကိုဗစ်-၁၉ ဆေးကုသရေးဌာနများနှင့် အခြားကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းများအဖြစ် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည့်အပေါ် ကျေးဇူးတင်ရှိ အသိအမှတ်ပြုပါကြောင်း။

### အကြံပြုချက်များ ကောက်ယူ

မိမိအနေဖြင့် နိုင်ငံတွင်းရှိ ဆရာဝန်တိုင်းအား မြန်မာနိုင်ငံ ဆရာဝန်အသင်းသို့ ဝင်ရောက်စေလိုပါကြောင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းအနေဖြင့် အသင်း၏ လုပ်ငန်းများ ပိုမိုကောင်းမွန်တိုးတက်စေရေး အတွက် အကြံပြုချက်များရရှိစေရန် နိုင်ငံတစ်ဝန်းရှိ ဆရာဝန်များထံမှ စစ်တမ်းပုံစံဖြင့် အကြံပြုချက်များ ကောက်ယူစေလိုပါကြောင်း၊ ထိုသို့ ကောက်ယူရာတွင် ကိုဗစ်-၁၉ ကာလ၌ လျင်မြန်စွာ အဖြေများရရှိစေရန် မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ အင်တာနက်စာမျက်နှာပေါ်မှ တစ်ဆင့် အွန်လိုင်းစစ်တမ်းပုံစံဖြင့် ကောက်ယူစေလိုပါကြောင်း၊ ပညာရှင်ကြီးများ၏ အကြံပြုချက်များ၊ စစ်တမ်းတွေ့ရှိချက်များအပေါ် မူတည်၍ အသင်းတွင်ရှိသော အရင်းအမြစ်အခြေအနေများနှင့် ကိုက်ညီချိန်ဆကာ လက်တွေ့ကျသောလမ်းပြမြေပုံနှင့် လုပ်ငန်းစဉ်များချမှတ်ကာ ရေရှည်တွင် အသင်းကြီး ပိုမိုတိုးတက်ကောင်းမွန်စေရေး ဆက်လက် ဆောင်ရွက်သွားစေလိုပါကြောင်း။

### ကုထုံးအသစ်များ ပေါ်ပေါက်

ဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းလမ်းညွှန်များ ရေးဆွဲပြုစုရာတွင် အသင်းကြီးရှိ ဆေးပညာဘာသာရပ်အဖွဲ့ (society) များ၏ အကြံဉာဏ်များကို ဆက်လက်ရယူရန် လိုအပ်သဖြင့် သက်ဆိုင်ရာအဖွဲ့များက ပါဝင်ဆောင်ရွက်စေလိုပါကြောင်း၊ ဆေးပညာရပ်သည် အမြဲမပြတ်တိုးတက်မှုများရှိနေကာ တွေ့ရှိချက်အသစ်များနှင့် ကုထုံးအသစ်များ အမြဲတမ်းပေါ်ပေါက်လျက်ရှိသဖြင့် ဆေးပညာရှင်များအနေဖြင့် နောက်ဆုံးပေါ်ကုထုံးနှင့် တွေ့ရှိချက်များအား မျက်ခြည်မပြတ် သိရှိလေ့လာနေရန် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ အင်တာနက်စာမျက်နှာ၌လည်း ထုတ်လွှင့်ထားရန် အရေးကြီးပါကြောင်း။

အသင်းကြီးမှ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး အစီအစဉ်များဖြင့် မွမ်းမံသင်တန်းအမျိုးမျိုးကို ပြုလုပ်လျက်ရှိရာ ထိုသို့သော သင်တန်းတက်ရောက်သူ ဆရာဝန်များအား လေ့လာသင်ယူမှုအမှတ်/ အဆင့်(credit) များ သတ်မှတ်ပေးအပ်ရမည် ဖြစ်ပါကြောင်း၊ ဆရာဝန်များ "ဆေးကုသခွင့်လိုင်စင်" သက်တမ်းတိုးရာတွင် အဆိုပါ အမှတ်/ အဆင့် (credit) များအား ထည့်သွင်းစဉ်းစားပြီးမှသာ သက်တမ်းတိုးပေးခြင်းဖြင့် ဆေးပညာရှင်များ၏ အရည်အသွေးသည် အမြဲတမ်းမြင့်မားနေမည်ဖြစ်ပါကြောင်း၊ ထိုသို့သော စနစ်မျိုး (၂၀၂၁) ခုနှစ်၊ နှစ်ကုန်ပိုင်းနှင့် (၂၀၂၂) ခုနှစ်၊ နှစ်ဦးပိုင်းခန့်တွင် စတင်နိုင်ရန် ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ဆေးကောင်စီ၊ ဆေးတက္ကသိုလ်များရှိ ပါမောက္ခ/ဌာနမှူးများနှင့် ဆက်လက် တိုင်ပင်ကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### အရည်အသွေး မြင့်မားလာစေရေး

ကုသမှုပညာနှင့် စွမ်းဆောင်ရည်တို့ကို အခြေပြုအကဲဖြတ်၍ သက်ဆိုင်ရာ ဆေးပညာဘာသာရပ်အလိုက် ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော ဘုတ်အဖွဲ့များမှ ဆေးပညာဘာသာရပ်အလိုက် အသိအမှတ်ပြုဆရာဝန်များအဖြစ် သတ်မှတ်နိုင်ရေးကိုလည်း မြန်မာနိုင်ငံ ဆရာဝန်အသင်းရှိ ဆေးပညာဘာသာရပ်အဖွဲ့များက ဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ဝိုင်းဝန်းဆွေးနွေးပြီး ဦးစားပေး ဆောင်ရွက်စေလိုပါကြောင်း၊ ဆေးပညာဘာသာရပ်အဖွဲ့များအနက် အထွေထွေရောဂါကုဆရာဝန်များအဖွဲ့သည် အဖွဲ့ဝင်အများဆုံးဖြစ်ပြီး အထွေထွေရောဂါကုဆရာဝန်များသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးအပ်နေသဖြင့် လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (UHC) ပန်းတိုင်များ ရရှိစေရေးအတွက် များစွာ အထောက်အကူပြုပါကြောင်း၊ အထွေထွေရောဂါကုဆရာဝန်များ၏ အရည်အသွေး ပိုမိုမြင့်မားလာစေရေးကို ဤအသင်းကြီးက စဉ်းစားဆောင်ရွက်ပေးရန် လိုပါကြောင်း။

မြန်မာနိုင်ငံ ဆရာဝန်အသင်းအနေဖြင့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်း၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲပညာရှင်များအသင်းစသည့် ဆေးပညာနီးနွယ် အသင်းများနှင့် ပိုမိုပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပါက နိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှုစနစ်နှင့် လုပ်ငန်းများ ပိုမိုကောင်းမွန်တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ရှေ့အနာဂတ်ကို မျှော်တွေးကာ အသင်းကြီးအနေဖြင့် ခေတ်မီအင်တာနက်ကွန်ရက် အသုံးပြုသင်တန်းများ၊ ဒစ်ဂျစ်တယ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတွင် ကျယ်လာစေရေး စဉ်းစားကြံဆကာ ဆောင်ရွက်စေလိုပါကြောင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ ညီလာခံတွင် ဆွေးနွေးတင်ပြသည့် ပညာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် စာတမ်းများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်တိုးတက်လာသည်ကို တွေ့ရှိရသဖြင့် တာဝန်ရှိသူများအားလုံးနှင့် ဆွေးနွေးတင်ပြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ အသင်းကြီးအနေဖြင့် ဆရာဝန်ကျင့်ဝတ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတကာအသင်းအဖွဲ့များနှင့် ဆက်သွယ်ပြီး ဆေးပညာအဆင့်အတန်း မြင့်မားရေးကိစ္စများ ဆောင်ရွက်နေသည်များကို ပိုမိုအရှိန်အဟုန်မြှင့်ကာ ဆက်လက်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခုထက် အသင်းဝင်များ ပိုမိုများပြားကာ ဆရာဝန်ထုတစ်ရပ်လုံးက ပိုမိုအားကိုးရသော အသင်းကြီးတစ်ခုဖြစ်လာပြီး နိုင်ငံတော်နှင့် ပြည်သူများအကျိုးကို ဆက်လက်၍ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်စေရေး ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

### ရှင်းလင်းမှု ပြုလုပ်

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာထင်အောင်စောက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ညီလာခံတွင် နီးနှော ဆွေးနွေးဖလှယ်မှု အစီအစဉ်များ၊ စာတမ်းဖတ်ကြား ရှင်းလင်းမှု အစီအစဉ်များကို ဆက်လက်ပြုလုပ်သည်။

ညီလာခံကို Virtual Online Conference စနစ်ဖြင့် ဇန်နဝါရီ ၂၅ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

---

❁ *ရှေ့ဖုံးမှ*

ရှမ်းပြည်နယ်အစိုးရမှ ငွေကျပ်သိန်း ၁၀၀၀ ခွင့်ပြုလျာထားပေးကြောင်း သိရသည်။

ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (အတွင်းရေးမှူး) ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်၊ ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီအဖွဲ့ဝင် တတ်သိပညာရှင် ဒေါက်တာကြည်လွင်၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန လားရှိုးရုံးခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးသက်လင်း၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရှမ်းမြောက်ဇုန်)ဥက္ကဋ္ဌ ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးဇော်ဇော်၊ မြို့နယ်ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် နောင်ချိုမြို့နယ်၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ခရီးစဉ်ဒေသသစ် ဖော်ဆောင်နိုင်ရန် ရေပုံကြီးရေတံခွန်သို့ ခရီးသွားများ လာရောက်လည်ပတ်နိုင်မည့်အခြေအနေကို ကွင်းဆင်းကြည့်ရှုကြပြီး ကျောက်တော (စံပြ) ကျေးရွာ၏ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်မှုနှင့် စီမံချက်ခွင့်ပြုလျာထားငွေကို စနစ်တကျဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားကြောင်း သိရသည်။

နောင်ချိုမြို့နယ်သည် ပူအိုက်စိုစွတ်သော ရာသီဥတုရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကာ ဆန်၊ ဂျုံ၊ ပြောင်း၊ ပဲ၊ ကြံ အများဆုံးစိုက်ပျိုးကြသည်။ မြို့၏ ထင်ရှားသော စေတီပုထိုးများအဖြစ် ရွှေစံဦးစေတီ၊ သံသရာအေးစေတီ၊ ချောင်းသာစေတီ၊ ရွှေလင်းပင်စေတီ၊ ရွှေမုဋ္ဌောစေတီတို့ကို ဖူးမြော်ကြည်ညိုနိုင်ပြီး မြို့နယ်အတွင်း ခရီးသွားလည်ပတ်နိုင်သည့် နေရာများမှာ နောင်ချိုကြီးကျေးရွာ တိမ်ပင်လယ်၊ ဘန့်ဘွေးကျင်းရေတံခွန်၊ မင်းလှရေတံခွန်၊ ဂုတ်ထိပ်တံတား၊ မယ်ဟုန်၊ ဘန်ဘုံကျေးရွာရှိ ဒုဋ္ဌဝတီမြစ်ကြောင်းတို့ကို ကြည့်ရှုလေ့လာနိုင်သည်။

**ထွေးငယ် (ပြန်/ဆက်)**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (စွမ်းအင်ကဏ္ဍ) ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## လက်ရှိ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် တစ်နိုင်ငံလုံး၏ ၅၈ ရာခိုင်နှုန်း ပြည့်မြောက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပြီဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၃**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (စွမ်းအင်ကဏ္ဍ) ၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပထမ သုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများက ရုံးအမှတ်(၂၇)မှ လည်းကောင်း၊ ကြီးကြပ်မှုအောက်နယ်ဒေသများမှ ရေနံမြေအထွေထွေမန်နေဂျာများ၊ ရေနံချက်စက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံနှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံတို့မှ စက်ရုံမှူးများ၊ စစ်ဆေးရေးအရာရှိချုပ်များက သက်ဆိုင်ရာဒေသမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



### လျှပ်စစ်ကဏ္ဍ သုံးစွဲမှု

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် အဓိကကျသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေမည့် လုပ်ငန်းစီမံကိန်းများ၊ အစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် တစ်နိုင်ငံလုံး၏ ၅၈ ရာခိုင်နှုန်း ပြည့်မြောက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပြီဖြစ်ပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁၀၀ ရာခိုင်နှုန်းသို့ ရောက်ရှိရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ လုပ်ငန်းများကို မိမိတို့တိုင်းပြည်အနေဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်ကတည်းက ဆောင်ရွက်ခဲ့ပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍသည် အခြားကဏ္ဍများနှင့် သဘောသဘာဝကွဲပြားပြီး ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကြီးနှင့် ဆက်စပ်နေသဖြင့် လုပ်ငန်းလုပ်ဆောင်ရာတွင် Response မြန်ဆန်ရန် လိုအပ်ကြောင်း။

### စရိတ်သက်သာလာအောင် ဆောင်ရွက်

ထို့အပြင် Planning ဌာနများအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်မှု၊ ချက်လုပ်ဖြန့်ဖြူးမှုစသည့် အချက်အလက်များကိုစုစည်း၍ ၎င်းတို့အပေါ်၌ Data balance လုပ်ခြင်း၊ သုံးသပ်ခြင်းတို့ ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်ပြန်ပြီးဥပဒေများနှင့်အညီ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို အမြန်ဆုံးထုတ်ပြန်သွားရန် လိုအပ်ကြောင်း၊ စက်သုံးဆီအရောင်းဆိုင်၊ LPG ဆိုင်၊ ရေနံချက်ဖို၊ Mini Refinery၊ ရေယာဉ်ဆိုင်ရာ Bunkering လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ စည်းစနစ်တကျရှိစေရန် Regulatory ဌာနမှ ကြီးကြပ်ထိန်းသိမ်းသွားရန်လိုကြောင်း၊ လိုင်စင်လျှောက်ထားခြင်း၊ ငွေပေးချေခြင်းတို့ကို လျင်မြန်လွယ်ကူရန် Online စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လေယာဉ်ဆီ ဖြည့်တင်းသည့်လုပ်ငန်းများကိုလည်း ယခုထက်ပိုမိုကျယ်ပြန့်ပြီး စရိတ်သက်သာလာအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အပြင် မိမိတို့ဌာန၏ Target ထားသည့် ရေနံစိမ်းအထွက်တိုးထုတ်လုပ်မှုစည် ၁၀၀၀၀ အစီအမံ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးပြီး စရိတ်သက်သာစေမည့် ရေနံမြေပေါင်းစည်းရေးအစီအမံ၊ National Pipeline Network Master Plan များကို အကောင်အထည်ဖော် ဆောင်ရွက်ထားရန်လိုကြောင်း၊ အနာဂတ်ကာလတွင် Green Energy နှင့် Green Economy လမ်းကြောင်းသို့ သွားရန်အတွက် CNG လုပ်ငန်းများကို ရန်ကုန်ဒေသအပြင် နေပြည်တော်နှင့် အခြားဒေသများတွင်လည်း စီစဉ်ဆောင်ရွက်သွားရန် လိုကြောင်း။

### ရေနံဓာတ်ငွေ့ရည်များ တိုးချဲ့ဖြန့်ဖြူး

အနာဂတ်ကာလတွင် စီးပွားရေးတွက်ခြေကိုက်မှုရှိသည့် ပြည်တွင်းပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်သည့် ရေနံချက်စက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံ၊ LPG စက်ရုံစီမံကိန်းအသစ်များကိုလည်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ LPG အသုံးပြုခြင်းဖြင့် မိမိတို့နိုင်ငံ၏ ကာဗွန်ထုတ်လုပ်မှု လျှော့ချနိုင်ရေး နိုင်ငံတကာ ကတိကဝတ်များနှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက် တစ်စိတ်တစ်ပိုင်း လျှော့ချနိုင်ရန် ရေနံဓာတ်ငွေ့ရည်များကို အိမ်သုံးလောင်စာအဖြစ် ပြည်တွင်း၌ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရေး၊ ရေနံဓာတ်ငွေ့ရည်ကို နိုင်ငံတကာပေါက်ဈေးနှင့်အညီ ဈေးနှုန်းသင့်တင့်စွာ သုံးစွဲနိုင်ရေးအတွက် ရေနံဓာတ်ငွေ့ရည်များကို တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးတို့ကို စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ ရည်မှန်းထားသော လုပ်ငန်းများ အချိန်မီ အကောင်အထည်ဖော်နိုင်ရေး မိမိတို့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိကကုမ္ပဏီများ၊ မိမိတို့မှ ဝန်ဆောင်မှုပေးနေရသော ပြည်သူများမှ လုပ်ငန်းများကို အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ကူညီပံ့ပိုးပေးရန်လိုကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများသည် နိုင်ငံတော်၏ အနာဂတ်စွမ်းအင်ဖူလုံရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာဝင်ငွေများ ပိုမိုရရှိရေးတို့အတွက် အရေးပါသဖြင့် စီမံချက်ချမှတ်ကာ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် လုပ်ငန်းသဘောသဘာဝအရ ဆောင်ရွက်နေသည့်လုပ်ငန်းများတွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးတို့အတွက် အထူးဂရုပြုဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

ယခုအစည်းအဝေးမှ ၂၀၂၀-၂၀၂၁ ပထမ သုံးလပတ်တွင် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် နောက်လာမည့် ဒုတိယ သုံးလပတ်တွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို တင်ပြဆွေးနွေးပြီး လိုအပ်ချက်များကို ပူးပေါင်းဝိုင်းဝန်းကြိုးပမ်း အဖြေရှာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နေရသည့် လုပ်ငန်းများဖြစ်၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ချမှတ်ထားသည့် စည်းကမ်းများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများ အရှိန်အဟုန်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း အထူးသတိပေးလိုကြောင်း ပြောကြားသည်။

### သုံးသပ်ဆွေးနွေးတင်ပြ

ထို့နောက် ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ ရေနံမြေအထွေထွေမန်နေဂျာများ၊ ရေနံချက်စက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံနှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံတို့မှ စက်ရုံမှူးများ၊ စစ်ဆေးရေးအရာရှိချုပ်များက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်အတွင်း လျာထားချက်များအပေါ် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ၂၀၂၀-၂၀၂၁ ဒုတိယ သုံးလပတ်ကာလအတွင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်သည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က တင်ပြမှုများအပေါ် သုံးသပ်ဆွေးနွေးတင်ပြသည်။

ထို့နောက် ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့၌ လူနေအိမ်အဖြစ်အသုံးပြုရန်ခွင့်ပြုမထားသော မြေနေရာများ ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဇန်နဝါရီ ၂၃**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များအတွင်း လူနေအိမ်အဖြစ်အသုံးပြုရန် ခွင့်ပြုမထားသောမြေနေရာများ ဆက်လက်ဆောင်ရွက်မှုမရှိစေရေးနှင့် ဗလမင်းထင်အမှတ်(၂)တံတားအသစ်တည်ဆောက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။



ပြည်နယ် ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ပြည်နယ်တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ် တရားလွှတ်တော် တရားသူကြီး ဦးတူးဂျာ ဦးဆောင်သော ပြည်နယ်တရားသူကြီးများ၊ ပြည်နယ်တရားရေးအရာရှိများနှင့်တွေ့ဆုံပြီး ပြည်နယ်တရားလွှတ်တော်ရုံးသစ် အဆောက်အအုံ ပေ ၂၄၀ ပတ်လည် တည်ဆောက်သွားနိုင်ရေး မြေနေရာ လိုအပ်ချက်နှင့် ပတ်သက်၍ တင်ပြမှုကို ပြည်နယ်ဝန်ကြီးချုပ်က အဆောက်အအုံသစ် ဆောက်လုပ်နိုင်ရေးနှင့် မြေနေရာလိုအပ်ချက်အပေါ် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဝန်ကြီးဌာနများနှင့် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် မြစ်ဖျားရောကားကြီးကွင်းအနီး မြေကွက်လပ်နှင့် စီတာပူရပ်ကွက် စက်မှုဇုန်အပိုင်းအတွင်း လူနေအိမ်အဖြစ်အသုံးပြုရန် ခွင့်ပြုမထားသော မြေကွက်နေရာတွင် နေအိမ်ဆောက်လုပ်ရန် မြေကွက်ဖော်ဆောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)**ပြည်နယ်ဝန်ကြီးချုပ်က ခွင့်ပြုမထားသော မြေနေရာများဖြစ်သဖြင့် ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ရှင်းလင်းဆောင်ရွက်ရေး မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ဌာနများအား မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့ ဆက်သွယ်ထားသော မန္တလေး- လားရှိုး- ဗန်းမော် - မြစ်ကြီးနား လမ်းမပေါ်ရှိ ဧရာဝတီမြစ်ကူးတံတား ဗလမင်းထင်အမှတ်(၂) တံတားသစ် တည်ဆောက်သွားမည့် လုပ်ငန်းနှင့် ပတ်သက်၍ မြစ်ကြီးနားမြို့ဘက်ခြမ်းနှင့် ဝိုင်းမော်ဘက်ခြမ်းတို့တွင် တံတားသစ် တည်ဆောက်သွားမည့်အခြေအနေကို တံတားအထူးအဖွဲ့ (၁)မှ တာဝန်ရှိသူများ လိုက်လံရှင်းလင်းပြသမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ကာကွယ်ဆေးသည် အသစ်ဖြစ်သောကြောင့် လုပ်ငန်းလမ်းညွှန်များကိုလည်း နောက်ထပ်တွေ့ရှိလာမည့် အကြောင်းအရာများနှင့် အချက်အလက်များရှိပါက ထပ်မံမွမ်းမံဖြည့်စွက်သွားမည်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ဗဟိုအဆင့် မွမ်းမံဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Semi-virtual စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုသင်တန်းတက်ရောက်နေသူများအားလုံးသည် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် နှစ်များစွာ အတွေ့အကြုံရှိသူများဖြစ်ပြီး ကာကွယ်ဆေးထိုးနှံရာတွင် ဆောင်ရွက်ရမည့် ကိစ္စအဝဝကို သိရှိနားလည်ပြီးဖြစ်ပါကြောင်း၊ သို့ရာတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ကာကွယ်ဆေးအမျိုးအစားအသစ်ဖြစ်သဖြင့် ဆေးနှင့်ပတ်သက်သည့် ဝိသေသများ၊ အကြောင်းအရာများ၊ ထိုးနှံရာတွင် ဆောင်ရွက်ရမည့်အချက်များ၊ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သော ကိစ္စရပ်များ စသည်တို့နှင့်ပတ်သက်၍ နောက်ဆုံးရ အချက်အလက်များကို မွမ်းမံပြောကြားသင်တန်းပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ယခုသင်တန်းပြုလုပ်ခြင်းဖြင့် ပထမအသုတ်ရောက်ရှိလာသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံရာတွင်လည်းကောင်း၊ ထပ်မံ၍ အသုတ်လိုက်ရောက်ရှိလာမည့် ကာကွယ်ဆေးများထိုးနှံရာတွင်လည်းကောင်း စနစ်တကျ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

**ဆက်လက်လေ့လာနေဆဲဖြစ်**

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန်အတွက် အသေးစိတ်လုပ်ငန်းလမ်းညွှန် (guideline) များကိုလည်း ရေးဆွဲပြုစုပြီးဖြစ်ကာ အီးမေးလ်များဖြင့်လည်းကောင်း၊ စာအုပ်ဖြင့်လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဝေပေးပြီးပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးသည် အသစ်ဖြစ်သောကြောင့် လုပ်ငန်းလမ်းညွှန်များကိုလည်း နောက်ထပ် ထပ်မံတွေ့ရှိလာမည့် အကြောင်းအရာများနှင့် အချက်အလက်များရှိပါက ထပ်မံမွမ်းမံဖြည့်စွက်သွားမည်ဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ပေါ်ပေါက်ထိုးနှံအသုံးပြုနေသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် ဓာတ်ခွဲခန်းနှင့် သုတေသနလေ့လာစမ်းသပ်ရာတွင် စွမ်းရည်ထက်မြက်မှု (efficacy) ရှိသည်ကိုသာ သိရှိရသေးပြီး လက်တွေ့ပြင်ပတွင် စွမ်းရည်ထက်မြက်ခြင်း (effectiveness) မည်သည့် အတိုင်းအတာအထိရှိသည်ကို ဆက်လက်လေ့လာနေဆဲဖြစ်ပါကြောင်း။

ထို့အပြင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို နှစ်ကြိမ် ထိုးနှံပြီးနောက် ရောဂါကာကွယ်မှုစွမ်းရည် မည်မျှရှိမည်၊ ကာကွယ်နိုင်သည့် အချိန်ကာလအတိုင်းအတာ မည်မျှရှိမည် စသည့်အချက်များကိုလည်း ဆက်လက်လေ့လာနေဆဲဖြစ်ပါကြောင်း၊ ယခုရရှိသည့် သတင်းများအရ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် စွမ်းရည်ထက်မြက်ခြင်းရှိသည်ဟု သိရှိရပါကြောင်း၊ သို့ဖြစ်၍ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူဖြစ်စေ၊ မထိုးနှံရသေးသူဖြစ်စေ ကိုဗစ်-၁၉ ကာကွယ်ရေး နည်းလမ်းများကို ဆက်လက်၍ တိကျစွာ မဖြစ်မနေ လိုက်နာကျင့်သုံးနေရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုများဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးရှုထောင့်မှ အကြံပြုချက်များကို တင်ပြလျက်ရှိကာ အမျိုးသားအဆင့် ဗဟိုကော်မတီက လူမှုရေး၊ စီးပွားရေး စသည့်ရှုထောင့်အမျိုးမျိုးမှ စဉ်းစားဆုံးဖြတ်ကာ လမ်းညွှန်မှုများ ပေးအပ်လျက်ရှိပါကြောင်း။

**စားပွဲဝိုင်းလေ့ကျင့်ခန်းများ ပြုလုပ်ထား**

ကိုဗစ်-၁၉ ကာကွယ်ဆေးများရရှိစေရန်နှင့် ယခုပထမအသုတ်ရောက်ရှိပြီး ထိုးနှံရေးအတွက် ကာကွယ်ဆေးသိုလှောင်ခြင်း၊ အအေးလမ်းကြောင်း မပျက်စေဘဲပို့ဆောင်ခြင်း၊ စာရင်းများပြုစုခြင်း၊ ကာကွယ်ဆေးထိုးကတ်များ ပြုစုခြင်း၊ ကာကွယ်ဆေးထိုးအစီအစဉ်ရေးဆွဲခြင်း၊ ကာကွယ်ဆေးထိုးပြီး ဖြစ်ပွားတတ်သော နောက်ဆက်တွဲပြဿနာများ (AEFI) အတွက် စနစ်တကျ ကိုင်တွယ်စီမံနိုင်ရေး အစီအစဉ်များရေးဆွဲခြင်း စသည်တို့ကို ရေးဆွဲပြီးခဲ့သည့်အပြင် လုပ်ငန်းကိစ္စအဝဝကို ၂၄ နာရီပတ်လုံး ကြိုးပမ်းဆောင်ရွက်နေသည့် ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ တိုင်းဒေသကြီး/ပြည်နယ် ကာကွယ်ဆေးထိုးလုပ်ငန်း တာဝန်ခံများအပါအဝင် ပါဝင်ဆောင်ရွက်နေသူများအားလုံးကို ကျေးဇူးတင်ရှိ အသိအမှတ်ပြုပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ စားပွဲဝိုင်းလေ့ကျင့်ခန်း (tabletop exercise) များ ပြုလုပ်ထားကြပြီးဖြစ်သည့်အတွက် လက်တွေ့ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေမည်ဟု ထင်မြင်ပါကြောင်း။

**ဆက်သွယ်ချိတ်ဆက်မှု လုပ်ဆောင်**

ယခု ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရာတွင်လည်း တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ အနေဖြင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှတင်ပြကာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူ၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကြိုတင်ပြင်ဆင်မှုများရှိသော်လည်း မမျှော်မှန်းနိုင်သော ကိစ္စရပ်များရှိပါက အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ချက်ချဆောင်ရွက်ကြရမည်ဖြစ်ပြီး ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအကြား အမြဲတမ်း ဆက်သွယ်ချိတ်ဆက်မှုလုပ်ဆောင်ရန် လမ်းကြောင်းများလည်း ရေးဆွဲပြီးဖြစ်ပါကြောင်း၊ ပြည်သူများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာ သိရှိထားသင့်သည့်အချက်အလက် အကြောင်းအရာများကိုလည်း ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် ထုတ်ပြန်ထားပြီး ဆက်လက်၍လည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးစတင်ထိုးနှံရာတွင် တိုင်းဒေသကြီး/ပြည်နယ် နေရာဒေသအလိုက် ထိုးနှံရမည့်လူအရေအတွက်၊ လမ်းပန်းဆက်သွယ်ရေးအနေအထား၊ လုံခြုံရေး အနေအထား စသည်တို့ကြောင့် ထိုးနှံရက်အတိုင်းအတာသည် နေရာဒေသတစ်ခုနှင့်တစ်ခု ထပ်တူကျတူညီမှုမရှိနိုင်သဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက ဦးဆောင်ကာ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရာတွင် လူစုလူဝေးများဖြစ်ပွားခြင်းမရှိစေရန်အတွက် ထိုးနှံရမည့် လူဦးရေများပြားသည့် နေရာများတွင် နေ့ရက်နှင့် အချိန်ခွဲကာ ဆောင်ရွက်ခြင်းနှင့် ကာကွယ်ဆေးထိုးစုရပ်နေရာများကို စနစ်တကျ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယနေ့ သင်တန်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုအတွက် အကြောင်းအရာအမျိုးမျိုး၊ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအမျိုးမျိုးကို ထည့်သွင်းထားသည့်အတွက် လုပ်ငန်းဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း၊ သင်တန်းတွင် မရှင်းလင်းသည်များကို ပွင့်လင်းစွာမေးမြန်းခြင်းနှင့် ဆွေးနွေးခြင်းများ ပြုလုပ်စေလိုပါကြောင်း ပြောကြားသည်။

**တာဝန်ယူဆောင်ရွက်**

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း) ဒေါက်တာ ထားထားလင်းက ဗဟိုအဆင့်မွမ်းမံ ဆရာဖြစ်သင်တန်းကို ဇန်နဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အဆင့် မွမ်းမံသင်တန်းကို ဇန်နဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် တစ်ဆက်တည်းပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ မွမ်းမံသင်တန်းတက်ရောက်ပြီးသူများကသာ ဇန်နဝါရီ ၂၇ ရက်တွင် စတင်မည့် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမည့်လုပ်ငန်းတွင် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ဝန်ထမ်းအင်အားစာရင်း ကောက်ယူထား**

မြို့နယ်အဆင့်မွမ်းမံသင်တန်းကို ဇန်နဝါရီ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများကို ပထမဦးစားပေးအနေဖြင့် ထိုးနှံသည့်အခါ၌ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကျန်းမာရေးဝန်ထမ်းအင်အားစာရင်း၊ ဦးစီးဌာနအလိုက် ဝန်ထမ်းအင်အားစာရင်းကို ကောက်ယူထားရှိပြီးဖြစ်ပါကြောင်း။

ယခုပြုလုပ်သည့် သင်တန်း၏သင်ရိုးတွင် အခန်း(၆)ခုပါဝင်ပြီး အခန်း(၁)- နိဒါန်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာ အကြောင်းအရာ၊ အခန်း (၂) - ကိုဗစ်-၁၉ ကာကွယ်ဆေးများ သိုလှောင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ဖြန့်ဝေခြင်းနှင့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲခြင်း၊ အခန်း(၃)- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးစုရပ်များ စနစ်တကျစီစဉ်ဆောင်ရွက်ခြင်း၊ အခန်း (၄) - ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲပြဿနာများကို စောင့်ကြပ်စစ်ဆေးခြင်း၊ အခန်း (၅) -ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို မှတ်တမ်းတင်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း၊ အခန်း (၆) - ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်၍ ပြည်သူလူထုကို ဆက်သွယ်ပြောဆိုခြင်းတို့ ပါဝင်ပါကြောင်း။

ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲပြဿနာများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဖြစ်ပွားလာပါက အရေးပေါ်ကုသမှုပေးခြင်းတို့အတွက် လုပ်ငန်းလမ်းညွှန်ကို AEFI Committee နှင့် ဆွေးနွေးကာ ရေးဆွဲဖြန့်ဝေထားပြီးဖြစ်ပါကြောင်း၊ ဗဟိုအဆင့်ဆေးရုံကြီးများ၊ ကိုဗစ်-၁၉ ကုသရေးစင်တာများ၊ ကျန်းမာရေးဌာနများတွင် ကာကွယ်ဆေးထိုးနှံရမည့် လူဦးရေအလိုက် ကာကွယ်ဆေးထိုးစုရပ်များ ပြင်ဆင်ခြင်း၊ ကျန်းမာရေးအဖွဲ့ (Medical Team) များ ပြင်ဆင်ထားရှိခြင်းတို့ကို သက်ဆိုင်ရာ ဆေးရုံ/ ကျန်းမာရေးဌာနအလိုက် စီစဉ်ဆောင်ရွက်ထားရမည် ဖြစ်ပါကြောင်း။

**သီးခြားအစီအစဉ် ဆောင်ရွက်**

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းသည် အသက် (၁၈) နှစ်အထက် လူအုပ်စုများကို ထိုးနှံပေးရမည်ဖြစ်သည့်အတွက် ကာကွယ်ဆေးထိုးစုရပ်ကို ရောက်ရှိလာခြင်းသည် ကာကွယ်ဆေးထိုးရန် သဘောတူခြင်းဟု သတ်မှတ်သည့်အတွက် Consent Form မလိုအပ်ပါကြောင်း၊ ပဋိပက္ခဖြစ်ပွားနေသောနေရာများအတွက် သီးခြားအစီအစဉ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများမှ ပြန်လည်ဆွေးနွေးကြပြီး သင်တန်းအစီအစဉ်များကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က စတုတ္ထအကြိမ် ရေချိုငါးများ ဖြန့်ဖြူးရောင်းချ

**ရန်ကုန် ဇန်နဝါရီ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ပြည်တွင်းငါးစားသုံးမှု မြှင့်တင်ရန်နှင့် ရေထွက်ကုန်ပစ္စည်းများ လွယ်လင့်တကူ ဝယ်ယူနိုင်ရန်အတွက် သမဝါယမကဏ္ဍက No Profit, No Loss ဟူသောမူတစ်ရပ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က စတုတ္ထကြိမ်အဖြစ် ရေချိုငါးကြင်းဖြူ ပိဿာချိန် ၂၁၂ ပိဿာအား ပုဇွန်တောင်၊ စမ်းချောင်း၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံ(အရှေ့) မြို့နယ်များသို့လည်းကောင်း၊ ရေချိုငါးမြစ်ချင်း ပိဿာချိန် ၁၉၄ ပိဿာအား တာမွေ၊ အလုံ၊ ဒဂုံ(တောင်) နှင့် ဒဂုံ(မြောက်) မြို့နယ်များသို့ လည်းကောင်း ဇန်နဝါရီ ၂၃ ရက်တွင် စားသုံးသူပြည်သူများထံသို့ ဒေသပေါက်ဈေးထက် ထက်ဝက်မကသော ဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချခဲ့ပြီး ပြည်သူများကလည်း လတ်ဆတ်သော ရေချိုငါးများကို စားသုံးရသည့် အကျိုးကျေးဇူးများ ရရှိလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့နှင့် မင်းတပ်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့၊ တီးတိန်မြို့၊ ရမ်ကလောင်းနှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်သူ့အတွက် တရားမျှတမှု

## သန့်ဇင်(ပြည်ထောင်စုရှေ့နေချုပ်ရုံး)

**လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်ကျော်လောက်ကတည်းက အတွေးအခေါ်ပညာရှင် အရစ္စတိုတယ်က တရားဥပဒေစိုးမိုးရေး သို့မဟုတ် တရားဥပဒေဖြင့် အုပ်ချုပ်ခြင်းနဲ့ လူတစ်စု၊ လူတစ်ဖွဲ့က အုပ်ချုပ်ခြင်းတို့ကို ခွဲခြားသိမြင်ခဲ့ပါတယ်။ Rule of Law is better than any individual. “လူတစ်စု၊ လူတစ်ဖွဲ့က အုပ်ချုပ်ခြင်းထက် ဥပဒေဖြင့်အုပ်ချုပ်ခြင်းက သာလွန်ကောင်းမွန်တယ်” ဆိုပြီး သူ့ရဲ့အတွေးအခေါ်နဲ့ တရားဥပဒေစိုးမိုးရေးသဘောတရားကို အလင်းပြခဲ့ပါတယ်။**

ဒီမိုကရေစီစနစ်ကို ကူးပြောင်းကျင့်သုံးရာမှာ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှုများ ထိရောက်အောင်မြင်ရေးဟာ အရေးကြီးပါတယ်။ တရားဥပဒေစိုးမိုးမှုရှိမှသာ တရားမျှတမှု၊ လွတ်လပ်မှုနဲ့ သာတူညီမျှမှုတို့ကို ရရှိစေမှာဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးဟာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး ကဏ္ဍအားလုံးနဲ့ သက်ဆိုင်နေတာကြောင့် တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရာမှာ ကဏ္ဍပေါင်းစုံမှ သက်ဆိုင်သူများအားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အဲဒါကြောင့်လည်း ပြည်ထောင်စုအစိုးရက တရားမျှတမှုကဏ္ဍနဲ့ သက်ဆိုင်တဲ့ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ တရားမျှတမှုကဏ္ဍမှာ ပါဝင်ကူညီပံ့ပိုးဆောင်ရွက်နေကြတဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများအကြား လုပ်ငန်းများထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်စေရန်ရည်ရွယ်ပြီး “တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့” The Union Coordination Body for Rule of Law Centres and Justice Sector Affairs (UCB) ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှာ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ အဲဒီပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်၊ တရားလွှတ်တော်ရှေ့နေများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအပါအဝင် အဖွဲ့ဝင် ၁၇ ဦးနဲ့ ဖွဲ့စည်းထားပြီး ပြည်ထောင်စုရှေ့နေချုပ်က အဖွဲ့ရဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။

### နောက်ခံသမိုင်းကြောင်း

၂၀၁၃ ခုနှစ်မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ ဥရောပသမဂ္ဂတို့ပူးပေါင်းပြီး “တရားဥပဒေစိုးမိုးရေးလုပ်ငန်းနှင့် ရှေ့အလားအလာ” ခေါင်းစဉ်နဲ့ဆွေးနွေးပွဲတစ်ရပ်ကို အစပျိုးကျင်းပခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲဟာ တရားဥပဒေစိုးမိုးရေး ပိုမိုထိရောက်ကောင်းမွန်လာစေရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးက မဟာဗျူဟာစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်နိုင်ရေး၊ ထိရောက်တဲ့ ဥပဒေအထောက်အကူပြုယန္တရား ဖြစ်ထွန်းလာရေးတို့အတွက် တွန်းအားတစ်ရပ် ဖြစ်ခဲ့ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ယခင်ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က ယင်းရဲ့ရည်မှန်းချက်များနဲ့အညီ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နဲ့ပူးပေါင်းဆောင်ရွက်ပြီး တရားဥပဒေစိုးမိုးရေးစင်တာများ (Rule of Law Centres) ကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ UNDP ဟာ တရားဥပဒေစိုးမိုးရေးစင်တာများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနဲ့ မြစ်ကြီးနားတို့မှာ ဖွင့်လှစ်ပြီး အများပြည်သူကို ဥပဒေအသိပညာပေးမှုများ ပံ့ပိုးဆောင်ရွက်ခဲ့ပါတယ်။ အဲဒါအပြင် ဥရောပသမဂ္ဂရဲ့ ရန်ပုံငွေနဲ့ British Council ရဲ့ My Justice Program ဟာ ရန်ကုန်၊ မော်လမြိုင်၊ တောင်ငူ၊ ဘားအံ၊ တောင်ကြီး၊ မန္တလေးမြို့တွေမှာ My Justice Center တွေကို တည်ထောင်ပြီး ပြစ်မှုနဲ့ စွပ်စွဲခံရတဲ့ ဆင်းရဲနွမ်းပါးတဲ့သူတွေကို ဥပဒေဆိုင်ရာအထောက်အကူများ ပံ့ပိုးပေးခဲ့ပါတယ်။

အဲဒီလို Justice Center တွေ ပေါ်ပေါက်လာတဲ့အခါ နိုင်ငံတော်အစိုးရဟာ တရားမျှတမှုကဏ္ဍနဲ့ သက်ဆိုင်တဲ့အစိုးရဌာန၊ အဖွဲ့အစည်းများ၊ တရားမျှတမှုကဏ္ဍမှာ ပံ့ပိုးဆောင်ရွက်ပေးနေကြတဲ့ ပြည်တွင်းပြည်ပအဖွဲ့အစည်းများအကြား လုပ်ငန်းများ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ရည်ရွယ်ပြီး “တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့” ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှာ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ပါတယ်။

ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ရဲ့ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာလည်း ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများ (SCB) ကို ဖွဲ့စည်းခဲ့ပါတယ်။




အဲဒီလိုပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နဲ့ အဖွဲ့ခွဲများက မိမိတို့ရဲ့ လုပ်ငန်းတာဝန်များကို စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းစဉ်နဲ့ မဟာဗျူဟာတို့ လိုအပ်တာကြောင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ရဲ့ မဟာဗျူဟာတစ်ရပ် ရေးဆွဲချမှတ်နိုင်ရေးအတွက် သက်ဆိုင်တဲ့ ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်အသီးသီးတို့ရဲ့ အကြံပြုချက်များကို ရယူနိုင်ဖို့ “တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး” ညီလာခံတစ်ရပ်ကို ၂၀၁၈ ခုနှစ် မတ်လ ၇-၈ ရက်နေ့တို့မှာ နေပြည်တော်ရှိ ကွန်ဗင်းရှင်းစင်တာ (၂) မှာ ကျင်းပခဲ့ပါတယ်။ အဲဒီညီလာခံမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်အမှာစကား ပြောကြားခဲ့ပါတယ်။

### ပြည်သူ့အတွက်တရားမျှတမှု

ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဟာ အဲဒီညီလာခံကရရှိတဲ့ ရလဒ်များ၊ အကြံပြုချက်များကိုအခြေခံပြီး ပြည်သူ့အတွက်တရားမျှတမှု မဟာဗျူဟာစီမံကိန်း (၂၀၁၉ – ၂၀၂၃) ကို ရေးဆွဲနိုင်ခဲ့ပါတယ်။ အဲဒီမဟာဗျူဟာစီမံကိန်းကို မြန်မာနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Myanmar Sustainable Development Plan) ရဲ့ရည်မှန်းချက်များ၊ ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများ ပေါင်းစပ်ညှိနှိုင်းရေးယူနစ် (Development Assistance Coordination Unit) ရဲ့ ပေါင်းစပ်ညှိနှိုင်းရေးမူဘောင်များနဲ့အညီလည်း ရေးဆွဲထားခြင်းဖြစ်ပါတယ်။

### စံလုပ်ထုံးလုပ်နည်းများ

ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နဲ့ အဖွဲ့ခွဲများက တရားမျှတမှုအတွက် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြရာမှာ လုပ်ငန်းမူဘောင်များနဲ့ လုပ်ထုံးလုပ်နည်းများကို တိကျရှင်းလင်းစွာ ချမှတ်ထားခြင်းမရှိပါက လုပ်ငန်းဆောင်ရွက်ရာမှာ အခက်အခဲများ ကြုံတွေ့ရနိုင်တာကြောင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နဲ့ အဖွဲ့ခွဲများရဲ့လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ (SOP) ကိုလည်း ရေးဆွဲခဲ့ကြပါတယ်။ စံလုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုခဲ့တာကြောင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နဲ့အဖွဲ့ခွဲဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ၊ လွှတ်တော်များထံ ဖြန့်ဝေခဲ့ပါတယ်။ ယင်းစံလုပ်ထုံးလုပ်နည်းများကို အကျဉ်းချုံးတင်ပြလိုပါတယ်။

> **“Justice Center တွေ ပေါ်ပေါက်လာတဲ့အခါ နိုင်ငံတော်အစိုးရဟာ တရားမျှတမှုကဏ္ဍနဲ့ သက်ဆိုင်တဲ့ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ တရားမျှတမှုကဏ္ဍမှာ ပံ့ပိုးဆောင်ရွက်ပေးနေကြတဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများအကြား လုပ်ငန်းများ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ရည်ရွယ်ပြီး “တရားဥပဒေ စိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့” ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှာ ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့”**

### စံလုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းထား

တရားမျှတမှုမရှိခြင်းကြောင့် နစ်နာဆုံးရှုံးမှုဖြစ်တယ်လို့ ယူဆသူဟာ အဖွဲ့ သို့မဟုတ် အဖွဲ့ခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှမှတ်ပုံတင်စာနဲ့ဖြစ်စေ၊ ပြည်တွင်းပြည်ပ အမြန်ချောပို့စနစ်နဲ့ဖြစ်စေ တိုင်ကြားနိုင်တယ်။ သို့ရာတွင် အဖွဲ့ သို့မဟုတ် အဖွဲ့ခွဲသို့ တိုင်ကြားစာနဲ့ တိုင်ကြားခြင်းမပြုပေမယ့် အဖွဲ့ သို့မဟုတ် အဖွဲ့ခွဲများဟာ တရားမျှတမှုမရှိကြောင်း သို့မဟုတ် အမှန်တကယ် ပေါင်းစပ်ညှိနှိုင်းဖို့ သိသာထင်ရှားတဲ့ ကိစ္စရပ်မျိုးမှာ အစည်းအဝေး ဆုံးဖြတ်ချက်နဲ့ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနဲ့ ပေါင်းစပ်ညှိနှိုင်းမှု ပြုလုပ်နိုင်တယ်လို့ စံလုပ်ထုံးလုပ်နည်းများမှာ ပြဋ္ဌာန်းထားပါတယ်။

တိုင်ကြားစာမှာတော့ တိုင်ကြားသူရဲ့အမည်၊ အမြဲတမ်းနေရပ်လိပ်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ သို့မဟုတ် အခြားသက်သေခံကတ်ပြားတစ်ခုခု၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံနဲ့ ဖုန်းနံပါတ်တို့ ပါရှိရပါမယ်။ အဲဒါအပြင် တိုင်ကြားသူဟာ မည်ကဲ့သို့တရားမျှတမှုမရရှိကြောင်း၊ နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းတင်ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင်နှင့် အထောက်အထား မိတ္တူများလည်း ပါရှိရမှာဖြစ်ပါတယ်။

တိုင်ကြားစာများကို လက်ခံရရှိတဲ့အဖွဲ့ သို့မဟုတ် အဖွဲ့ခွဲဟာ တိုင်ကြားစာပါ အကြောင်းအရာကို အစည်းအဝေးမှာ တင်ပြဆွေးနွေးပြီး မည်ကဲ့သို့ ဆောင်ရွက်မည်ကို ဆုံးဖြတ်မှာဖြစ်ပါတယ်။

တိုင်ကြားစာပါအကြောင်းအရာနဲ့ စပ်လျဉ်းပြီး ဥပဒေအထောက်အကူပြုရန် လိုအပ်ပါက သက်ဆိုင်ရာ ဥပဒေအထောက်အကူပြုအဖွဲ့နဲ့ ဆက်သွယ်ခြင်း၊ တိုင်ကြားစာပါအကြောင်းအရာဟာ တည်ဆဲဥပဒေအရ ဆောင်ရွက်ရမယ့် ကိစ္စဖြစ်ကြောင်း ပေါ်ပေါက်ပါက အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ခွဲခေါင်းဆောင်ရဲ့ သဘောတူညီချက်နဲ့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်း သို့မဟုတ် တည်ဆဲဥပဒေများနဲ့အညီ ဆောင်ရွက်ရန် တိုင်ကြားသူအား အသိပေးပြောကြားခြင်းတို့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ကွင်းဆင်းလေ့လာစိစစ်ရန်လိုအပ်ပါက ကွင်းဆင်းလေ့လာစိစစ်ရေးအဖွဲ့ကို အဖွဲ့ဝင်သုံးဦးနဲ့ဖွဲ့စည်းပြီး အဲဒီကွင်းဆင်းလေ့လာစိစစ်ရေးအဖွဲ့က အခင်းဖြစ်ပွားရာဒေသသို့ ကွင်းဆင်းပြီး ကွင်းဆင်းလေ့လာစိစစ်တဲ့ကိစ္စနဲ့ ပတ်သက်ဆက်စပ်သူများကို တွေ့ဆုံမေးမြန်းခြင်း၊ တိုင်ကြားချက်နဲ့ စပ်လျဉ်းတဲ့ အထောက်အထားများမှန်ကန်မှု ရှိ မရှိ စိစစ်ကြည့်ရှုမှတ်တမ်းတင်ခြင်း၊ အထောက်အထားအသစ်များ တွေ့ရှိပါက စိစစ်လက်ခံမှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်မှာဖြစ်ပါတယ်။

အဖွဲ့ သို့မဟုတ် အဖွဲ့ခွဲဟာ ကွင်းဆင်းလေ့လာစိစစ်ရေးအဖွဲ့ရဲ့ စိစစ်တွေ့ရှိချက်အရ တိုင်ကြားတဲ့အကြောင်းအရာဟာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားခြင်း သို့မဟုတ် တည်ဆဲဥပဒေများနဲ့အညီ ဆောင်ရွက်ရန် တိုင်ကြားသူအား အသိပေးခြင်းတို့ ပြုလုပ်မှာဖြစ်ပါတယ်။

အဖွဲ့ သို့မဟုတ် အဖွဲ့ခွဲများရဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ တိုင်ကြားစာပါကိစ္စအား သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ တာဝန်ရှိသူကို အဖွဲ့ သို့မဟုတ် အဖွဲ့ခွဲသို့ ဖိတ်ကြားဆွေးနွေးခြင်း သို့မဟုတ် စာနဲ့ အကြောင်းကြားစာပေးပို့ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှာဖြစ်ပါတယ်။

အဖွဲ့ သို့မဟုတ် အဖွဲ့ခွဲဟာ ကွင်းဆင်းလေ့လာစိစစ်ရေးအဖွဲ့ရဲ့သုံးသပ်တင်ပြချက်အပေါ် စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ တာဝန်ရှိသူကို ဖိတ်ကြားကာ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခြင်း သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသို့ စာဖြင့် အကြောင်းကြားခြင်းပြုမှာ ဖြစ်ပါတယ်။

အဖွဲ့ သို့မဟုတ် အဖွဲ့ခွဲက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ ပေးပို့မည့် ပေါင်းစပ်ညှိနှိုင်းရန် အကြောင်းကြားစာမှာ နစ်နာမှုဖြစ်ပေါ်နေသော အကြောင်းအရင်း၊ ကွင်းဆင်းလေ့လာစိစစ်မှု ရှိပါက ကွင်းဆင်းလေ့လာစိစစ်ရေးအဖွဲ့ရဲ့ တွေ့ရှိချက်နှင့် သုံးသပ်ချက်များ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက ဆောင်ရွက်ပေးသင့်တဲ့ ပေါင်းစပ်ညှိနှိုင်းပေးရမယ့် အကြောင်းအရာ၊ အကြောင်းပြန်ကြားပေးစေလိုတဲ့ သတ်မှတ်ကာလတို့ ပါဝင်မှာဖြစ်ပါတယ်။

သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းဟာ လိုအပ်သလိုဆောင်ရွက်ပြီး အဖွဲ့ သို့မဟုတ် အဖွဲ့ခွဲသို့ ပြန်ကြားရမှာဖြစ်ပါတယ်။

အဖွဲ့ခွဲဟာ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းထံမှ ပြန်ကြားချက်ကို သတ်မှတ်ကာလအတွင်း လက်ခံရရှိခြင်းမရှိပါက ထပ်မံညှိနှိုင်းအကြောင်းကြားရမှာဖြစ်ပြီး ထပ်မံအကြောင်းကြားပေမယ့် ပြန်ကြားခြင်းမရှိပါက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြညှိနှိုင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

အဖွဲ့ခွဲရဲ့ တင်ပြချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့က သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ကြီးကြပ်ဆောင်ရွက်ရန်၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နဲ့ စစ်ဆေးရန် ညွှန်ကြားထားရှိမှုအပေါ် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက လိုက်နာဆောင်ရွက်ဖို့ အားနည်းကြောင်း တွေ့ရှိရပါက အဖွဲ့ခွဲဟာ အဖွဲ့ထံတင်ပြရမှာ ဖြစ်ပါတယ်။

အဖွဲ့ဟာ အဖွဲ့ခွဲက တင်ပြလာတဲ့ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းထံမှ ပေါင်းစပ်ညှိနှိုင်းခြင်း သို့မဟုတ် အကြောင်းပြန်ကြားခြင်းမရှိတဲ့ ကိစ္စရပ်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်ရမှာဖြစ်ပါတယ်။

အဖွဲ့ သို့မဟုတ် အဖွဲ့ခွဲဟာ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက ဆောင်ရွက်ထားရှိမှု ပြန်ကြားချက်အပေါ် စိစစ်သုံးသပ်ပြီး လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းထံ လိုအပ်ချက်များ ဖော်ပြကာ ထပ်မံညှိနှိုင်းအကြောင်းကြားခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက ဆောင်ရွက်ချက်ပြန်ကြားတဲ့အခါ အသိပေးရန် လိုအပ်တဲ့ ဆောင်ရွက်ချက်ကို

*စာမျက်နှာ ၇ သို့*

# ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၃



**ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံအစိုးရ ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိရာ ထိုပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြသည်။

ထို့ပြင် မြန်မာနိုင်ငံအစိုးရက ရခိုင်ပြည်နယ်အတွင်း လိုအပ်လျက်ရှိသော လူမှုသဟဇာတဖြစ်ရေး၊ အခြေခံလူ့အခွင့်အရေးများ ရရှိရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မကြာသေးမီက ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)မှတစ်ဆင့် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့မှုများနှင့် အဆိုပါပစ္စည်းများကို ရခိုင်ပြည်နယ် အစိုးရမှတစ်ဆင့် သက်ဆိုင်သူများထံသို့ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်နေမှုများ၊ ဆက်လက်ပူးပေါင်းကူညီမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

KOICA အနေဖြင့်လည်း အခြား မဲခေါင်ဒေသနိုင်ငံများဖြစ်သည့် လာအို၊ ကမ္ဘောဒီးယားနိုင်ငံများတွင် မိုင်းအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အကူအညီများ မြောက်မြားစွာ ပေးအပ်လျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း မိုင်းအန္တရာယ်ဆိုင်ရာ လုပ်ငန်းစဉ်များတွင် အကူအညီများ တိုးမြှင့်ပေးအပ်နိုင်ရေး၊ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ (ICRC) စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ တစ်ဆင့် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်နေမှုများနှင့် ပိုမိုပူးပေါင်းကူညီရန်အစီအစဉ်များ၊ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အထောက်အကူ ဖြစ်စေရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ AHA Centre နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ခဲ့သည့် ကနဦးလိုအပ်ချက်ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာကို ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ထိုအစီရင်ခံစာပါလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အာဆီယံ- ကိုရီးယားရန်ပုံငွေမှတစ်ဆင့် FM ရေဒီယိုများ ဖြန့်ဝေပေးခြင်းဆိုင်ရာ စီမံချက်တစ်ခုကို ငွေကြေးထောက်ပံ့ပေးမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း အမျိုးသမီးနှင့်လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် လူမှုသဟဇာတ မျှတရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ KOICA တို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် မှော်ဘီနှင့် ရွှေပြည်သာမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်များကို တက်ရောက်ဖွင့်လှစ်ပေး

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးရန်ပုံငွေဖြင့်တည်ဆောက်ပြီးစီးခဲ့သည့် မှော်ဘီနှင့်ရွှေပြည်သာမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ် ဖွင့်လှစ်ခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါမြို့နယ်ဥပဒေရုံးသစ် အဆောက်အအုံများတွင် ကျင်းပသည်။

ဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးဥပဒေချုပ် ဒေါ်ခင်မျိုးကြည်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဥပဒေရုံးများတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် တရားစီရင်ရေးကိစ္စရပ်များနှင့် အခြားသော ဥပဒေရေးရာကိစ္စရပ်များကို အမြဲတမ်းလေ့လာဆန်းစစ်မှုများပြုလုပ်ရန်လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံတကာနှင့်ယှဉ်တွဲပြီး မိမိတို့နိုင်ငံတွင် ဆောင်ရွက်မည့် နယ်ပယ်ကဏ္ဍမျိုးစုံတွင် ပြောင်းလဲလာသော ခေတ်စနစ်ပုံသဏ္ဍာန်များအရ ဥပဒေရေးရာကိစ္စရပ်များကို ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ရုံးသစ်အဆောက်အအုံဖွင့်ပွဲတွင် ပြောကြားသည်။

မှော်ဘီမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်ဥပဒေရုံး အဆောက်အအုံသစ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဝန်ကြီးချုပ်က ရုံးသစ်ဆိုင်းဘုတ်များကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြို့နယ်အဆောက်အအုံသစ်နှင့် အဆောက်အအုံမှတ်တမ်းအထောက်အထားများကို ဆောက်လုပ်ခွင့်ရ ကုမ္ပဏီတာဝန်ရှိသူများက ပေးအပ်ရာ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးငွေအောင်က လက်ခံယူပြီး အဆိုပါ အဆောက်အအုံများမှာ RC နှစ်ထပ်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**

# ရခိုင်ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနှင့် သံတွဲခရိုင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးကျင်းပ

**သံတွဲ ဇန်နဝါရီ ၂၃**

ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းနှင့် သံတွဲခရိုင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးကော်မတီတို့တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးက အမှာစကားပြောကြားရာတွင် သံတွဲနှင့် ငပလီကြားရှိ စက်မှုဝန်ကြီးဌာနပိုင် ရော်ဘာခြံကို ပြန်လည်ရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရရှိပါက ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဝေးပြေးကားဝင်းနှင့် ညဈေးတန်း၊ အဆင့်မြင့်ဈေး၊ အဆင့်မြင့်တန်ဖိုးနည်းအိမ်ရာ စီမံကိန်း၊ တိုင်းရင်းသားကျေးရွာတစ်ခု တည်ဆောက်ရေးလုပ်ငန်းများကို စီမံချက်များ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသတွင်း ရှိရင်းစွဲ ခရီးစဉ်နေရာများကို ရေရှည်တည်တံ့စေရန်နှင့် သန့်ရှင်းသာယာလှပစေရန် ဝိုင်းဝန်းထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ၊ ခရီးစဉ်ဒေသသို့ လာရောက်လည်ပတ်ကြမည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ စနစ်တကျရှိစေရေးနှင့် လုံခြုံမှုရှိစေရေးဆိုင်ရာ ကိစ္စရပ်များကို Master Plan အခြေခံပြီး ငါးနှစ်တာ Action Plan ရေးဆွဲဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ထို့နောက် သံတွဲခရိုင် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က ကိုဗစ်-၁၉ ကာလအတွင်းဖွင့်လှစ်မည့် လိုင်စင်ရဟိုတယ်နှင့် တည်းခိုရိပ်သာများအနေဖြင့် ကျန်းမာရေးနှင့်အညီ စနစ်တကျဝန်ဆောင်မှု ပေးနိုင်ရေးအတွက် ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ခရီးစဉ်နေရာအသစ်များ ဖော်ထုတ်ခြင်းနှင့် ပြည်တွင်း၊ ပြည်ပမှ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် မြှင့်တင်ကြေညာခြင်းဆိုင်ရာ ကိစ္စရပ်များ၊ သက်ဆိုင်ရာ ခရီးစဉ်ဒေသအတွက် တစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် Action Plan ရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များ၊ ဌာနမှ ခွင့်ပြုထုတ်ပေးနေသည့် လိုင်စင်အရပ်ရပ်အတွက် ကြီးကြပ်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကာလအတွင်းနှင့် ကိုဗစ်-၁၉ အလွန်ကာလတို့အတွက် ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ပတ်သက်ပြီး ဆောင်ရွက်နေသည့် အစီအမံများနှင့် အထောက်အကူပြုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ခရိုင်ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ခရီးစဉ်ဒေသစီမံခန့်ခွဲရေး အဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် ပြီးစီးခဲ့သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေး ကော်မတီအတွင်းရေးမှူး ဒုဥက္ကဋ္ဌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကြွေအေးနှင့် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်းနှင့် တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များက ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ခရီးစဉ်ဒေသအသစ်များ ဖော်ဆောင်နိုင်မည့် အခြေအနေများ၊ တစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် Action Plan ရေးဆွဲနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြရာ ပြည်နယ်ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

တိုင်ကြားသူထံအဖွဲ့ သို့မဟုတ် အဖွဲ့ခွဲ အနေနဲ့ အသိပေးအကြောင်းကြားမှာ ဖြစ်ပါတယ်။

အထက်ပါတင်ပြခဲ့တဲ့အချက်တွေကတော့ တရားဥပဒေစိုးမိုးရေးဌာနနဲ့ တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နဲ့ အဖွဲ့ခွဲတို့ရဲ့ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ (SOP) မှ သိသင့်တဲ့ အချက်များကို အကျဉ်းချုပ်ကောက်နုတ်တင်ပြချက်များ ဖြစ်ပါတယ်။

တရားမျှတမှုရရှိရေးဆိုရာမှာ တရားရုံးမှာရင်ဆိုင်နေရတဲ့ အမှုအခင်းကိစ္စတစ်မျိုးတည်းကို ဆိုလိုခြင်းမဟုတ်ဘဲ အစိုးရဌာန၊ အဖွဲ့အစည်းများက ဆောင်ရွက်တဲ့ စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်များလည်း ပါဝင်ပါတယ်။

အစိုးရဌာန၊ အဖွဲ့အစည်းများကလည်း တရားဥပဒေစိုးမိုးရေးဌာနနဲ့ တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ရဲ့ရည်ရွယ်ချက်နဲ့ စံလုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်ပြီး အဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ကာ ပြည်သူများ တရားမျှတမှုရရှိစေရန် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ တရားမျှတမှုကို လက်လှမ်းမီစေရေး တို့ဟာ နိုင်ငံတော်အစိုးရရဲ့ မျှော်မှန်းချက်တစ်ရပ်ဖြစ်သလို ပြည်သူများရဲ့ မျှော်လင့်ချက်လည်း ဖြစ်ပါတယ်။ အဲဒီမျှော်မှန်းချက်၊ မျှော်လင့်ချက်တို့ ပြည့်ဝစေရေးအတွက် တရားဥပဒေစိုးမိုးရေးဌာနနဲ့ တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နဲ့အဖွဲ့ခွဲများရဲ့ ဆောင်ရွက်ချက်များဟာ နိုင်ငံတော်က ဆောင်ရွက်နေတဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက အထောက်အပံ့ဖြစ်စေပါတယ်။

ပြည်သူတွေအနေနဲ့လည်း ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နဲ့ အဖွဲ့ခွဲများရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိပြီး တရားမျှတမှုမရှိခြင်းကြောင့် နစ်နာဆုံးရှုံးမှုဖြစ်ရတယ်လို့ ယူဆရတဲ့အခါ၊ တွေ့ကြုံရတဲ့အခါ တရားမျှတမှုရရှိစေရေးအတွက် တရားဥပဒေစိုးမိုးရေးဌာနနဲ့ တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နဲ့ အဖွဲ့ခွဲများထံ တင်ပြဆောင်ရွက်နိုင်ရန် အဖွဲ့နဲ့ အဖွဲ့ခွဲများရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြလိုက်ရပါတယ်။ ။

# မြန်မာ့အသံရေဒီယို

**မင်းချမ်းမွန်**

**ပန်းစံပယ်
နန်းလယ်မပေါ်ခိုက်တာမို့
အလိုက်တော်တန်သင့်ရှုပ
ခံပွင့်ကိုကုံး။
နန်းရဝေ
မန်းမြေမှာစံပယ်လှိုင်တော့
ခံပန်းခိုင်ယာယီရွှေ့ရတယ်
တောလေ့ရွာသုံး။**

ကျွန်တော်ရေဒီယိုအကြောင်း ပြန်ပြောင်းစဉ်းစားမိတိုင်း "ခံပွင့်" ကဗျာလေးကို သတိရနေမိပါသည်။

ကျွန်တော်၏ ငယ်ဘဝစာမျက်နှာတွင် စိတ်နှလုံးကြည်လင်ပျော်ရွှင်စေရန် ရှေးဦးစွာ ဆုံစည်းသည်က ရေဒီယိုမဟုတ်ပါချေ။ နှစ်ခြိုက်စွာ ပွေ့ပိုက်ခဲ့ရသည်က မဟော်ဂနီရောင် အသံမှော်သေတ္တာတစ်လုံးပဲ ဖြစ်ပါသည်။ အလျားအနံ တစ်ပေခွဲ၊ တစ်ပေနှင့် အမြင့်တစ်ပေခန့်ရှိ ဓာတ်စက်ဖြစ်၏။ သီချင်းများကို ထွက်ပေါ်စေသဖြင့် စက်သီချင်းဟုလည်း ခေါ်ပါသည်။

အော်လန်တစ်ခုရှေ့တွင် ဆောင့်ကြောင့်ထိုင်နေသော နားရွက်ကုပ်ခွေးတစ်ကောင် တံဆိပ်ပါသည့် အိုလံပီယာ ဓာတ်စက်ပင်ဖြစ်သည်။ အဖုံးကိုဖွင့်ပြီး ဓာတ်ပြားကို ထည့်ရသည်။ သံပတ်ကိုတင်းအောင်လှည့်ကာ အပ်သွားခေါင်းကို ဓာတ်ပြားပေါ်တင်သည်နှင့် သီချင်းသံထွက်ပေါ်လာလေသည်။ အသံအတိုးအလျှော့ကိုတော့ လုပ်လို့မရ။ ဓာတ်ပြားက ထွက်ပေါ်သည့်အသံအတိုင်းသာ နားသောတဆင်ရသည်။

ကျွန်တော်တို့အိမ်မှာ ဓာတ်ပြားများစွာရှိသည်။ အိုလံပီယာတံဆိပ်၊ ဗြိတိသျှဘားမား၊ အေဝမ်း၊ ပဒေသာတံဆိပ်ပါ ဓာတ်ပြားများဖြစ်၏။ ရွှေညာမောင်၊ ခင်မောင်ရင်၊ မောင်ပွကြီး၊ အေဝမ်းတင်မောင်၊ မေရှင်၊ စိန်ပါတီ၊ မကြည်အောင်၊ မအေးမိတို့၏သီချင်းများ။ ထို့ပြင် ဂရိတ်ဦးဖိုးစိန်၏ မဟာဒုက်ဇာတ်၊ စိန်အောင်မင်း၏ ဒီဃာဝုဇာတ်ထုပ်၊ ရွှေကျီးညို၊ ပဲခူးမြတို့၏ သဒ္ဓါသုမနဇာတ်ထုပ်တို့ရှိသည်။

ရေဒီယိုပင် မရှိသေးသောရွာမှာ ဓာတ်စက်က မျက်နှာကြီးသည်။ တော်ရုံတန်ရုံအလှူ၊ ဆွမ်းကျွေးလုပ်လျှင် အလှူရှင်တွေက ဖျော်ဖြေရေးအလို့ငှာ ဓာတ်စက်ကို လာရောက်ငှားရမ်းတတ်ကြ၏။ ထိုအခါ အစ်မကြီးက ညနေကစ၍ နောက်တစ်နေ့ မနက်အလှူပြီးသည်အထိ ဓာတ်စက်လိုက်ဖွင့်ပေးရာ ဝန်ဆောင်ခအဖြစ် ငါးကျပ်ရသည်။ တစ်ပြား နှစ်ပြားပင် တန်ဖိုးရှိသော ပြားခေတ်မို့ ငါးကျပ်ဟူသော အဖိုးအခမှာ မနည်းလှဟု ဆိုနိုင်ပါသည်။

အလှူအိမ်များသို့ အစ်မကြီးက ဓာတ်စက်အငှားသွားဖွင့်ရသည့်အခါ တောက်တိုမယ်ရအဖြစ် ကျွန်တော်ပါရစမြဲဖြစ်သည်။ ဓာတ်ပြားရွေးခြင်း၊ အပ်သွေးခြင်း၌ ကျွန်တော်ကူညီပေးရ၏။ ဘိုးဘိုးဘွားဘွားနှင့် သက်ကြီးရွယ်အိုများက ဆေးလိပ်ဖွာရင်း၊ ကွမ်းဝါးရင်း ခင်မောင်ရင်ရဲ့ စကြာသိုက်ဖွင့်ပါဦး၊ မေရှင်ရဲ့ ဝေ့လယ်လယ်ဖွင့်ပါဦးဟု ပွဲတောင်းလာလျှင် ကျွန်တော်မျက်နှာလုပ်ကာ ဓာတ်ပြားရှာဖွင့်ပေးရသည်။ ညဉ့်နက်ပိုင်းရောက်လာပြီဆိုလျှင်တော့ ဂရိတ်ဦးဖိုးစိန်၊ စိန်အောင်မင်းနှင့် ရွှေကျီးညို၊ ပဲခူးမြတို့ အလှည့်ကျလေပြီ။ အချို့ဆို ပက်လက်လှန်အိပ်ပြီး မြိန်ရေရှက်ရေ နားသောတပန်ဆင်ကြတာ အပ်ကျသံပင် ကြားရသည်အထိ။ သူ့အရပ်နှင့်သူ့ဇာတ် ဟုတ်လို့။

ဓာတ်စက်နှင့် ရေစက်ဆုံ ကြီးပြင်းခဲ့ရသည့်အတွက် အကျိုးဆက်အနေဖြင့် ကျွန်တော်သည် ဂီတအနုပညာကို ချစ်တတ်လာပြီး ဓာတ်ပြားထဲရှိသမျှ သီချင်းတွေကို လိုက်ဆိုရင်းမှ အလွတ်နီးပါးရလာသည်။ အသံကောင်းတာ မကောင်းတာ တစ်ပိုင်းဖြစ်သော်လည်း သီချင်းကို စည်းဝါးကိုက် ဌာန်ကရိုဏ်းကျကျ ဆိုတတ် ဟဲတတ်တာ အမြတ်ပဲဖြစ်သည်။

* * *

ကျွန်တော်လေးတန်းအရောက်မှာတော့ မိသားစုအားလုံး မော်လမြိုင်မြို့သို့ အသိုက်ပြောင်းသွားကြသည်။ ထိုအခါ ဓာတ်စက်လည်းပါလာသည်။ သို့သော် မြို့ပေါ်မှာကား ဓာတ်ပြားသီချင်းထက် ရေဒီယိုက ပိုခေတ်စားလာသည်။ ပါဝါအဖွင့်အပိတ်နှင့် အသံအတိုးအမြှင့်လုပ်ရသော ခလုတ်နှစ်ခုပါ ဖီးလစ်ရေဒီယိုအိုကြီးတွေဆိုလျှင် အိမ်ဦးဧည့်ခန်းမှာ မျက်နှာပန်းလှလှ နေရာရကြ၏။ အချို့ဆိုလျှင် မှန်ဗီရိုနှင့်ပင် တခမ်းတနားထည့်ထားကြသည်။




ထူးခြားတာတစ်ခုက ရေဒီယိုကား ဓာတ်စက်လို ကြိုက်သည့်အချိန် ဖွင့်လို့မရ။ သူ့အချိန်နှင့်သူလာသည်။ သူ့အချိန်နှင့်သူရပ်သည်။ သို့သော် တေးသီချင်းတွေအပြင် သတင်းတွေ၊ ဗဟုသုတရစရာတွေပါလာသည်။ ပြီးတော့ ဇာတ်လမ်းပမာနားဆင်စရာ၊ ဘဝကြေးမုံဇာတ်လမ်းစုံ၊ နာရီဝက် ၄၅ မိနစ်စာခန့်ရှိ အသံလွှင့်ဇာတ်တွေ ထုတ်လွှင့်လာသည်။ မင်္ဂလာရွှေမောင်းသံ၊ ဒေါ်ရီကြိန်၏ ပြောပါရစေရှင်၊ ဒေါ်စောမုံညင်း၏ အမျိုးသမီးရေးရာ ယဉ်ကျေးမှုအဖြာဖြာတွေ၊ စာသံပေသံကာရန်နဘေတို့ဖြင့် ဝေဆာအောင် ပြောတတ်သည့် ကနီဦးလူညွန့်၊ စာပေယဉ်ကျေးမှုအကြောင်း ထောင်းထောင်းကြေမျှ ကျကျနန ဟောပြောတတ်သူ ဆရာကြီး ရွှေပြည်ဦးဘတင်၊ ဆရာကြီး ဦးဂုဏ်ဘဏ်တို့၏ ဟောပြောချက်တွေကလည်း မြန်မာ့အသံ၏ ပညာပေးရန်ကဏ္ဍအတွက် တစ်တပ်တစ်အားပါပေ။

မြန်မာ့ဆိုင်းပညာကဏ္ဍဆိုလျှင် ရွှာစားကြီး စိန်ဗေဒါ၏လက်သံကို မီလုနီးပါးတီးနိုင်သည့် ရွှာစားကြီး စိန်ဗိုလ်တင့်၏ ကျေးလက်တေးသံများကို နားဆင်ရ၏။ ၈ နာရီသတင်းမလာမီ အကြိုလွှင့်နေကျဖြစ်သည့် ရွှာစားကြီး စိန်ဘမောင်၏ နာမည်ကျော်စံတော်ချိန် တီးလုံးကလည်း ထင်ရှားသည်။ ယနေ့အထိ နားထဲကြားယောင်၏။ ထိုတီးလုံးလာလျှင် ၈ နာရီထိုးပြီ၊ သတင်းလာတော့မည်ကို ပြည်သူတို့ ကြိုသိနေကြသည် မဟုတ်လား။ ထို့ပြင် သီချင်းကြီးကဏ္ဍနှင့် သီချင်းကြီးတေးသရုပ်ဖော်အဖြစ် ဆရာမောင်ကြည်ရှင်၏တင်ဆက်မှုတွေကို မြန်မာမှုစစ်စစ်ချစ်မြတ်နိုးသူ သက်ကြီးပိုင်းတွေက ကြိုက်နှစ်သက်ကြသည်။ လူငယ်တွေကတော့ ကာလပေါ်တေးတွေပေါ့။ အပျော်တမ်းတူရိယာဝိုင်းတွေကလည်း များပါဘိ။

ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝက ဆိုလျှင် ဘောလုံးအားကစား အထူးရေပန်းစားလှူကြိုက်များသည်။ မြန်မာ့ဘောလုံးအားကစား အဆင့်အတန်းလည်း မြင့်မားခဲ့သည်။ ဗဟာဒူး၊ ဘပု၊ အောင်ခင်၊ စိုးမြင့်၊ အေးမောင်ကြီး၊ အေးမောင်လေး၊ ဝင်းမောင်၊ လှကြည်၊ ဂိုး ခင်မောင်ထွန်း။ ဂိုး တင်အောင်တို့ နာမည်ကြီးလှ၏။ သူတို့ခေတ်တုန်းက အရှေ့တောင်အာရှ မာဒေးကားပွဲသာမက အာရှချန်ပီယံပင် ဖြစ်ခဲ့သည်ထင်၏။ ထိုအချိန်မှာ ပြည်တွင်း၌ တိုင်းနှင့်ပြည်နယ်ဘောလုံးပြိုင်ပွဲက အကြီးမားဆုံး၊ လူတွေစိတ်ဝင်တစား အားအပေးကြဆုံးပွဲများလည်းဖြစ်ကြသည်။ ရန်ကုန်အောင်ဆန်းကွင်းမှာပဲ ပွဲကျင်းပသည့်အတွက် နယ်ပရိသတ်များအဖို့ ကြည့်ရှုအားပေးခွင့်မရ၍ မချိတင်ကဲဖြစ်ကြရသည်။

ကျွန်တော် မှတ်မိပါသေးသည်။ ဆိုခဲ့ပါဘောလုံးအာသာဆန္ဒကို တစ်ဖက်တစ်လမ်းမှ ရရှိစေခြင်းငှာ မြန်မာ့အသံက ပွဲကစားပုံအသေးစိတ်ကို အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့သည့်အတွက် ဘောလုံးချစ်ပရိသတ်များ၏ တစ်ခဲနက်အားပေး ကျေးဇူးတင်ခြင်းခံခဲ့ရတာအမှန်။

အဲဒီအချိန်တုန်းက ဘောလုံးပွဲနတ်ကား အလွန်ကြီးသည်။ နယ်မှာနေထိုင်ကြသည့် ကျွန်တော်တို့လို ဘောလုံးဝါသနာအိုးတွေက ဘောလုံးပွဲမစခင်ကတည်းကပင် ရေဒီယိုအနားမှာ စည်ကားနေပြီ။ ဟော ... ပြောရင်းဆိုရင်း တနင်္သာရီတိုင်းအသင်းက ဘောလုံးရပြီ။ ကိုကိုကြီးခြေထဲမှာ ...၊ ကိုကိုကြီးကလိမ်တယ်...ဆွဲတယ်၊ နောက်တစ်ယောက်ကို ဆက်ခေါက်ပြီး အောင်ခင်ကို ဖြတ်ပို့တယ်၊ အောင်ခင်က မနားတမ်းကန်တယ်၊ သွင်းတယ် ...ဂိုးပါတယ်ခင်ဗျား။ ဒါကြောင့် အခုဆို တနင်္သာရီတိုင်းအသင်းကတစ်ဂိုး၊ ရောဝတီတိုင်းအသင်းက ဂိုးမရှိ။ တစ်... သုညပေါ့ခင်ဗျား ...ဟု ရေဒီယိုထဲက ထွက်ပေါ်လျက်ရှိရာ ဂိုး ...ဆိုသည်နှင့် အားလုံးက လက်သီးလက်မောင်းတန်း၍ ထခုန်ကြရာ ရေဒီယိုပင် ဝိုင်းလယ်မှာ ခုန်ဆွခုန်ဆွဖြစ်နေသလား ထင်ရသည်။ ပါးစပ်ဖြင့်ကန်ကာ တိုက်ရိုက်ထုတ်လွှင့်မှုကလည်း မျက်စိထဲမြင်ရလောက်သည်အထိ အသေးစိတ်အစီရင်ခံပေးနေတာမို့ ပွဲအခြေအနေကို ချက်ချင်းသိရသည်မှာ မြန်မာ့အသံရေဒီယို၏ ပြန်ကြားပေးချက်ကြောင့် ဖြစ်ပါသည်။ သို့ဖြင့် မြန်မာ့အသံကို ကျေးဇူးတင်ကြရသည်။

ကျွန်းဆွယ်ပွဲ၊ မာဒေးကားပွဲ၊ အရှေ့တောင်အာရှပွဲ၊ အာရှပွဲတွေဆိုလျှင်လည်း 'မြန်မာနိုင်ပြီ၊ ဒို့မြန်မာနိုင်ပြီ ...' သီချင်းဖြင့် ပြည်သူများနှင့်အတူ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့တာလည်း မြန်မာ့အသံပါ။

* * *

နောက်ပိုင်းတွင် အိမ်ဦးဧည့်ခန်း၌ ခံ့ညားထည်ဝါစွာ နေရာယူခဲ့သော အလုံးခပ်ကြီးကြီး ရေဒီယိုနေရာဝယ် ခရီးဆောင်အရွယ် ရေဒီယိုငယ်လေးတွေ ဝင်ရောက်လာသည်။ ဖီးလစ်တို့၊ ပင်နာဆိုးနစ်၊ ဆိုနီတို့ ခေတ်စားလာသည်။ မကြာမီပင် ရေဒီယိုနေရာ၌ ကက်ဆက်တွေ ရောက်လာကြသည်။ ကက်ဆက်က စီ ၆၀ တိပ်ခွေနှင့် ဖွင့်ရရာ ရေဒီယိုပါတွဲထားသဖြင့် ပိုအဆင်ပြေသည်။

သို့သော်လည်း အသစ်အဆန်းအပေါ် အာရုံပိုကျတတ်သည့် လူ့သဘာဝအရ အချိန်မရွေး တိပ်ခွေဖြင့်ဖွင့်ပြီး နားထောင်ရသော ကက်ဆက်ခေတ် ကြီးထွားလာသည်။ သီချင်းခွေ၊ တရားခွေ၊ ဇာတ်လမ်းခွေတွေက ခေတ်စားလာသည်။ ဘီအီးဒီအောင်သိုက်၊ ကောလိပ်ဂျင်နေဝင်း၊ တွံတေးသိန်းတန်၊ မောင်ကြေးမုံတို့၏ ကက်ဆက်ခွေ ဇာတ်လမ်းလှိုင်းလုံး ရိုက်ခတ်မှုဒဏ်ကို မြန်မာ့အသံရေဒီယိုက အတော်ခံခဲ့ရသည်။

ယဉ်ကျေးမှု မျက်နှာစာမှာ သူ့ထက်ငါ ဆိုသလို လူစွမ်းကောင်းတွေ ပေါ်လာသည်။

၁၉၈၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာသည့် ရောင်စုံရုပ်မြင်သံကြားက တော်တော်တန်ခိုးကြီးသည်။ အသံကြားရုံမက ရုပါရုံရုပ်အဆင်းနှင့် သရုပ်ဆောင်တွေကိုပါ အရှင်လတ်လတ် မြင်တွေ့ရသဖြင့် ပုထုဇဉ်တွေ အကြိုက်တွေ့သွားကြတာ မဆန်းပါ။ သို့သော် ငြား ရှေးဦးပိုင်းကာလ၌ ဈေးကြီးလျက်ရှိရာ လူများစုအဖို့ လက်လှမ်းလို့ မမီတမီဖြစ်နေသည်။ ထိုအချိန်တွင် အကွက်မြင်သော စီးပွားရေးသမားတွေက ဗီဒီယိုဇာတ်လမ်းခွေတွေကို ရိုက်ကူးကာ တောရောမြို့ပါမကျန် ရုံထောင်၍ ပြသခဲ့ကြရာ ဗီဒီယိုတစ်ခေတ်ဆန်းခဲ့ပါသေးသည်။

ရုပ်မြင်သံကြား ကိုရီးယားဇာတ်လမ်းတွဲနှင့် ဗီဒီယိုခွေ လှိုင်းတံပိုးရေစီးအောက်တွင် မြန်မာ့အသံရေဒီယို ပျောက်ကွယ်သွားပါသလား။ လုံးဝပျောက်ကွယ်သွားခြင်း မရှိခဲ့တာ အံ့ဖွယ်ဖြစ်ပါသည်။ ဝေးလံခေါင်ဖျားနှင့် များစွာသော ကျေးလက်အမာခံလူထုသည် သူတို့လက်လှမ်းမီသော ရေဒီယိုနှင့် ခေတ်အဆက်ဆက် မခွဲမခွာ အတူရှိနေပါသည်။

ရုပ်ရှင်၊ ရုပ်သံမီဒီယာတွေ အားကောင်းနေသည့်ကြား၌ပင် ထူးခြားစွာ ထပ်မံပေါ်ထွက်လာသည်ကား FM ရေဒီယိုလိုင်းများ။ မြို့တော် FM ၊ ပတ္တမြား FM ၊ ရွှေ FM၊ သဇင် FM၊ ချယ်ရီ FM စသည့် ရေဒီယိုအသံလွှင့်ဌာနတွေ ပေါ်ထွက်လာသည်။ သူ့အရပ်နှင့်သူ့ဇာတ်၊ သူ့ပရိသတ်နှင့်သူပင်ဖြစ်သည်။ ထို့ပြင် ပုဂ္ဂလိက ရုပ်သံမီဒီယာတွေ သူ့ထက်ငါ ပေါ်လာသည်။ MRTV- 4 နှင့်အတူ SKY NET, Channel K, Fortune, MIZZIMA နှင့် အခြားရုပ်သံလိုင်းများ။

ကျွန်တော်တို့ မော်လမြိုင် မွန်တို့ဒေသ ရာမညသုံး ဒေသိယစကားဖြင့် ပြောရလျှင် အာပါး ...ပါး ... များမှများ။ အမေရေ ... များမှများ ...။

* * *

မှတ်မှတ်ရရပါပဲ။

၂၀၂၀ မတ်လမှာ ကျွန်တော်သည် အမြင်အာရုံမွဲလာသည့် မျက်စိနှစ်ဖက်စလုံးကို ခွဲစိတ်ရလေသည်။ ထိုအခါ တစ်သက်လုံး အရသာကို စာနှင့်ရှာခဲ့သူ၊ စာရေး စာဖတ်ဝါသနာကြီးသူ၊ တစ်လလုံး တစ်ရက်မနား အက္ခရာစာလုံးတွေကို အားပါးတရ စားသုံးလာသည့်မျက်စိ၊ ဒုက္ခကောင်းကောင်းပေးလေ၏။ စာလုံးဝမဖတ်ရ၊ ရုပ်သံ

*စာမျက်နှာ ၉ သို့*

"အမှန်အတိုင်းဆိုလျှင် ကျွန်တော် မြန်မာ့အသံရေဒီယိုနှင့် ရှင်ကွဲကွဲခဲ့သည်မှာကြာပါပြီ။ ကိုယ်တိုင်ကလည်း ရုပ်သံမီဒီယာလှိုင်းလုံးအောက်ရောက်ရှိကာ မူးဝေနောက်ကျိနေသည်။ မျက်စိကို အနားပေးမေးမှိတ်နေရချိန်မှ အချစ်ဟောင်းရေဒီယိုနှင့် ပြန်လည်ဆုံတွေ့ရရာ ကျွန်တော် လွန်စွာအလန့်တကြားပင် အံ့အားသင့်နေမိသည်။ မြန်မာ့အသံရေဒီယို ခေတ်နှင့်အမီ အတော်တိုးတက်နေပါလားဆိုတာ နားဝမှာ ထင်ထင်ရှားရှားကြားရလေသည်"

# ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အဦနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများ သွားရောက်ပေးအပ်

**ဒီးမော့ဆို ဇန်နဝါရီ ၂၃**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ လိုအပ်ချက်၊ တင်ပြချက်အပေါ် အလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဘော့စ်ကိုနှင့် တာဝန်ရှိသူများက ဒီးမော့ဆိုမြို့နယ်ရှိ ဘာသာရေးဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သော ထောက်ပံ့ငွေများကို ကျေးရွာအရောက် သွားရောက်ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**




ထောက်ပံ့ငွေများ သွားရောက်ပေးအပ်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်၊ တင်ပြချက်အပေါ် အလေးထား ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိပြီး ပြည်နယ်အတိုင်းအတာဖြင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းဖြစ်သည့်အတွက် ပြည့်စုံသော အထောက်အပံ့ဖြစ်မည် မဟုတ်ကြောင်း၊ ပြည်သူများ ပူးပေါင်းပါဝင်မှသာ လိုအပ်သောဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခူးပရာကျေးရွာအုပ်စု ဆုံရပ်ခန်းမဆောင် ဆောက်လုပ်ရန်အတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် ခူးပရာရွာဟောင်း အ.မ.က ကျောင်း မြေညှိရန်အတွက် ငွေကျပ်သိန်း ၂၀၊ ဟိုဝမ်(အထက်)ကျေးရွာ ဘုန်းကြီးကျောင်း ဆွမ်းစားဆောင် ဆောက်လုပ်ရန်အတွက် ထောက်ပံ့ငွေကျပ် သိန်း ၃၀၊ လွီးကထိကျေးရွာ ကျေးလက်ဆေးပေးခန်း ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၀၊ ထီးလသူးခိုကျေးရွာခန်းမဆောင် ဆောက်လုပ်ရန်အတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀၊ ဝါဘန်းပလိုကျေးရွာ ဆေးပေးခန်း၊ လျှပ်စစ်မီးသွယ်တန်းရန်နှင့် မီတာဘောက်စ် တပ်ဆင်ရန်အတွက် ထောက်ပံ့ငွေကျပ်သုံးသိန်းနှင့် ဆေးပေးခန်းအဝင်လမ်း ကွန်ကရစ်ခင်းရန်အတွက် ထောက်ပံ့ငွေကျပ် ၁၉ သိန်း၊ ငံရိုးကျေးရွာ ငံရိုးသာသနာပြုကျောင်း ဆွမ်းစားဆောင် ဆောက်လုပ်ရန်အတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀၊ နောင်ပုလဲကျေးရွာ အုပ်စု ဆုံရပ်ခန်းမဆောင် ဆေးသုတ်ခြင်း၊ ခြံစည်းရိုး၊ မျက်နှာကြက်၊ သံပန်းတံခါး တပ်ဆင်ရန်အတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀၊ ဒီးမော့ဆိုကျေးရွာအုပ်စု ဆုံရပ်ခန်းမဆောင် ဆောက်လုပ်ရန်အတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀၊ ဒေါင်ခါးရပ်ကွက်(၂) မယ်တော်ဂူဆောက်လုပ်ရန်အတွက် ထောက်ပံ့ငွေကျပ် သိန်း ၅၀၊ ညောင်ကုန်း (နားဇရက်) ကျေးရွာ ဝတ်ပြုဆောင်မျက်နှာကြက် တပ်ဆင်ခြင်းနှင့် လျှပ်စစ်မီးသွယ်တန်းရန်အတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ ကို ကျေးရွာအရောက် သွားရောက်ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

## မင်းဘူးမြို့၌ လုပ်ငန်းခွင်ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ်သိန်း ၉၀ ထုတ်ပေး

**မင်းဘူး ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့ရှိ မြို့နယ်လူမှုဖူလုံရေးရုံးခွဲ၌ အကျိုးဝင်မှတ်ပုံတင်ထားသည့် မင်းဘူးသစ်ထုတ်လုပ်ရေးဒေသမှ အာမခံအလုပ်သမားတစ်ဦးလုပ်ငန်းခွင်တွင် ထိခိုက်သေဆုံးမှုကြောင့် မြို့နယ်လူမှုဖူလုံရေးရုံးခွဲက ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ်သိန်း ၉၀ ထုတ်ပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မင်းဘူးမြို့ သစ်ထုတ်လုပ်ရေးဒေသရုံး အစည်းအဝေးခန်းမ၌ ပေးအပ်သည်။

မင်းဘူးမြို့နယ် လူမှုဖူလုံရေးရုံးခွဲ၌ အကျိုးဝင်မှတ်ပုံတင်ထားသည့် မင်းဘူးသစ်ထုတ်လုပ်ရေးဒေသမှ အာမခံအလုပ်သမား ဦးမောင်ရွှေသည် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၅ ရက် ညနေ ၄ နာရီခွဲခန့်က ဝမ်းဘဲချောင်းဆင်စခန်းမှ ခုနစ်မိုင်ခန့်ဝေးသည့် အလုပ်ဆင်ဝိုင်းသို့ ရိက္ခာပို့ရန်အတွက် စံလွန်းအမည်ရှိ ဆင်ပေါ်သို့ပစ္စည်းတင်ရန် ဆင်တွဲကြိုးကိုဖြုတ်ပြီး ပြန်ထစဉ် အဆိုပါဆင်က ဦးမောင်ရွှေ၏ ဝမ်းဗိုက်နှင့် ဆီးခုံအထက်သို့ ဆင်အစွယ်ဖြင့် ထိုးပက်လိုက်သောကြောင့် ပြင်းထန်သောဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းခွင်တွင် ထိခိုက်သေဆုံးခဲ့သော အာမခံအလုပ်သမား ဦးမောင်ရွှေ၏ သေဆုံးမှုအတွက် ငွေကျပ်သိန်း ၉၀ တိတိကို ကျန်ရစ်သူအကျိုးခံစားခွင့်ရှိသည့် မိသားစုဝင်များထံ မကွေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိအိသွယ်က ပေးအပ်ခဲ့ပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ထုတ်ပေးခြင်းဖြစ်ကြောင်း မင်းဘူးမြို့နယ် လူမှုဖူလုံရေးရုံးခွဲ ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**



## နောင်ချိုမြို့နယ် မျက်ချင်းနုရွာတွင် ဆရာစံပုန်းအောင်းခဲ့သည့် ပြာသာဒ်ဆောင်ကို ထိန်းသိမ်းထား

**နောင်ချို ဇန်နဝါရီ ၂၃**

၁၉၃၀ ပြည့်နှစ် တောင်သူလယ်သမား အရေးတော်ပုံကာလအတွင်း နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ဆရာစံသည် နောင်ချိုမြို့နယ် မျက်ချင်းနုကျေးရွာသို့ ရောက်ရှိလာခဲ့ပြီး အင်္ဂလိပ်စစ်တပ်တို့ လိုက်လံဖမ်းဆီးစဉ် တက်ရောက် ပုန်းအောင်းခဲ့သည့် မျက်ချင်းနုကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းရှိ ဘုရားခန်းပြာသာဒ်ဆောင်ကြီး **(ယာပုံ)** ကို ယနေ့အထိ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း ရွာခံ ကိုအောင်အောင်၏ ပြောပြချက်အရ သိရသည်။

"ဘုရားခန်း ပြာသာဒ်ဆောင်နဲ့ တွဲလျက်ရှိနေတဲ့ ပင်မကျောင်းဆောင်ကြီးက နှစ်ပေါင်းကြာမြင့်လာတာနဲ့ အမျှ အိုမင်းပျက်စီးလာတာကြောင့် ဖြိုဖျက်လိုက်ရပြီး မြေနေရာအလွတ်မှာ ကျောင်းအသစ်ဆောက်လုပ်ပြီးစီးနေပါပြီ။ ဒါပေမယ့် ဆရာစံပုန်းအောင်းခဲ့တဲ့ ဘုရားခန်းပြာသာဒ်ဆောင်ကတော့ မြန်မာ့သမိုင်းမှာ အရေးပါနေတာကတစ်ကြောင်း၊ အခုထက်ထိလည်း သမိုင်းပညာရှင်တွေ၊ စာရေးဆရာတွေ၊ လေ့လာလိုသူပြည်သူတွေ အမြဲမပြတ် လာရောက်လေ့လာကြည့်ရှုနေတာကြောင့် ဖျက်ဆီးလိုက်ခြင်းမရှိဘဲ ဆရာတော်အဆက်ဆက်က ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြတာ ယနေ့ မြင်တွေ့နေရတဲ့အထိပါ"ဟု ပြောသည်။

ဆရာစံသည် သာယာဝတီခရိုင် ဖားရွှေကျော်တိုက်ပွဲ၊ ဖလံထောင်တိုက်ပွဲများအပြီး ၁၀ ရက်ခန့်အကြာတွင် ပြည်၊ မြင်းခြံ၊ မန္တလေးမြို့တို့မှ တစ်ဆင့် နောင်ချိုမြို့သို့ ဘုန်းတော်ကြီး တစ်ပါးအသွင် ဘွဲ့အမည်ဦးဉာဏအဖြစ်နှင့်ရောက်ရှိလာခဲ့ပြီး မျက်ချင်းနုကျေးရွာ ဘုန်းကြီးကျောင်းတွင် ပုန်းအောင်းလူစုနေစဉ် အင်္ဂလိပ်တပ်များက အင်အားအလုံးအရင်းနှင့် ဝင်ရောက်ရှာဖွေ ဖမ်းဆီးခြင်းဖြစ်ကြောင်း သိရသည်။ (၁၉၆၅ ခုနှစ်၊ မတ်လ ၁ ရက်နေ့ထုတ် ရှေ့သို့ အထူးစာစောင်)

ဆရာစံ တက်ရောက်ပုန်းအောင်းခဲ့သည့် ဘုရားခန်းပြာသာဒ်ဆောင်သည် ဘုံခုနစ်ဆင့်အမြင့်အထပ်ထပ်ဖြင့်တည်ရှိနေ၍ မျက်ချင်းနုကျေးရွာသည် နောင်ချိုမြို့၏ မြောက်ဘက် ငါးမိုင်ခန့်အကွာ နောင်ချို-ရပ်စောက် သွားကားလမ်းပေါ်၌ တည်ရှိနေသည်။ နှစ်ပေါင်းကြာမြင့်နေခဲ့ကာ ခေတ်ကာလ တိုးတက်လာသည်နှင့်အမျှ မျက်ချင်းနု ဘုန်းကြီးကျောင်းသည်



ခေတ်မီအဆောက်အအုံ၊ ကျောင်းဆောင်များဖြင့် တင့်တယ်ခံ့ညား လျက်ရှိပြီဖြစ်သော်လည်း ဆရာစံ ပုန်းအောင်းခဲ့သည့် မူလဘုရားခန်း ပြာသာဒ်ဆောင်ကြီးမှာ ပကတိအတိုင်း ရှေးဟောင်း အနုပညာလက်ရာများဖြင့် တည်ရှိနေသေးကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂၃**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

*စာမျက်နှာ ၈ မှ*

လုံးဝမကြည့်ရ၊ တစ်လတာ ငြိမ်ငြိမ်နေပါ ... ဟု မျက်စိဆရာဝန်က အမိန့်ပေးတားမြစ်သည်။ အဲဒီမှာ အိပ်လည်းမနိုင်၊ ထိုင်လည်းမရ၊ ထလည်းမငြိမ်တော့။ စိတ်တိမ်တွေထွေရာလွင့်ပါ။ ကုန်းပေါ်ပစ်တင်ခံရသော ငါးတစ်ကောင်လို ရူးမတတ် ဖျပ်ဖျပ်လူးလေတော့သည်။

ထိုအခါမှ ကျွန်တော်သည် နားဖြင့်စာဖတ်ရပြီး သုတ၊ ရသကို ခံစားနိုင်သည့် ရေဒီယိုကိုဖွင့်ရသည်။ အမှန်အတိုင်းဆိုလျှင် ကျွန်တော်မြန်မာ့အသံရေဒီယိုနှင့် ရှင်ကွဲကွဲခဲ့သည်မှာ ကြာပါပြီ။ ကိုယ်တိုင်ကလည်း ရုပ်သံမီဒီယာလှိုင်းလုံးအောက် ရောက်ရှိကာ မူးဝေနောက်ကျိနေသည်။ မျက်စိကို အနားပေး မှေးမိုတ်နေရချိန်မှ အချစ်ဟောင်း ရေဒီယိုနှင့် ပြန်လည်ဆုံတွေ့ရရာ ကျွန်တော် လွန်စွာအလန့်တကြားပင် အံ့အားသင့်နေမိသည်။ မြန်မာ့အသံရေဒီယို ခေတ်နှင့်အမီ အတော်တိုးတက်နေပါလားဆိုတာ နားဝမှာ ထင်ထင်ရှားရှား ကြားရလေသည်။

ကျွန်တော် မယုံနိုင်အောင်ဖြစ်ရသည်။

မြန်မာ့အသံရေဒီယိုဝန်ထမ်းတွေ၊ အသိပညာရှင် အတတ်ပညာရှင်တွေ အတော်ကြိုးစားကြပါလား။ အထူးသဖြင့် လူငယ်တွေ၏ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်တွေ၊ တင်ဆက်မှုတွေ၊ စကားလုံးအသုံးတွေ သက်ဝင်လှုပ်ရှားသတင်းစကားမှာ အနယ်နယ်အရပ်ရပ်က သောတရှင် ပရိသတ်များနှင့် တစ်သားတည်းဆက်စပ်မှုရှိနေပုံက ပြောမယုံ ကြုံမှသိဘိသကဲ့သို့ရှိ၏။ ပြီးတော့ မြန်မာ့အသံချစ်သူအဖွဲ့ဝင် အင်အားထုတွေနှင့် အခါအားလျော်စွာ တွေ့ဆုံပွဲတွေကလည်း အံ့ဘနန်း ခမ်းနားကြီးကျယ်ပေစွ။

ယနေ့ခေတ်လူငယ်တို့၏ ဝတ္ထုတိုကို ဇာတ်လမ်းပမာ အဖြစ် တင်ဆက်ရာတွင် ဇာတ်ညွှန်းခွဲပုံ သူ့နေရာနှင့်သူ အံဝင်ခွင်ကျရုံမက ထူးချွန်စွာ အသံဖြင့် သရုပ်ဆောင်သွားကြပုံများက နားဆင်သူ၏ အာရုံကို ညို့ယူနိုင်ပါသည်။ ကျွန်တော်တို့ခေတ်ကဆိုလျှင် ရုပ်ရှင်လောကမှ နာမည်ကျော် သရုပ်ဆောင်တွေကိုသုံးရတာ မှတ်မိနေသည်။ အခုတော့ သူတို့အင် သူတို့အားဖြင့် စိတ်ဝင်တစား အာရုံသွင်း သရုပ်ဆောင်ကြရာ လက်ဖျားခါရလောက်အောင်ပင် ဖြစ်ပါသည်။

အမှန်အတိုင်းဆိုလျှင် ... ရေဒီယို နားမဆင်ခဲ့ရသော ကုန်လွန်ခဲ့သည့် အချိန်များကိုပင် ကျွန်တော် ပြန်လည်နှမြောမိပါသည်။ ခုတော့ အချိန်ရလျှင်ရသလို နားထောင်ဖြစ်သည်။ အထူးသဖြင့် ညစဉ်ညတိုင်း ကိုးနာရီကျော်ကျော်ခန့်ဆိုလျှင် ကျွန်တော် ရေဒီယိုရှေ့ရောက်နေပါပြီ။ တစ်ခေတ်တစ်ခါက အနှစ်သာရဖြစ်သည့် ကျွန်တော်တို့အကြိုက် 'ခံစားနားဆင်မြန်မာတေးသံစဉ်' ထုတ်လွှင့်မှု အစီအစဉ်လာတော့မည်။ ကျွန်တော့်ရင်ကို ကိုင်လှုပ်ကာ မျောပါသွားစေမည့် ကျွန်တော်တို့ခေတ်က ရင်ခုန်တေးတွေ တငြိမ့်ငြိမ့်မျောလွင့်ရောက်ရှိလာတော့မည် မဟုတ်ပါလား။

* * *

ခံပွင့်ကဗျာထဲကလိုပါပဲ။

ပန်းစံပယ် နန်းလယ် မပေါ်ခိုက်မှာတော့ ထင်ပေါ်ခဲ့သည်။ နန်းမြေမှာ စံပယ်လှိုင်တော့ ခံပန်းခိုင်ယာယီရွှေ့ရသည်၊ တောလေ့ရွာသုံးဖြစ်ခဲ့ရသည်။ ဒါ...ဓမ္မတာပါပဲ။ လောကတွင် အင်အားပါဝါကြီးသူက အင်အားပါဝါနည်းသူကို လွှမ်းမိုးအနိုင်ယူမြဲဖြစ်သည်။

သို့သော် အယက်အကန်ခံလို့ ဗေဒါပျံ့အံကို ခဲကာ ပန်းပန်လျက်ပါပဲ။

တစ်ခါတစ်ရံ အသံတွေက လှပါသည်။ လေညင်းကလည်း ချိုပါသည်။

ကျွန်တော် ရေဒီယိုကို ချစ်ပါသည်။

# “အားလုံးအတွက် ရှေးဦးပြုစုခြင်း” “First Aid for All” သင်တန်းစီမံချက် ဒုတိယအဆင့် သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၃

**ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ လူငယ်များ၊ အမျိုးသမီးများအတွက် ဦးတည်၍ ဆောင်ရွက်လျက်ရှိသော ‘အားလုံးအတွက်ရှေးဦးပြုစုခြင်း’ ‘ First Aid for All’ သင်တန်းစီမံချက် ဒုတိယအဆင့် သင်တန်းဆင်းပွဲအခမ်းအနားကို Online ဖြင့် ယနေ့ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းလွင်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။**



**အသိပညာဖြန့်ဖြူးခြင်းများ ဆက်လက်ဆောင်ရွက်**

ဒုတိယဝန်ကြီးက ပြောကြားရာတွင် ‘ရှေးဦးပြုစုခြင်း’ ပညာဟာ အလွန်မွန်မြတ်ပြီး ထိခိုက်ဒဏ်ရာရသူများကို ရှေးဦးပြုစုခြင်းအားဖြင့် အသက်အန္တရာယ်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းက လူငယ်များ၊ အမျိုးသမီးများ အကျိုးရှိစေရန် သင်တန်းများကို စီစဉ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လကတည်းက သင်တန်းများဖွင့်လှစ်ရန် အသင့်ဖြစ်ခဲ့သော်လည်း Covid – 19 ကပ်ရောဂါ အခြေအနေကြောင့် ဒီဇင်ဘာလမှသာ ပထမအဆင့်သင်တန်းများကို Online ဖြင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒုတိယအဆင့် သင်တန်းများကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ Online ကနေ သင်ကြားပေးမယ့်လည်း သင်တန်းဆရာများ၏ အရည်အချင်းပြည့်ဝမှု၊ သင်တန်းသူ သင်တန်းသားများ၏ စိတ်ပါဝင်စားမှုများကြောင့် များစွာ အောင်မြင်သော သင်တန်းများ ဖြစ်ခဲ့ကြောင်း၊ သင်တန်းတွင် ရရှိခဲ့သော ပညာများဖြင့် မိမိရပ်ရွာ၊ မိမိအသိုင်းအဝိုင်း၊ မိမိပြည်နယ်အတွက် အကျိုးပြုကြမည်ဟု ယုံကြည်ကြောင်း၊ သိရှိခဲ့သောသင်ခန်းစာများကို ပတ်ဝန်းကျင်သို့ ပြန်လည်ဖြန့်ဝေစေလိုကြောင်း၊ လူငယ်များအကြား နားလည်မှု၊ ယုံကြည်မှု တိုးပွားလာပြီး လူမှုသဟဇာတ ဖြစ်စေရေးကို အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ စေတနာ၊ မေတ္တာ၊ ကရုဏာနှင့် အကြင်နာတရား စသော ကြက်ခြေနီ၏ အခြေခံစိတ်ဓာတ်များသည် လူမှုသဟဇာတ ဖြစ်ထွန်းရေးမှာလည်း အလွန်အရေးကြီးကြောင်း၊ ရခိုင်ပြည်နယ်ရှိ မြို့နယ်အားလုံးအတွက် စီမံချက်တတိယအဆင့်ကို ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်စေ၊ တိုက်ပွဲများ၊ မိုင်းအန္တရာယ်များကြောင့်ဖြစ်စေ ထိခိုက်ဒဏ်ရာရသူများအား ရှေးဦးပြုစုခြင်း အတတ်ပညာဖြင့် အရေးပေါ် ကူညီပေးနိုင်တော့မည်ဖြစ်ကြောင်း၊ “မိုင်းအန္တရာယ်ကြောင့် ထိခိုက်မှုလျော့ပါးရေး Mine Risk Reduction ” စီမံချက်ကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း(MRCS)၊ CDNH တို့နှင့် ပူးပေါင်းကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မိုင်းအန္တရာယ်ဖြစ်နိုင်ခြေရှိသောမြို့နယ်များမှ လူငယ်များ၊ အမျိုးသမီးများအတွက် မိုင်းအန္တရာယ် အသိပညာပေးသင်တန်း Mine Risk Education လေးခုကို Online ဖြင့် ပြုလုပ်မည်ဖြစ်ပြီး သင်တန်းတက်ရောက်ပြီးသူများက မိမိတို့ရပ်ရွာများမှာ မိုင်းအန္တရာယ်လျော့ပါးရေးအတွက် မိုင်းအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ၊ ပိုစတာများ အသုံးပြု၍ အသိပညာဖြန့်ဖြူးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်တန်းများဖြစ်မြောက်ရန် ဆောင်ရွက်ပေးသူအားလုံးကို ကျေးဇူးတင်ကြောင်း ထည့်သွင်းပြောကြားသည်။

သင်တန်းဆင်းပွဲတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Burgener ကလည်း ဂုဏ်ပြုစကား ပြောကြားသည်။ ထို့အပြင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်နှင့် ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (CDNH)မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာကျော်ရင်လှိုင်တို့ကလည်း သင်တန်းဆင်း ဂုဏ်ပြုစကား ပြောကြားကြသည်။

**လူမှုသဟဇာတဖြစ်စေရေး ဆောင်ရွက်**

‘အားလုံးအတွက်ရှေးဦးပြုစုခြင်း’ ‘ First Aid for All’ သင်တန်းစီမံချက်တာဝန်ခံ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူရိန်က သင်တန်းများပြုလုပ်ရခြင်းအကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း လူမှုသဟဇာတဖြစ်စေရေး ဆောင်ရွက်နေမှုများအကြောင်းကို ရှင်းလင်းပြောကြားသည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဗိုလ်မှူးကြီး ထိန်လင်း(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနတို့မှ အဆင့်မြင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဗဟိုကော်မတီဝင်များ၊ ICRC, IFRC တို့မှ ဌာနေကိုယ်စားလှယ်များ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်ရုံးမှ အကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူ သင်တန်းသားများ စုစုပေါင်း ၁၅၀ ကျော် တက်ရောက်ခဲ့ကြသည်။

**အတွေ့အကြုံရင့် နည်းပြများက ဆောင်ရွက်**

‘အားလုံးအတွက်ရှေးဦးပြုစုခြင်း’ ‘ First Aid for All’ သင်တန်းစီမံချက် ပထမအဆင့်ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၆ ရက်မှ ၂၃ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ ပေါက်တော၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်ဖြူနှင့် သံတွဲမြို့နယ်များရှိ လူမှုအသိုင်းအဝိုင်းအသီးသီးမှ သင်တန်းသား သင်တန်းသူ ၁၇၀ တို့ သင်တန်းတက်ရောက်ပြီးမြောက်ခဲ့ကြောင်း သိရသည်။ သင်တန်းစီမံချက် ဒုတိယအဆင့်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၂၃ ရက်အထိ ဆောင်ရွက်ခဲ့၍ မာန်အောင်၊ ရမ်းဗြဲ၊ အမ်း၊ တောင်ကုတ်နှင့် ဂွမြို့နယ်များများရှိ လူမှုအသိုင်းအဝိုင်းအသီးသီးမှ လူငယ်များ၊ အမျိုးသမီးများ ၂၄၇ ဦးတို့ သင်တန်းတက်ရောက် ပြီးမြောက်ခဲ့ကြောင်း သိရသည်။ မြို့နယ်တစ်ခုစီအတွက် သုံးရက်ကြာ သင်တန်းတစ်ခုစီကို Online ဖြင့် ပို့ချခဲ့ရာ သင်တန်းသား ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း၊ သင်တန်းနည်းပြများအဖြစ် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အတွေ့အကြုံရင့် နည်းပြများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

‘အားလုံးအတွက်ရှေးဦးပြုစုခြင်း’ ‘ First Aid for All’ သင်တန်းစီမံချက်ကို နိုင်ငံတော်အတိုင်ပင်ရုံးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (CDNH) တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့မှ အဝေးပြေးယာဉ်လိုင်းများပိတ်ထားခြင်းမရှိဘဲ ပြေးဆွဲပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီးမှ အခြားသောတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ပြေးဆွဲသည့် အဝေးပြေးယာဉ်လိုင်းများနှင့် ရန်ကုန်မြို့တွင်း ပြေးဆွဲသည့် ယာဉ်လိုင်းများ ပိတ်ထားခြင်းမရှိဘဲ ကိုဗစ်-၁၉ ကြောင့် စီးနင်းမှုမရှိခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

အဝေးပြေးသယ်ယူပို့ဆောင်ရေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ကို ချိတ်ဆက်ပြေးဆွဲခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကာလ၌ ခရီးသွားများ လိုက်နာရမည့်အပိုင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလိုက်နာရမည့်အပိုင်းဟူ၍ရှိရာ YRTA အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလတွင် ထုတ်ပြန်ထားသော စည်းကမ်းနှင့်အညီ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

“ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ အဝေးပြေးယာဉ်လိုင်းနဲ့ မြို့တွင်းပြေးဆွဲမှုကို ပိတ်ထားတာမရှိပါဘူး။ ခရီးစဉ်မရှိလို့ရပ်ဆိုင်းတဲ့ လိုင်းတော့ရှိတယ်။ မိမိရဲ့ တိုင်းဒေသကြီးကနေ အပြင်ကိုထွက်ရင် ဘယ်လိုအချက်အလက်တွေနဲ့ ညီညွတ်ရမယ်၊ ဝင်လာတဲ့သူတွေဆိုရင် ဘာတွေကို လိုက်နာရမယ်ဆိုတဲ့ သတ်မှတ်ချက်တော့ရှိတယ်။ ယာဉ်တွေဖြတ်သန်းပြေးဆွဲတဲ့အခါမှာ မြို့တွင်းလမ်း/မြို့ရှောင်လမ်းကနေသွားပြီး ဘယ်နားမှာရပ်ရမယ်ဆိုတာ ထုတ်ပြန်ထားတာရှိတယ်။ ခရီးသွားပြည်သူတွေအနေနဲ့လည်း လိုက်နာရမယ့်အချက်တွေလည်းရှိတယ်။ အဲဒီလိုအချက်တွေကိုလိုက်နာပြီးမှ ခရီးသွားနိုင်တာဖြစ်တဲ့အတွက် ကြိုတင်ပြင်ဆင်ပြီးမှ သွားရတာကြောင့် ခရီးသွားမရှိတာပါ။ နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးကိုတော့ အထူးလိုက်နာရမှာပါ။ အဝေးပြေးလိုင်းမပိတ်ထားပါဘူး”ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

ဇန်နဝါရီလဆန်းပိုင်းတွင်လည်း ခရီးသွားလာမှုထက် ပါဆယ်ကုန်ပစ္စည်းများကို ပို့ဆောင်လျက်ရှိရာ ယမန်နေ့က တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုရှိ မြို့ပေါင်း ၂၇ မြို့သို့ ပါဆယ်ကုန်ပစ္စည်းကို ယာဉ်လိုင်းပေါင်း ၃၇ လိုင်းမှယာဉ် ၅၂ စီးက ပို့ဆောင်ပြီး ခရီးသွားယာဉ်များတွင် ခရီးသည်မရှိသောကြောင့် ပါဆယ်ပစ္စည်းများကိုသာ လက်ရှိတွင် ရန်ကုန်မြို့ အောင်မင်္ဂလာ အဝေးပြေးကွင်းနှင့် လှိုင်သာယာမြို့နယ်(အနောက်ပိုင်း) ဒဂုံ-ဧရာ အဝေးပြေးကားဝင်းမှ ပို့ဆောင်လျက်ရှိကာ ကိုဗစ်-၁၉ ရောဂါ မတိုင်မီက ဒဂုံ-ဧရာအဝေးပြေးဝင်းမှ ယာဉ်လိုင်းပေါင်း ၁၀၀ ကျော်ဖြင့် ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးမြို့သို့ လည်းကောင်း၊ အောင်မင်္ဂလာအဝေးပြေးဝင်းမှ မြန်မာပြည်တစ်ဝန်းသို့ ယာဉ်လိုင်းပေါင်း ၂၃၀ ကျော်ဖြင့် ပြေးဆွဲခဲ့သည်။ လက်ရှိတွင် ခရီးသွားမရှိသောကြောင့် အဝေးပြေးယာဉ်လိုင်းအချို့ ရပ်နားထားရကာ ရန်ကုန်မြို့ရှိ အဝေးပြေးယာဉ်လိုင်းများ ပိတ်ထားခြင်းမရှိဘဲ ခရီးသွားမရှိသည့်အတွက် ပါဆယ်ကုန်ပစ္စည်းများကို အများဆုံးပို့ဆောင်နေရကြောင်း သိရသည်။

**သန်းထိုက်**



# ညဏ်တော် (၃၁) ပေ ဘုန်းတော်ပွင့် ဈာနမုဒြာရုပ်ရှင်တော်မြတ်ကြီး တည်ထားနိုင်ရေး ငွေကျပ်သိန်း ၆၀၀ မတည်လှူဒါန်း

**မင်္ဂလာဒုံ ဇန်နဝါရီ ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် သမိုင်းဝင်ကျိုက္ကလော့စေတီတော်မြတ်ကြီး၏ အရှေ့တောင်ထောင့် ရှိ မင်္ဂလာကန်တော်အထက်တွင် ညဏ်တော် ၃၁ ပေ အမြင့်ဆောင်သော ဘုန်းတော်ပွင့် ဈာနမုဒြာရုပ်ရှင်တော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရေးအတွက် ကျော်မိသားစုက အလှူငွေ ကျပ်သိန်း ၃၀၀ နှင့် ရွှေစင်စကြာ်မိသားစုက အလှူငွေကျပ်သိန်း ၃၀၀ စုစုပေါင်း မတည်လှူဒါန်းငွေ ကျပ်သိန်း ၆၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းနှင့် သာသနာရေးမှူး ၊ ဂေါပကဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များက ယနေ့နံနက်တွင် ကျိုက္ကလော့စေတီတော်ကြီး၏အာရုံခံတန်ဆောင်း၌ လက်ခံယူပြီး အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# တီးတိန်မြို့နယ် ခိုင်ကမ်းဆင်စခန်းသို့ ဆင်စာဘူဖေးများ လာရောက်လှူဒါန်း

**ကလေး ဇန်နဝါရီ ၂၃**

ချင်းပြည်နယ် တီးတိန်မြို့နယ် ဆီးယင်းသစ်တောကြိုးဝိုင်းအတွင်းရှိ ခိုင်ကမ်းဆင်စခန်းသို့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ဆင်များအစားအသောက်အခက်အခဲမရှိစေရန်အတွက် ယနေ့နံနက်ပိုင်းက ဆင်စာဘူဖေးများ လာရောက်လှူဒါန်းသည်။

ထိုသို့လာရောက်လှူဒါန်းရာတွင် ကလေးမြို့နေ ဦးညီညီနှင့်မိသားစုဝင်များက ဆင်ခုနစ်ကောင်အတွက် ပြောင်းဖူး၊ ကြံ၊ ငှက်ပျောသီး၊ ဖရဲသီးများ ပါဝင်သည့် ဆင်စာဘူဖေးများ လာရောက်လှူဒါန်းကြရာ ချင်းပြည်နယ်သစ်ထုတ်လုပ်ရေး ဒုတိယမန်နေဂျာ ဦးဝင်းနိုင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ ခိုင်ကမ်းဆင်စခန်းသို့ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဆင်များအစားအသောက် အခက်အခဲမရှိစေရန် ဆင်အစာဘူဖေးများ လာရောက်လှူဒါန်းလိုပါက Khai Kam Elephant Conservation Camp Facebook Page မှ လည်းကောင်း၊ ဖုန်း-၀၉-၂၄၅၄၆၁၁၅ နှင့် ၀၇၃-၂၀၂၁၀၃၅ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ကြောင်း သိရသည်။

**ထန်းဖုန်(ပြန်/ဆက်)**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 နှင့် နိုင်ငံခြားငွေစာရင်း EDC 600012 တို့သို့ ၁၄-၁-၂၀၂၁ ရက်နေ့မှ ၂၀-၁-၂၀၂၁ ရက်နေ့အထိ ပြည်တွင်း / ပြည်ပအလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် ၇,၆၅၄ ဒသမ ၄၈၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၇၁,၅၂၈ ဖြစ်ပါသည်။

၂၀-၁-၂၀၂၁ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ကျပ် |
|---|---|
| ၁၄-၁-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၁,၁၂၆,၈၅၄,၀၂၁.၀၀ |
| (+) ၁၄-၁-၂၀၂၁ မှ ၂၀-၁-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၇,၆၅၄,၄၈၂,၅၆၁.၃၉ |
| ၂၀-၁-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၈,၇၈၁,၃၃၆,၅၈၂.၃၉ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၄-၁-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၇,၆၇၃,၀၂၈.၂၉ |
| (+) ၁၄-၁-၂၀၂၁ မှ ၂၀-၁-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၇၁,၅၂၈.၄၀ |
| ၂၀-၁-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၇,၇၄၄,၅၅၆.၆၉ |

## COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၁၄-၁-၂၀၂၁ ရက်နေ့)

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁ | ဒေါ်အေးအေးညွန့် (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၂ | ဒေါက်တာဇော်မင်းလွင်+ ဒေါ်ခင်လင်းညွန့် (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၃ | ရွှေပြည်အေးဘုန်းကြီးကျောင်းဆရာတော်နှင့်ဆရာကြီးဒေါ်ဉာဏထေရီ | ၁၅၀,၀၀၀ |
| ၄ | ဦးသန်းလင်းဦး (ကျိုင်းတုံမြို့) | ၂၀၀,၀၀၀ |
| ၅ | ကွယ်လွန်သူ ဦးကြံ့ရင်အားရည်စူး၍ ဇနီးဒေါ်ရွှေရင်နှင့်သားသမီး မြေးတစ်စု(သထုံမြို့) | ၁၀၀,၀၀၀ |
| ၆ | သားငယ်(ခ) ဟိန်းဇော်ထွန်း မွေးနေ့အလှူ (သထုံမြို့) | ၃၀၀,၀၀၀ |
| ၇ | ရွှေပြည်အေးဘုန်းကြီးကျောင်းနှင့်တောင်တွင်းကြီးဘုန်းကြီးကျောင်း (သထုံမြို့) | ၁၀၀,၀၀၀ |
| ၈ | ဒေါ်မွေး မိသားစု (သထုံမြို့) | ၁၀၀,၀၀၀ |
| ၉ | ဦးလှရွှေ+ ဒေါ်လေး သမီး မသန်းသန်းယု (ကေသရာဆန်ရောင်းဝယ်ရေး) (မကွေးမြို့) | ၃၀၀,၀၀၀ |
| ၁၀ | ဦးအောင်ကျော်မင်း+ ဒေါ်ထက်မာလွင် (စလင်းမြို့) | ၃၀၀,၀၀၀ |
| ၁၁ | ဒေါ်စောရီ ၊ သား ဦးထွန်းဝေ(ရွှေတိမ်လွှာ) (စလင်းမြို့) | ၁၀၀,၀၀၀ |
| ၁၂ | ဦးစန်းစန်းမောင်+ ဒေါ်ခင်ဝင်းနွယ် (စလင်းမြို့) | ၁၀၀,၀၀၀ |
| ၁၃ | ဒေါ်ပိုင်းမွန်မွန်ထွေး (အမရပူရမြို့) | ၃၀၀,၀၀၀ |
| ၁၄ | ဦးတင့်ဆွေ+ ဒေါ်ဝေ (ရွှေဘိုမြို့) | ၁,၀၀၀,၀၀၀ |
| ၁၅ | ဦးအုန်းသာ+ ဒေါ်ခင်အေး (ဆင်နဂါးဆေးပေါ့လိပ်) မိသားစု (ဝေါမြို့) | ၁၀,၀၀၀,၀၀၀ |
| ၁၆ | ဒေါ်ရီရီမြင့် မွေးနေ့အလှူ (ဟိုပုန်းမြို့) | ၁၀၀,၀၀၀ |
| ၁၇ | ဒေါ်ခင်နှင်းသက် (အလင်းရောင်စိုက်ပျိုးရေးဆေးဆိုင်) မိသားစု (မကွေးမြို့) | ၁၀၀,၀၀၀ |
| ၁၈ | မြင့်၊ ပြုံး၊ ချို၊ ဝေ၊ သန့်၊ ဝေ၊ ခင်၊ ဘို၊ ရွှေ ပရဟိတ မောင်နှမတစ်စု (သထုံမြို့) | ၁၀၀,၀၀၀ |
| ၁၉ | ဦးငွေးလှိုင်+ဒေါ်သန္တာအောင်မိသားစု (သထုံမြို့) | ၁၀၀,၀၀၀ |
| ၂၀ | ဦးကျော်သူ+ ဒေါ်မိုးမိုး (စလင်းမြို့) | ၅၀၀,၀၀၀ |
| ၂၁ | ဦးတင်ငွေး (ပေါက်ချောင်းမြို့) | ၂၀,၀၀၀ |
| ၂၂ | ဦးထွန်းလင်း+ဒေါ် ဆွေမာလွင် မိသားစု (ရွှေပြည်သာမြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၂၃ | ဦးစိုင်းသန်းငွေး အသင်းခေါင်းဆောင် အပျော်တမ်းစက်ဘီးစီးအဖွဲ့ (ကျိုင်းတုံမြို့) | ၅၂၅,၀၀၀ |
| ၂၄ | ဦးဖြိုးသက်ဦး (ကျောက်တန်းမြို့နယ်) | ၇၀,၀၀၀ |
| ၂၅ | ဦးဝေလွင်+ ဒေါ်ရှု မိသားစု (ရွှေကျင်မြို့) | ၁,၀၀၀,၀၀၀ |
| ၂၆ | ဦးထင်ကျော်+ဒေါ်သိင်္ဂီမြင့် မိသားစု (ရွှေကျင်မြို့) | ၁,၀၀၀,၀၀၀ |
| ၂၇ | ဒေါ်သန်းမြင့် သမီး-မသီသီလွင် (ဆန်ဆီရောင်းဝယ်ရေး)(ဆင်ကျွန်းမြို့) | ၂,၅၀၀,၀၀၀ |
| ၂၈ | ဦးမောင်မောင်လွင်+ ဒေါ်နွယ်နွယ်ဝင်း (Golden Cloud Purified Drinking Water) (စလင်းမြို့) | ၂,၅၀၀,၀၀၀ |
| ၂၉ | ဦးမောင်မောင်လတ်+ဒေါ်ဝင်းမြင့် မိသားစု (စလင်းမြို့) | ၅၀၀,၀၀၀ |
| ၃၀ | ဦးလှရှိန် + ဒေါ်ဂင်ရှိန် မိသားစု (လောင်းလုံမြို့) | ၁၀၀,၀၀၀ |
| ၃၁ | ဦးအောင်မြင့်ဦး+ဒေါ်ခင်ထွေး (အောင်စတိုး) (ဝက်လက်မြို့) | ၅၀၀,၀၀၀ |
| ၃၂ | ဦးကျော်အေး (Nantaw local people) (ဟုမ္မလင်းမြို့) | ၁၀,၇၀၀,၀၀၀ |
| ၃၃ | ဦးလှိုင်မြင့်(ခရမ်းမြို့) | ၅၀,၀၀၀ |
| ၃၄ | ဒေါ်နွယ်နီလှိုင် (စီမံကိန်းဦးစီးရုံး) (ကျိုက်မရောမြို့) | ၄၀,၀၀၀ |
| ၃၅ | ဦးထွန်းထွန်းဦး (မော်လမြိုင်မြို့) | ၁၀၀,၀၀၀ |
| ၃၆ | ဦးကျော်ဝင်းနိုင် (မော်လမြိုင်ကျွန်း) | ၆၀,၀၀၀ |
| ၃၇ | ဒေါ်လှိုင်လှိုင်ငွေး (မြသိန်းတန်မြန်မာ့ဆေးဆိုင်) (အောင်လံမြို့) | ၅၀၀,၀၀၀ |
| ၃၈ | ဒေါက်တာကျော်ကျော်ဆွေ+ဒေါက်တာမြတ်မြတ်ထွေး (ဟင်္သာတမြို့) | ၅၀၀,၀၀၀ |
| ၃၉ | ဦးသက်ပိုင်+ ဒေါက်တာဆွေဇင်မြင့် (မြောက်ဒဂုံမြို့နယ်) | ၃၀၀,၀၀၀ |
| ၄၀ | ဦးဝေလင်း+ဒေါ်အေးအေးရီ (မြောက်ဒဂုံမြို့နယ်) | ၂၀၀,၀၀၀ |
| ၄၁ | နဒီမင်းခိုင်(မြောက်ဒဂုံမြို့နယ်) | ၅၀,၀၀၀ |
| ၄၂ | ဦးစိုးမြင့် (မေတ္တာရှင်ရွှေပြည်သာ)(မှော်ဘီမြို့) | ၅၆၀,၀၀၀ |
| ၄၃ | ဦးအောင်စန်းဝင်း (မှော်ဘီမြို့) | ၁၀၀,၀၀၀ |
| ၄၄ | ဒေါ်ခင်စန်းနွဲ့ MEB (မှော်ဘီမြို့) | ၅၀၀,၀၀၀ |
| ၄၅ | ဦးသန့်ဇင် (ဟင်္သာတမြို့) | ၅၀၀,၀၀၀ |
| ၄၆ | ဒေါ်ရီရီမာ(ဟင်္သာတမြို့) | ၅၀,၀၀၀ |
| ၄၇ | ဦးဝင်းဆွေ+ဒေါ်ပု(ရွှေဘိုမြို့) | ၅၀,၀၀၀ |
| ၄၈ | ဒေါ်စုစုအောင် (ဟင်္သာတမြို့) | ၅၀,၀၀၀ |
| ၄၉ | ဒေါ်ခင်စော(ဟင်္သာတမြို့) | ၅၀,၀၀၀ |
| ၅၀ | ဦးမျိုးလှိုင်+ဒေါ်သူဇာတင် (ဇီဝသုခဓာတ်ခွဲခန်း) (ဟင်္သာတမြို့) | ၂၀၀,၀၀၀ |
| ၅၁ | ဦးငွေးမော်+ဒေါ်မို့မို့၊ သမီး ခိုင်သဇင်မော် မိသားစု (ညောင်ဦးမြို့) | ၅၀၀,၀၀၀ |
| ၅၂ | ဦးဟန်ဝင်းထွန်း(ရွှေဘိုမြို့) | ၁,၁၀၀,၀၀၀ |
| ၅၃ | ဦးကျော်ထွန်း(လှည်းကူးမြို့) | ၅၀,၀၀၀ |
| ၅၄ | ဒေါက်တာသိန်းဝင်း + ဒေါ်ဆွေဆွေဝင်း (ရေနံချောင်းမြို့) | ၁၀၀,၀၀၀ |
| ၅၅ | ဦးကျော်ကျော်ဆန်း (မော်လမြိုင်မြို့) | ၅၀၀,၀၀၀ |
| ၅၆ | ဒေါ်စောညွန့် (ရွှေလိပ်ပြာမုန့်တိုက်)(မော်လမြိုင်မြို့) | ၂၀၀,၀၀၀ |
| ၅၇ | မြန်မာ့စီးပွားရေးဘဏ် (မလှိုင်ဘဏ်ခွဲ) | ၄၀,၀၀၀ |
| ၅၈ | မြန်မာ့စီးပွားရေးဘဏ် (ကွမ်းလုံဘဏ်ခွဲ) | ၅၀,၀၀၀ |
| ၅၉ | အကြိုဇေယျ(၂၆) သူငယ်ချင်းများ (ဖောင်ကြီး)(မှော်ဘီမြို့) | ၁၀၀,၀၀၀ |
| ၆၀ | ဒေါက်တာမြတ်ဘုန်းထူး (လပွတ္တာမြို့) | ၂၀,၀၀၀ |
| ၆၁ | ဦးဖြိုးမောင်မောင်ဝင်း+ဒေါ်ချိုချိုအေး (လယ်ဝေးမြို့) | ၅၀၀,၀၀၀ |
| ၆၂ | ဦးငွေးအောင်+ဒေါ်မြမြစိုး (ဝေါမြို့) | ၅,၄၀၀,၀၀၀ |
| ၆၃ | ဦးမောင်စန်း (ဘားအံမြို့) | ၁၀၀,၀၀၀ |
| ၆၄ | ဒေါ်မြကြည် (ဘားအံမြို့) | ၁,၀၀၀,၀၀၀ |
| ၆၅ | ဒေါ်ခင်မိုးမိုး (သထုံမြို့) | ၆၀,၀၀၀ |
| ၆၆ | ပြည်တော်ညွန့် မိသားစု (သထုံမြို့) | ၁၀၀,၀၀၀ |
| ၆၇ | ကိုလှိုင်ကိုကိုဦး+မနီလာလင်းမိသားစု (သထုံမြို့) | ၁၀၀,၀၀၀ |
| ၆၈ | ဦးအောင်အောင်(ခ) ဒေါက်တာအောင်မိုးဟိန်း မွေးနေ့အလှူ(သထုံမြို့) | ၁၀၀,၀၀၀ |
| ၆၉ | ဒေါ်တင်တင်မြင့် (မန္တလေးမြို့) | ၃၅၀,၀၀၀ |
| ၇၀ | ဦးဘရာကိုကို (ကြည့်မြင်တိုင်မြို့နယ်) | ၁၅၁,၀၀၀ |
| ၇၁ | ဒေါ်မမ (မန္တလေးမြို့) | ၃၀၀,၀၀၀ |
| ၇၂ | ဦးသန်းနိုင်အေး (မန္တလေးမြို့) | ၅၂၀,၀၀၀ |
| ၇၃ | ဦးအောင်ဝင်းထွန်း(တာမွေမြို့နယ်) | ၁၀၀,၀၀၀ |
| ၇၄ | ဒေါ်နန်းစန်းမြင့် (မန္တလေးမြို့) | ၅၀,၀၀၀ |
| ၇၅ | ဦးစောထွန်းနိုင် (မန္တလေးမြို့) | ၁,၅၀၀,၀၀၀ |
| ၇၆ | မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊အထက်မြန်မာပြည် (မန္တလေးမြို့) | ၁၅၀,၀၀၀ |
| ၇၇ | ဒေါက်တာမျိုးညွန့် (ပါရဂူဆေးရုံ)(ရန်ကုန်မြို့) | ၁၀,၀၀၀,၀၀၀ |
| ၇၈ | ဦးဘရန်ဒီး(ခ) မာဒီး (7 Golfer ဂေါက်သီးရိုက်အဖွဲ့၊ မူဆယ်) | ၁,၀၀၀,၀၀၀ |
| ၇၉ | ဦးဘရန်ဒီး(ခ) မာဒီး(မူဆယ်မြို့) | ၁,၀၀၀,၀၀၀ |
| ၈၀ | ဦးထွန်းမြင့်(မူဆယ်မြို့) | ၅၀၀,၀၀၀ |
| ၈၁ | ဦးသက်နိုင်(မူဆယ်မြို့) | ၅၀၀,၀၀၀ |
| ၈၂ | ဦးနေဝဏ္ဏဦး(မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၈၃ | ဦးမြင့်သိန်း+ (ဒေါ်စန်းတင့်) မိသားစု (တာမွေမြို့နယ်) | ၃၀,၀၀၀ |
| ၈၄ | ဦးအောင်ငွေး (မုံရွာမြို့) | ၁၀၀,၀၀၀ |
| ၈၅ | ဦးတင်အောင်၊ သား ကိုနေမျိုးအောင် (မုံရွာမြို့) | ၂၀၀,၀၀၀ |
| ၈၆ | ဦးသန်းဆွေဦး+ မခင်မြင့်ရီ (မုံရွာမြို့) | ၁၀၀,၀၀၀ |
| ၈၇ | ဦးအောင်ကိုမင်း+ မထားထားဦး (မုံရွာမြို့) | ၁၀၀,၀၀၀ |
| ၈၈ | ဦးခင်မောင်ထွေး+ဒေါ်ယဉ်ယဉ် ချင်းတွင်းကျားမိသားစု (မုံရွာမြို့) | ၅၀၀,၀၀၀ |
| ၈၉ | ဦးဝင်းမြင့်ကြီး+ဒေါ်ကြည်ကြည်ဝင်း (မုံရွာမြို့) | ၃,၀၀၀,၀၀၀ |
| ၉၀ | ဦးသိန်း (မုံရွာမြို့) | ၁,၀၀၀,၀၀၀ |
| ၉၁ | မတင်မာထိုက်(ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၉၂ | စိုးဝင်းဦး ၊ ကောင်းခန့်ပြည့်စုံ(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၉၃ | မဝတ်ရည်မြင့် (ဗန်းမော်မြို့) | ၁၀၀,၀၀၀ |
| ၉၄ | ဒေါက်တာဆွေဆွေလှိုင် (ဗန်းမော်မြို့) | ၁၀၀,၀၀၀ |
| ၉၅ | မခင်သန်းနု (မန္တလေးမြို့) | ၃၀၀,၀၀၀ |
| ၉၆ | ဒေါ်ခင်အေး (မန္တလေးမြို့) | ၁,၀၀၀,၀၀၀ |
| ၉၇ | ကိုငွေးဝင်းလှိုင် (မန္တလေးမြို့) | ၃၀၀,၀၀၀ |
| ၉၈ | မညိုညိုမြင့် (မန္တလေးမြို့) | ၂၀၀,၀၀၀ |
| ၉၉ | ဒေါ်စုစုဆွေ (မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၁၀၀ | ဒေါ်နန်းယုဆွေ (မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၁၀၁ | မြန်မာ့မီးရထား၊ အောက်မြန်မာပြည်အုပ်ချုပ်ရေးဌာန (ရန်ကုန်) | ၁၀၀,၀၀၀ |
| ၁၀၂ | မြန်မာ့မီးရထား၊ ထောက်ပံ့ရေးဌာန (နေပြည်တော်) | ၃၀၀,၀၀၀ |
| ၁၀၃ | မြန်မာ့မီးရထား၊ ဆေးဌာန (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၁၀၄ | မြန်မာ့မီးရထား၊ စီးပွားရေးဌာန (နေပြည်တော်) | ၂၀၀,၀၀၀ |
| ၁၀၅ | မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာန (နေပြည်တော်) | ၂၀၀,၀၀၀ |

(ဆက်လက်ဖော်ပြပါမည်)

# ကနေဒါနှင့် မက္ကဆီကိုမှ နိုင်ငံ့ခေါင်းဆောင်များထံ ဂျိုးဘိုင်ဒင် ဖုန်းဖြင့်ဆက်သွယ်

ဝါရှင်တန် ဇန်နဝါရီ ၂၃

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ကနေဒါနှင့် မက္ကဆီကိုတို့မှ နိုင်ငံခေါင်းဆောင်များနှင့် ဖုန်းဖြင့်ဆက်သွယ်ကာ ပြောဆိုဆွေးနွေးခဲ့ကြောင်း သိရသည်။**



ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒို၊ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် မက္ကဆီကို သမ္မတ အန်ဒရက်စ်

နိုင်ငံခြားခေါင်းဆောင်များနှင့် ပထမဆုံးအကြိမ် ဆက်သွယ်ကာ ပြောဆိုခဲ့ခြင်းလည်း ဖြစ်သည်။ ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုနှင့် ဇန်နဝါရီ ၂၂ ရက်က ပြောဆိုဆွေးနွေးခဲ့ပြီး မက္ကဆီကိုသမ္မတ အန်ဒရက်စ် မန်နျူရယ်လိုပက်ဇ် အော်ပရာဒေါနှင့်လည်း ဇန်နဝါရီ ၂၂ ရက်တွင် သီးခြားဆွေးနွေးခဲ့သည်ဟု သိရသည်။

ကပ်ရောဂါတိုက်ဖျက်ရေး နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ အဖွဲ့အစည်းများ၊ မဟာမိတ်များနှင့် ချစ်ကြည်ရေးခိုင်မာစေရန် ထပ်လောင်းဆွေးနွေးခဲ့သည်ဟု ကနေဒါ ဝန်ကြီးချုပ်ရုံးခန်းမှ သတင်းထုတ်ပြန်သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်မှာ နှစ်လိုဖွယ်ကောင်းပြီး လေးစားစရာကောင်းကြောင်း၊ မက္ကဆီကိုနိုင်ငံနှင့် ဆက်ဆံရေးမှာ တိုးတက်လာမည်ဟု ယုံကြည်ကြောင်း မက္ကဆီကိုသမ္မတက ပြောကြားခဲ့သည်။

သမ္မတဟောင်းထရမ့်လက်ထက်တွင် မက္ကဆီကိုနယ်စပ်တွင် တံတိုင်းဆောက်လုပ်ခြင်းကြောင့် မက္ကဆီကိုနှင့် အမေရိကန်တို့ ဆက်ဆံရေးမှာ တင်းမာခဲ့ရသည်။ နယ်စပ်တွင် တံတိုင်းဆောက်လုပ်ခြင်းကိစ္စကို ရပ်နားရန် အမိန့်တွင် ဂျိုးဘိုင်ဒင်က လက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန်သမ္မတသစ် ဂျိုးဘိုင်ဒင်နှင့် ဥရောပမဟာမိတ်နိုင်ငံများမှခေါင်းဆောင်များနှင့် အခြားနိုင်ငံများမှ ခေါင်းဆောင်များ လာမည့်သီတင်းပတ်တွင် ပြောဆိုဆွေးနွေးသွားရန်ရှိသည်ဟု အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျန်ပက်စာကီက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# နာမည်ကျော် စီအင်န်အင်န်တော့ခ်ရှိုး အစီအစဉ်တင်ဆက်သူ လယ်ရီကင်း အသက် ၈၇ နှစ်တွင် ကွယ်လွန်

**ဝါရှင်တန် ဇန်နဝါရီ ၂၃**

ထောင်ပေါင်းများစွာသော ကမ္ဘာ့ခေါင်းဆောင်များ၊ နိုင်ငံရေးသမားများနှင့် ဖျော်ဖြေတင်ဆက်သူများကို တွေ့ဆုံမေးမြန်းခဲ့သည့် ဝါရင့် အမေရိကန်တော့ခ်ရှိုး အစီအစဉ်တင်ဆက်သူ လယ်ရီကင်းသည် အသက် ၈၇ နှစ်တွင် ကွယ်လွန်ခဲ့ကြောင်း ၎င်း၏တရားဝင် တွစ်တာစာမျက်နှာပေါ်တွင် ဇန်နဝါရီ ၂၃ ရက်က ထုတ်ပြန်လိုက်သော ကြေညာချက်အရ သိရသည်။

ကင်းသည် ကိုဗစ်-၁၉ ကူးစက်မှုဖြင့် လော့စ်အိန်ဂျလိစ်တွင် ဆေးရုံတင်ခဲ့ရကြောင်း မီဒီယာများစွာက ဖော်ပြခဲ့သည်။ ကင်းသည် လော့စ်အိန်ဂျလိစ်ရှိ စီဒါစီနိုင်းဆေးရုံတွင် သေဆုံးခဲ့ကြောင်း ၎င်းပူးတွဲတည်ထောင်ထားသည့် ရုပ်သံထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သော အိုရာမီဒီယာက တွစ်တာတွင် ဖော်ပြခဲ့သည်။ ၎င်းသေဆုံးရသည့်အကြောင်းရင်းကိုမူ ဖော်ပြခြင်းမရှိသေးကြောင်း သိရသည်။

၆၃ နှစ်ကျော်ကြာ ဖျော်ဖြေတင်ဆက်မှုနည်းလမ်းမျိုးစုံဖြစ်သော ရေဒီယို၊ ရုပ်မြင်သံကြား၊ ဒစ်ဂျစ်တယ်မီဒီယာအပါအဝင် တွေ့ဆုံမေးမြန်းမှု ထောင်ပေါင်းများစွာသာမက ရရှိခဲ့သောဆုများနှင့် ချီးကျူးဂုဏ်ပြုမှုများက လယ်ရီအား မီဒီယာလောကတွင် ပြိုင်ဘက်မရှိသူအဖြစ် ခိုင်မာစွာ သက်သေပြလျက်ရှိသည်။

ကမ္ဘာ့ခေါင်းဆောင်များ၊ အနုပညာသည်များနှင့် တခြားနာမည်ကျော်များအား တွေ့ဆုံမေးမြန်းမှုများကို ၁၉၈၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ တင်ဆက်ခဲ့သည့် လယ်ရီကင်း တိုက်ရိုက်အစီအစဉ်တင်ဆက်မှုကို ကြည့်ရှုသူ သန်းချီ ကြည့်ရှုလေ့ရှိကြောင်း သိရသည်။

လယ်ရီကင်း၏ တွေ့ဆုံမေးမြန်းမှုများတွင် အမေရိကန်ပြည်ထောင်စု၏ ၃၈ ယောက်မြောက်သမ္မတ ဂျီရယ်ဖို့ဒ်နှင့် ကမ္ဘာ့ခေါင်းဆောင်များဖြစ်သော ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ခေါင်းဆောင် ယာဆာအာရာဖတ်၊ အစ္စရေးဝန်ကြီးချုပ် ယစ်ဇက်ရာဘင်၊ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၊ ဆိုဗီယက်သမ္မတ မီခေးလ် ဂိုဘာချော့ဗ်၊ ရုရှားသမ္မတ ဗလာဒီမာပူတင်တို့မှသည် နာမည်ကျော် ဖျော်ဖြေရေးသမားများဖြစ်သော ဖရန့်စီနာထရာ၊ မာလွန်ဘရန်ဒို၊ ဘာဘရာ စထရိုက်ဆန့်ဒ်၊ ဘော့ဟုပ်နှင့် စနူဒေါ့တို့အထိ ပါဝင်သည်။



အမေရိကန်တော့ခ်ရှိုး အစီအစဉ်တင်ဆက်သူ လယ်ရီကင်း

လယ်ရီကင်းသည် စီအင်န်အင်န်၏ လယ်ရီကင်း တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်ကို ၂၅ နှစ်ကြာလုပ်ကိုင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် အငြိမ်းစားယူခဲ့သည်။ ထို့နောက် ၎င်း၏ကိုယ်ပိုင်ဝက်ဆိုက်တွင် တွေ့ဆုံမေးမြန်းမှုများ ဆက်လက်ပြုလုပ်ခဲ့သည်။ ထို့နောက် ၂၀၁၂ ခုနှစ်တွင် လယ်ရီကင်းနောင်းဆိုသော အစီအစဉ်တင်ဆက်မှုကို ၎င်းပူးတွဲတည်ထောင်ထားသော အိုရာတီဗွီတွင် ထုတ်လွှင့်ခဲ့သည်။

အိုရာမီဒီယာက မိမိတို့၏ ဝမ်းနည်းပူဆွေးမှုများကို လယ်ရီ၏ အသက်ရှင်ကျန်နေခဲ့သောကလေးများနှင့် မိသားစုကိုပေးပို့ခဲ့ကြောင်း၊ အသုဘအခမ်းအနားကို လယ်ရီကင်းမိသားစုနှင့် တိုင်ပင်ပြီးနောက် ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ၊ စီအင်န်အင်န်**

## ဖိုက်ဇာ-ဘိုင်ရွန်တက်ခ် ကာကွယ်ဆေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သဘောတူညီမှုရရှိ

**ဂျီနီဗာ ဇန်နဝါရီ ၂၃**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဖိုက်ဇာ - ဘိုင်ရွန်တက်ခ် ကာကွယ်ဆေး သန်း ၄၀ ရရှိရန် ကုမ္ပဏီနှင့်သဘောတူညီမှုရရှိထားပြီး ဖေဖော်ဝါရီလအတွင်း ဆင်းရဲသည့်နိုင်ငံများနှင့် ဝင်ငွေနိမ့်သည့်နိုင်ငံများသို့ ဖြန့်ဝေနိုင်ရေး စတင်လုပ်ဆောင်သွားမည်ဖြစ်သည်။

ကာကွယ်ဆေးရရှိရန် သဘောတူညီမှုရထားပြီဖြစ်ကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ်အက်ဒ်ဟာနွန် ဂီဘရီယက်ဆုက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားခဲ့သည်။ အဆိုပါ အစီအစဉ်မှာ အဖွဲ့ကြီးက ပြုလုပ်နေသည့် ကိုဗက်အစီအစဉ်အောက်သို့ ရောက်ရှိမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများသို့ ကာကွယ်ဆေးညီညီမျှမျှ ဖြန့်ဝေပေးနိုင်ရေးလုပ်ဆောင်ရန် ကိုဗက်အစီအစဉ်ကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဗြိတိန်ကုမ္ပဏီအက်စ်ထရာဇနီကာ ကာကွယ်ဆေး သန်း ၁၅၀ ရရှိရန်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သဘောတူညီမှု ပြုလုပ်ထားသည်။ ဖိုက်ဇာကာကွယ်ဆေးရရှိရန်အတွက် သဘောတူညီမှုရရှိခဲ့ခြင်းကို ကြိုဆိုကြောင်းနှင့် ကိုဗက်အစီအစဉ်၏ ကတိများအတိုင်းပြုလုပ်နိုင်ရန် နီးစပ်လာပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ် ရက်ပေါင်း ၁၀၀ အတွင်း ကျန်းမာရေးဝန်ထမ်းများနှင့် သက်ကြီးရွယ်အိုများ ကာကွယ်ဆေးထိုးပေးနိုင်ရန် နိုင်ငံများမှ ဒီထက်ပို၍ ပူးပေါင်းဆောင်ရွက်ကြရန်လည်း တောင်းဆိုထားသည်။ ကာကွယ်ဆေးထိုးပေးခြင်းအစီအစဉ်များကို ကမ္ဘာပေါ်ရှိ အချို့အစိတ်အပိုင်းများတွင် လုပ်ဆောင်နေပြီဖြစ်သော်လည်း အများစုမှာ ဖွံ့ဖြိုးပြီးနိုင်ငံများသာ ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ဆော်ပိုလိုတွင် ဘားများ၊ စားသောက်ဆိုင်များ ညဘက်ဆိုင်ပိတ်ထားရမည်

**ဆော်ပိုလို ဇန်နဝါရီ ၂၃**

ဘရာဇီးနိုင်ငံ ဆော်ပိုလိုပြည်နယ်တွင် ဇန်နဝါရီ ၂၅ ရက်မှ စတင်ကာ တင်းကျပ်သည့် ကိုဗစ် -၁၉ စည်းကမ်းများ ပြန်လည်သတ်မှတ်မည်ဖြစ်ပြီး စားသောက်ဆိုင်များ၊ ဘားများနှင့်ဈေးဆိုင်များ ညဘက်နှင့် သီတင်းပတ်အကုန်ရက်များတွင် ပိတ်ထားရမည် ဖြစ်သည်။ ကိုဗစ် - ၁၉ ကူးစက်မှုများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် စည်းကမ်းချက်များ ပြန်လည်တင်းကျပ်လိုက်ခြင်းဖြစ်သည်။

ယင်းစည်းကမ်းကန့်သတ်ချက်များမှာ ဖေဖော်ဝါရီ ၇ ရက်အထိ သက်ရောက်မှုရှိမည်ဟု ဆော်ပိုလိုအုပ်ချုပ်ရေးမှူး ဂျိုအာဒိုရီရာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ဆော်ပိုလိုသည် ချမ်းသာသည့်ပြည်နယ်တစ်ခုဖြစ်ပြီး လူဦးရေထူထပ်သည့်ပြည်နယ်လည်း ဖြစ်သည်။

ပြည်နယ်အတွင်း ဆေးရုံစနစ်များ ပြိုလဲမှုမဖြစ်စေရေးအတွက် ယခုလိုပြုလုပ်ရခြင်းဖြစ်သည်။ ဆော်ပိုလိုသည် ဘရာဇီးနိုင်ငံတွင် ကိုဗစ် - ၁၉ အဓိကကူးစက်ပြန့်ပွားရာနေရာလည်း ဖြစ်သည်။ ကူးစက်မှုများ များပြားနေသည့်အတွက် ဆေးရုံတက်ရသည့် လူအရေအတွက်နှင့် သေဆုံးမှုများမှာ စိုးရိမ်ဖွယ်ရာပင် ဖြစ်သည်။ ဘရာဇီးနိုင်ငံသားအားလုံး ကာကွယ်ဆေး မထိုးရသေးမီ အချိန်အထိ ယခုကဲ့သို့ တင်းကျပ်သည့် စည်းကမ်းများနှင့် ကပ်ရောဂါကို ရင်ဆိုင်သွားရမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆော်ပိုလိုတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၁၆၇၀၇၅၄ ဦးရှိပြီး သေဆုံးသူ ၅၀၉၃၈ ဦးရှိသည်။ **ဆင်ဟွာ**

# ရထားလမ်းတွင် တစ်ခ်တော့ခ်ရိုက်ရန် စတန့်ပြုလုပ်ရင်း ပါကစ္စတန်အမျိုးသားတစ်ဦး သေဆုံး

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၃**

ပါကစ္စတန် အမျိုးသားတစ်ဦးသည် တစ်ခ်တော့ခ်စတန့်ရိုက်ကူးရန်အတွက် ရထားလမ်းတွင် လမ်းလျှောက်ရင်း ရထားတိုက်ခံရပြီးနောက် သေဆုံးသွားခဲ့ရသည်ဟု ရဲများနှင့် ကယ်ဆယ်ရေးအဖွဲ့အရာရှိက ဇန်နဝါရီ ၂၃ ရက်တွင် ပြောသည်။

ဖေဖော်ဝါရီ ၂၂ ရက် ညပိုင်းက ရထားတိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပန်ဂျပ်ပြည်နယ် ရှာခါမြို့တွင် အခင်းဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အသက် ၁၈ နှစ်အရွယ် ဟမ်းဇာနာဗိသည် ရထားလမ်းဘေးတွင် ကပ်လျက် လမ်းလျှောက်လာပြီး ၎င်းလမ်းလျှောက်နေသည့်ပုံကို သူငယ်ချင်းဖြစ်သူက ရိုက်ကူးပေးနေခြင်းဖြစ်သည်ဟု ဒေသတွင်း ကယ်ဆယ်ရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ရာဖာကက်ဇာမန်က အေအက်ဖ်ပီသို့ ပြောသည်။



ဗီဒီယိုရိုက်ရန် ရထားလမ်းဘေးလမ်းလျှောက်နေသည့် သေဆုံးသူလူငယ်ကို တွေ့ရစဉ်။

ရထားလမ်းပေါ်တွင် လမ်းလျှောက်နေပြီး ဗီဒီယိုရိုက်ကူးနေစဉ် ရထားတိုက်ခံရခြင်းဖြစ်သည်ဟု ဇာမန်က ပြောသည်။ ကယ်ဆယ်ရေးလုပ်သားများချက်ချင်း ရောက်လာသော်လည်း အဆိုပါ လူငယ်မှာ သေဆုံးနေပြီဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆိုရှယ်မီဒီယာအကောင့်နှင့် တစ်ခ်တော့ခ်တွင် တင်ရန်အတွက် ဗီဒီယိုရိုက်ကူးနေခြင်းဖြစ်သည်ဟု သူငယ်ချင်းဖြစ်သူက ကယ်ဆယ်ရေးလုပ်သားများကို ပြောသည်။ ရဲအရာရှိတစ်ဦးက ဘူတာရုံတွင် မတော်တဆဖြစ်ပွားမှုအတွက် အခြားအသေးစိတ်အချက်အလက်များကို အတည်ပြုခဲ့သည်။

လူမှုကွန်ရက်မီဒီယာတွင် တင်ရန် ဓာတ်ပုံရိုက်ခြင်းနှင့် ဗီဒီယိုရိုက်ခြင်းမှာ ပါကစ္စတန်တွင် လတ်တလော ခေတ်စားနေသည်။ **အေအက်ဖ်ပီ**

# ၄၆ ယောက်မြောက် အမေရိကန်သမ္မတ ဘိုင်ဒင်က ကိုဗစ်-၁၉ ကယ်ဆယ်ရေးအမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုး

ဝါရှင်တန် ဇန်နဝါရီ ၂၃

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ကိုဗစ်-၁၉ ကြောင့် ဒုက္ခခံစားခဲ့ရသော ပြည်သူများအတွက် ဘဏ္ဍာငွေထောက်ပံ့ ကယ်ဆယ်ရေးအစီအစဉ်တစ်ခုကို စတင်လိုက်ကြောင်းနှင့် အဆိုပါစီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသောအမိန့်ကို ဇန်နဝါရီ ၂၃ ရက်က အိမ်ဖြူတော်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။**

အဆိုပါအမိန့်က အမေရိကန်ရှိ အလုပ်မရှိသေးသော လူ ၁၀ သန်းကျော်နှင့် အစားအစာလုံလောက်စွာမရရှိသူများအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် ငွေကြေးထောက်ပံ့ခြင်းနှင့် အစားအစာဖြန့်ဝေခြင်းများ ပါဝင်ကြောင်း သိရသည်။

**အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုး**

အမေရိကန်သမ္မတက ပြည်သူများ၏ဘဝကိုထောက်ပံ့ကူညီရန်အတွက် ၎င်း၏ ကတိကဝတ်ကို ပြသသည့်အနေဖြင့် ယခုလို ဘဏ္ဍာငွေထောက်ပံ့ကယ်ဆယ်ရေး အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံ တန်ဖိုးရှိ ၎င်း၏ အစီအစဉ်ကို လွှတ်တော်က အတည်ပြုရန် စောင့်ဆိုင်းနေရကြောင်း သိရသည်။

အနည်းဆုံးလုပ်ခလစာကို တစ်နာရီလျှင် ၁၅ ဒေါ်လာ အထိတိုးမြှင့်ရန် စီစဉ်နေကြောင်းလည်း ဘိုင်ဒင်က ပြောကြားလိုက်သည်။ အဆိုပါပမာဏသည် လက်ရှိထက် နှစ်ဆကျော်များကြောင်း သိရသည်။

**တိုက်တွန်းပြောကြား**

ကျန်းမာရေးအန္တရာယ်ကို ကျော်လွှားရန် ကောင်းမွန်သည့် လုပ်ဆောင်ချက်များကို ပိုမိုလုပ်ဆောင်ရန်လိုအပ်ကြောင်းနှင့် အမေရိကန်ပြည်ထောင်စုကြီးကို ပိုမိုအင်အားတောင့်တင်းအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း သမ္မတဘိုင်ဒင်က တိုက်တွန်းပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**



အမိန့်ထုတ်ပြန်ချက်ကို လက်မှတ်ရေးထိုးနေသော အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။




ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်

# အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်သစ်သည် သေဆုံးမှု ပိုမိုဖြစ်စေနိုင်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ပြော

**လန်ဒန် ဇန်နဝါရီ ၂၃**

နိုင်ငံအတွင်း ပထမဆုံးအတည်ပြုခဲ့သောအသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်သည် မူလမျိုးရင်းထက် သေဆုံးနိုင်သည့်အန္တရာယ် ပိုများကြောင်း ဗြိတိန်အစိုးရက ပြောကြားသည်။

အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်သစ်သည် သေဆုံးနိုင်ခြေပိုများကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဇန်နဝါရီ ၂၂ ရက်က သတင်းထောက်များကို အသိပေးပြောကြားလိုက်သည်။

အဆိုပါ မျိုးစိတ်သစ်ကူးစက်ပျံ့နှံ့နေသော ဗြိတိန်နိုင်ငံအတွင်းရှိ နေရာများတွင် နေ့စဉ်သေဆုံးသူ ၁၀၀၀ ကျော်ရှိကြောင်း သိရသည်။

အစိုးရ၏ သိပ္ပံဆိုင်ရာအကြံပေးအရာရှိချုပ် ပက်ထရစ်ခ်ဗယ်လန်က သတင်းစာရှင်းလင်းပွဲတွင် ဂျွန်ဆင်နှင့်အတူ ဆက်သွယ်ဆောင်ရွက်ခဲ့ရာ ၎င်းက မူရင်းကိုဗစ်-၁၉ ကူးစက်ခံရသည့် အသက် ၆၀ ကျော်အရွယ်အယောက် ၁၀၀၀ လျှင် ၁၀ ဦးခန့် အကြမ်းဖျင်း သေဆုံးနိုင်ကြောင်း ပြောသည်။

ယခုတွေ့ရှိခဲ့သည့် မျိုးစိတ်သစ်သည် မူရင်းမျိုးစိတ်ထက် သေဆုံးနိုင်ခြေပိုများပြီး ၁၃ ဦး သို့မဟုတ် ၁၄ ဦးအထိ သေဆုံးနိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။

သို့သော်လည်း ဗယ်လန်က သေဆုံးသည့် အရေအတွက်နှင့်ပတ်သက်ပြီး တိကျသေချာမှုတော့ မရှိသေးကြောင်းနှင့် သုတေသနများကို ပိုမိုလုပ်ဆောင်ရန်လိုအပ်ကြောင်း ထပ်လောင်းပြောကြားလိုက်သည်။

ဗယ်လန်က ကာကွယ်ဆေးများကို ဗြိတိန်နိုင်ငံတစ်ဝန်း ဆက်လက်ဖြန့်ဝေလျက်ရှိရာ ယင်းကာကွယ်ဆေးက မူလကိုရိုနာဗိုင်းရပ်စ်သာမက ထပ်မံတွေ့ရှိခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ကိုပါ ထိရောက်စွာ နှိမ်နင်းနိုင်ကြောင်း ပြောကြားလိုက်သည်။

ကိုဗစ်-၁၉လုပ်ငန်းနှင့်ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့နည်းပညာပိုင်းဆိုင်ရာ ဦးဆောင်နေသူတစ်ဦးဖြစ်သူ မာရီယာဗန်ခါကော့ဗ်က ဗြိတိန်၏ ထင်မြင်သုံးသပ်ချက်အပေါ် ဇန်နဝါရီ ၂၂ ရက်က ပြုလုပ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစည်းအဝေးတွင် မှတ်ချက်ပြုခဲ့သည်။

သေဆုံးနိုင်ခြေတိုးလာနိုင်မှုနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်မရှိသေးကြောင်း၊ သို့သော်လည်း ပြည်သူများ ပိုမိုကူးစက်မှုဖြစ်ပွားပြီး ဆေးရုံတင်လိုက်ရသည့် အခြေအနေအပေါ် စိုးရိမ်ကြောင်းနှင့် ကျန်းမာရေးစနစ် ဝန်ပိမှာကိုလည်း စိုးရိမ်ကြောင်း ၎င်းကပြောကြားလိုက်သည်။

လူနာများအပေါ် ဆရာဝန်နှင့် သူနာပြုများက အချိန်ပေးပြီး မစောင့်ရှောက်နိုင်သည့်အတွက် သေဆုံးနိုင်ခြေများခြင်း ဖြစ်နိုင်ကြောင်းကိုလည်း ၎င်းက ထောက်ပြခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျန်းမာရေးအရေးပေါ်အစီအစဉ်မှ အမှုဆောင်ညွှန်ကြားရေးမှူး မိုက်ကယ်ရန်ကသူ့အဖွဲ့အနေဖြင့် ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်သည် ပိုပြီးသေဆုံးနိုင်ခြေရှိသည်ဆိုသည့် သက်သေသာဓကများကို မတွေ့ရှိသေးကြောင်း ပြောကြားထားသည်။ လူတွေပိုမိုကူးစက်ပြီး ပိုမိုသေဆုံးခဲ့ကြသည်ကိုမူ မိမိတို့အဖွဲ့သိရှိကြောင်း ၎င်းက ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တိုကျိုရှိ အသက် ၁၀ နှစ်အောက် မိန်းကလေးတစ်ဦးတွင် ရှားရှားပါးပါး အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ်ကူးစက်ဖြစ်ပွားနေကြောင်း တွေ့ရှိ

**တိုကျို ဇန်နဝါရီ ၂၃**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မိန်းကလေးတစ်ဦး၌ ဗြိတိန်တွင် ပထမဆုံး စတင်တွေ့ရှိခဲ့သည့် အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်တစ်ခု ကူးစက်ခံထားရကြောင်းနှင့် အဆိုပါ အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်သည် ပိုမိုကူးစက်မြန်ကြောင်း သိရသည်။ အုပ်စုလိုက် ကူးစက်နိုင်ခြေရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထားသည်။

ယခုလို တွေ့ရှိမှုက တိုကျိုမြို့တော်အစိုးရအား ကိုဗစ်-၁၉ နမူနာများကို မျိုးရိုးဗီဇဆိုင်ရာလေ့လာစူးစမ်းမှုများ ပိုမိုဆောင်ရွက်စေရန် လှုံ့ဆော်ပေးသည်။ ယခုအသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိခဲ့သော မိန်းကလေးမှာ အသက် ၁၀ နှစ်အောက်သာရှိသေးကြောင်း သိရသည်။ အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်းကို ဇန်နဝါရီ ၂၂ ရက်က တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါမိန်းကလေးသည် တိုကျိုရှိ အခြားမိန်းကလေးတစ်ဦးနှင့် နီးနီးကပ်ကပ်နေထိုင်ခဲ့ကြောင်းသိရပြီး ခရီးသွားရာဇဝင်မရှိကြောင်း သိရသည်။

ဒီဇင်ဘာလမှစကာ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၁၄၀၀ လောက်တွင် ယခုလိုအသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုမျိုးကို သူတစ်ဦးတည်းတွင်သာ ရှားရှားပါးပါး တွေ့ရခြင်းဖြစ်ကြောင်း တိုကျိုမြို့တော်အစိုးရက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**



နှာခေါင်းစည်းဝတ်ဆင်ထားသော အလုပ်သွား အလုပ်ပြန်ပြည်သူများ တိုကျိုလမ်းတစ်ခုကို ဖြတ်ကူးနေကြစဉ်။

# ကယ်လီဖိုးနီးယားပြည်နယ်တွင် တစ်နေ့တည်း ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုအများဆုံးအဖြစ် စံချိန်တင်

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၃**

အမေရိကန်ပြည်ထောင်စု၏ လူဦးရေအထူထပ်ဆုံးပြည်နယ်တစ်ခုဖြစ်သည့် ကယ်လီဖိုးနီးယားပြည်နယ်တွင် ဇန်နဝါရီ ၂၂ ရက်က တစ်နေ့တည်း၌ ကိုဗစ်- ၁၉ ကြောင့် သေဆုံးမှု အများဆုံးအဖြစ် မှတ်တမ်းတင်ခဲ့သည်။

ဇန်နဝါရီ ၂၂ ရက်က အဆိုပါပြည်နယ်တွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၇၆၄ ဦးရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။ ထပ်မံသေဆုံးသူ ၇၆၄ ဦးအပါအဝင် ပြည်နယ်အတွင်း စုစုပေါင်းသေဆုံးသူ ၃၅၇၆၈ ဦးရှိလာပြီဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဌာနက ဇန်နဝါရီ ၂၂ ရက် နေ့စဉ်အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

ယခင်သီတင်းပတ်နှစ်ပတ်ခန့်က တစ်ရက်တည်း သေဆုံးသူဦးရေသည် ၇၀၈ ဦးဖြင့် အများဆုံးဖြစ်ခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများတွင်ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် လွန်ခဲ့သောတစ်ရက်က ပြည်နယ်အတွင်း ကိုဗစ်-၁၉ ဖြစ်ပွားသူ ၂၃၀၂၄ ဦးရှိခဲ့ရာမှ စုစုပေါင်းပြည်နယ်အတွင်း ကိုဗစ်- ၁၉ အတည်ပြုလူနာ ၃၀၆၂၀၆၈ ဦးရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြည်နယ်တွင် လူဦးရေသန်း ၄၀ ခန့် မှီတင်းနေထိုင်လျက်ရှိရာ ကိုဗစ်-၁၉ ဖြစ်ပွားသူ သုံးသန်းကျော်ရှိလာသည့် အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးပြည်နယ်တစ်ခုလည်း ဖြစ်သည်။

ကိုဗစ်-၁၉ ဝေဒနာရှင် ၁၈၉၈၅ ဦး လတ်တလောတွင် ဆေးရုံတင်ထားရပြီး ၎င်းတို့အနက် ၄၆၂၇ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ပြည်သူ့ကျန်းမာရေးအရာရှိများက ဇန်နဝါရီ ၂၁ ရက်အထိ လူဦးရေ ၁၇၉၅၁၇၄ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အသွင်ပြောင်း ဗိုင်းရပ်စ်အသစ်နဲ့ လူနာတွေ ပိုမိုသေဆုံးနိုင်တဲ့အန္တရာယ်

ကလျာမိုးမြင့်

**ဆေးပညာရှင်တွေ လုပ်ဆောင်ခဲ့တဲ့ ကနဦးလေ့လာတွေ့ရှိချက်တွေအရ ဗြိတိန်နိုင်ငံမှာ ထွက်ပေါ်လာတဲ့ ဗီဇပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်မျိုးစိတ်အသစ်ဟာ လူနာတွေကို ပိုပြီးသေဆုံးစေနိုင်တယ်လို့ ဖော်ပြနေတယ်လို့ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့ပါတယ်။**



**ဗိုင်းရပ်စ်အသစ်ကို ကာကွယ်နိုင်မလား**

သို့သော်လည်းပဲ သေဆုံးနိုင်တဲ့ အရေအတွက်နဲ့ ပတ်သက်လို့ မသေချာ မရေရာမှုတွေ အများအပြား ဆက်လက်ရှိနေသေးသလို နိုင်ငံတကာက ထုတ်လုပ်နေတဲ့ ကာကွယ်ဆေးတွေကလည်း ဗိုင်းရပ်စ်အသစ်ကို တိုက်ဖျက်ရာမှာ အလုပ်ဖြစ်လိမ့်မယ်လို့ မျှော်လင့်ထားကြပါတယ်။

ပထမဆုံးကူးစက်ဖြစ်ပွားတဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ် အမျိုးအစားကူးစက်ခံရတဲ့သူတွေနဲ့ ဗီဇပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်အသစ် ကူးစက်ခံခဲ့ရတဲ့ လူနာတွေမှာ ဖြစ်ရတဲ့ သေဆုံးမှုနှုန်းကို ကိန်းဂဏန်းဆိုင်ရာ နှိုင်းယှဉ်မှုတွေ လုပ်ဆောင်ခဲ့ရာက ထွက်ပေါ်လာတဲ့အချက်အလက်တွေကို ဖော်ပြခဲ့ပါတယ်။

**ကူးစက်မှုနှုန်းပိုမြန်**

ကူးစက်မှုအန္တရာယ်ပိုများတယ်လို့ ဆိုနေကြတဲ့ ဗီဇပြောင်းဗိုင်းရပ်စ်အသစ်ဟာ အခုဆိုရင် ဗြိတိန်နိုင်ငံတစ်ဝန်းမှာ ကျယ်ကျယ်ပြန့်ပြန့် ကူးစက်ဖြစ်ပွားနေပြီ ဖြစ်ပါတယ်။ ဒေါင်းနင်းလမ်းမှာ မိန့်ခွန်းပြောကြားခဲ့ချိန်အတွင်း မစ္စတာ ဂျွန်ဆင်က အသွင်ပြောင်းဗိုင်းရပ်စ်အနေနဲ့ ထပ်မံပေါ်ထွက်လာတဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်အသစ်ဟာ ကူးစက်ပျံ့နှံ့မှု ပိုပြီးမြန်ဆန်လာတဲ့အပြင် နောက်ထပ်တွေ့ရတဲ့အချက်ကတော့ လန်ဒန်မြို့နဲ့ နိုင်ငံအရှေ့တောင်ပိုင်းမှာ ပထမဆုံးတွေ့ရှိရတဲ့ ဗီဇပြောင်းဗိုင်းရပ်စ်အသစ်ဟာ သေဆုံးမှုနှုန်းကို ပိုပြီးမြင့်မားစေတယ်ဆိုတဲ့ ဆက်စပ်မှုကို ဖော်ပြနေတဲ့ အထောက်အထားတချို့ ရှိနေတယ်ဆိုတာပဲလို့ ဝန်ကြီးချုပ်က ပြောပါတယ်။

**ဖိအားကျရောက်**

ဗိုင်းရပ်စ်အသစ်ရဲ့ နောက်ဆက်တွဲသက်ရောက်မှုကကြီးမားတဲ့အတွက် သက်ဆိုင်ရာ ကျန်းမာရေးအဖွဲ့အစည်းတွေအပေါ် အပြင်းအထန်ဖိအားကျရောက်နေရတယ်လို့ သိရပါတယ်။ လက်ရှိမှာ ဗိုင်းရပ်စ်အသစ်ကြောင့် လူနာတွေ ဘယ်လောက်အထိ သေဆုံးရနိုင်တယ်ဆိုတာနဲ့ပတ်သက်လို့ အင်္ဂလန်ပြည်သူ့ကျန်းမာရေးဌာန၊ လန်ဒန်အင်ပါရီရယ်လ် ကောလိပ်နဲ့ အိတ်စီတာ တက္ကသိုလ်အပါအဝင် ဆေးပညာရှင်အများအပြားက သိရှိနိုင်ဖို့ ကြိုးစားခဲ့ပါတယ်။

**ခိုင်လုံမှုမရှိသေး**

အသစ်ထွက်ပေါ်လာတဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ်အန္တရာယ် အကြံပေးအဖွဲ့က ဆေးသိပ္ပံပညာရှင်တွေ တွေ့ရှိရတဲ့ အထောက်အထားတွေကို အကဲဖြတ်ခဲ့ကြတာပါ။ အကြံပေးအဖွဲ့က ဗီဇပြောင်းကိုဗစ်-၁၉ ဗိုင်းရပ်စ်အသစ်ဟာ လူနာတွေ သေဆုံးမှုနှုန်းပိုမြင့်လာစေတယ်ဆိုတာဟာ အမှန်တကယ် ဖြစ်နိုင်ခြေရှိတယ်လို့ ကောက်ချက်ချခဲ့ပေမယ့် အဲဒါက တိကျသေချာတဲ့ ဆုံးဖြတ်ချက်တစ်ခု မဟုတ်သေးပါဘူး။

အစိုးရရဲ့ ဆေးသိပ္ပံဆိုင်ရာ အကြံပေးအကြီးအကဲ ဆာပက်ထရစ်ဗယ်လင်စီက ဗိုင်းရပ်စ်အသစ်နဲ့ပတ်သက်ပြီး ရရှိထားတဲ့ အချက်အလက်တွေဟာ ခိုင်လုံမှုမရှိသေးဘူးလို့ဆိုပါတယ်။ ဗိုင်းရပ်စ်အသစ်က ကူးစက်မှုပိုမြန်တယ်၊ သေဆုံးမှုနှုန်း ပိုများတယ်ဆိုတာတွေဟာ စိုးရိမ်ပူပန်မှုတစ်ခုအနေနဲ့ပဲ ရှိနေသေးတယ်။ တိကျခိုင်လုံတဲ့ အထောက်အထားတွေ ဖော်ပြနိုင်ဖို့ ဒီထက်ပိုပြီး အလုပ်လုပ်ရဦးမယ်လို့ ၎င်းက ထောက်ပြခဲ့ပါတယ်။

**ဘယ်လောက်မြန်ဆန်သလဲ**

ကနဦးလေ့လာမှုရလဒ်တွေအရ ဗိုင်းရပ်စ်အသစ်ရဲ့ ကူးစက်မှုဟာ တခြားဗိုင်းရပ်စ်တွေထက် မြန်ဆန်မှုနှုန်း ၃၀ ရာခိုင်နှုန်းနဲ့ ၇၀ ရာခိုင်နှုန်းအတွင်းမှာ ရှိတယ်လို့ ဖော်ပြထားပြီး သေဆုံးမှုနှုန်းအားဖြင့်လည်း ၃၀ ရာခိုင်နှုန်း ပိုတယ်ဆိုပြီး တစ်စွန်းတစ်စဖော်ပြနေတာတွေ ရှိပါတယ်။ သာဓကအားဖြင့် ဖော်ပြရရင် ဗီဇမပြောင်းသေးတဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ် ကူးစက်ခံရသူ အယောက် ၁၀၀၀ မှာ အသက် ၆၀ အရွယ် လူနာ ၁၀ ယောက်အထိ သေဆုံးနိုင်တယ်ဆိုရင် ဗီဇပြောင်းဗိုင်းရပ်စ်အသစ် ကူးစက်ခံရတဲ့ လူနာအယောက် ၁၀၀၀ မှာ ၁၃ ယောက်အထိ သေဆုံးနိုင်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**ပိုပြီး နားလည်ကျွမ်းကျင်လာ**

ကိုဗစ်-၁၉ ဗိုင်းရပ်စ် ပေါ့စတစ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိသူအားလုံးကို လေ့လာလိုက်တဲ့အခါမှာ ခြားနားချက်ကို တွေ့ရတယ်ဆိုတာမှန်ပေမယ့် ဆေးရုံကရတဲ့ အချက်အလက်တစ်ခုတည်းကို လေ့လာစိစစ်ခြင်းအားဖြင့် သေဆုံးနှုန်းမြင့်လာတယ်ဆိုတဲ့အချက်ကို တွေ့ရခြင်း မရှိဘူးလို့ သိရပါတယ်။

ရောဂါကို ကုသတဲ့နေရာမှာ ဆရာဝန်တွေအနေနဲ့ ကပ်ရောဂါစဖြစ်ချိန်ကထက် ပိုပြီးနားလည်ကျွမ်းကျင်လာတဲ့အတွက်ကြောင့် ကပ်ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ်နဲ့ပတ်သက်ပြီး ဆေးရုံကပေးတဲ့ စောင့်ရှောက်ကုသမှုတွေဟာလည်း ပိုပြီးတိုးတက်မှုရှိလာပါတယ်။

ဗီဇပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်အသစ်ကို ပြီးခဲ့တဲ့ စက်တင်ဘာလက ကင့်မြို့မှာ စတင်စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ အခုအချိန်မှာတော့ အဲဒီဗီဇပြောင်းဗိုင်းရပ်စ်ဟာ အင်္ဂလန်နဲ့ မြောက်အိုင်ယာလန်တို့မှာ အတွေ့ရအများဆုံး ဖြစ်လာခဲ့ပြီး နိုင်ငံပေါင်း ၅၀ အထိ ကူးစက်ပျံ့နှံ့ရောက်ရှိသွားခဲ့ပြီ ဖြစ်ပါတယ်။

**ပိုပြီးစိုးရိမ်ရတဲ့ ဗိုင်းရပ်စ်မျိုးကွဲနှစ်ခု**

ဗြိတိန်မှာ ပေါ်ထွက်လာတဲ့ ဗီဇပြောင်း ကိုဗစ်- ၁၉ ဗိုင်းရပ်စ်အသစ်ကို တိုက်ဖျက်ဖို့ ကြိုးပမ်းရာမှာ ဖိုက်ဇာနဲ့ အောက်စဖို့ဒ်-အက်စ်ထရာဇနီကာရဲ့ ကာကွယ်ဆေးနှစ်မျိုးလုံးက ထိရောက်လိမ့်မယ်လို့ မျှော်လင့်ထားကြပါတယ်။ ဒါပေမယ့် တောင်အာဖရိကနဲ့ ဘရာဇီးတို့မှာ ပေါ်ထွက်လာတဲ့ နောက်ထပ် ဗိုင်းရပ်စ်မျိုးကွဲနှစ်ခုနဲ့ ပတ်သက်ပြီးတော့ ပိုပြီးစိုးရိမ်စရာရှိတယ်လို့ ဆေးသိပ္ပံဆိုင်ရာအကြံပေးအဖွဲ့ အကြီးအကဲ ဆာပက်ထရစ်က ဆိုပါတယ်။

**ထိရောက်နိုင်စွမ်းနည်းပါး**

အဲဒီဗိုင်းရပ်စ်မျိုးကွဲနှစ်ခုအပေါ်မှာ ကာကွယ်ဆေးရဲ့ ထိရောက်နိုင်စွမ်းနည်းပါးတယ်လို့ ဆိုရတဲ့ လက္ခဏာတချို့ တွေ့ရတယ်။ ဒါကြောင့် လတ်တလောအချိန်မှာ အဲဒီဗိုင်းရပ်စ်နှစ်မျိုးက ဗြိတိန်မှာပေါ်လာတဲ့ ဗိုင်းရပ်စ်အသစ်ထက် ပိုပြီး စိုးရိမ်ရတယ်ဆိုတာ သေချာတဲ့အတွက် အဲဒီဗိုင်းရပ်စ်မျိုးကွဲနှစ်ခုကို ဆက်လက်စောင့်ကြည့်နေဖို့နဲ့ သေချာစွာ ဆက်ပြီးလေ့လာဖို့က အရေးကြီးတယ်လို့ ဆာပက်ထရစ်က အကြံပြုခဲ့ပါတယ်။ ။

ကိုးကား- ဘီဘီစီ၊ဆင်ဟွာ

**"ကနဦးလေ့လာမှုရလဒ်တွေအရ ဗိုင်းရပ်စ်အသစ်ရဲ့ ကူးစက်မှုဟာ တခြားဗိုင်းရပ်စ်တွေထက် မြန်ဆန်မှုနှုန်း ၃၀ ရာခိုင်နှုန်းနဲ့ ၇၀ ရာခိုင်နှုန်းအတွင်းမှာ ရှိတယ်လို့ ဖော်ပြထားပြီး သေဆုံးမှုနှုန်းအားဖြင့်လည်း ၃၀ ရာခိုင်နှုန်း ပိုတယ်ဆိုပြီး တစ်စွန်းတစ်စဖော်ပြနေတာတွေ ရှိပါတယ်။ သာဓကအားဖြင့် ဖော်ပြရရင် ဗီဇမပြောင်းသေးတဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ် ကူးစက်ခံရသူ အယောက် ၁၀၀၀ မှာ အသက် ၆၀ အရွယ် လူနာ ၁၀ ယောက်အထိ သေဆုံးနိုင်တယ်ဆိုရင် ဗီဇပြောင်းဗိုင်းရပ်စ်အသစ် ကူးစက်ခံရတဲ့ လူနာအယောက် ၁၀၀၀ မှာ ၁၃ ယောက်အထိ သေဆုံးနိုင်"**

## နိုင်ငံတကာသတင်းတိုထွာ

### အာဖဂန်နစ္စတန် အရှေ့ပိုင်းတွင် တာလီဘန်အဓိကတပ်မှူး တစ်ဦး အသတ်ခံရ

ဂျလာလာဘတ် ဇန်နဝါရီ ၂၃

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းနန်ဂဟာပြည်နယ် ပတ်ချရာဂန်ခရိုင်တွင် တာလီဘန် အဓိကတပ်မှူးတစ်ဦးဖြစ်သူ မူလာဂတ်ဖာ အသတ်ခံရကြောင်း ပြည်နယ်အစိုးရက ဇန်နဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နာမည်ဆိုးဖြင့် ကျော်ကြားသည့် တာလီဘန်တပ်မှူး မူလာဂတ်ဖာကို အရှင်ဖမ်းဆီးနိုင်ရေး ပတ်ချရာဂန်ခရိုင်တွင် ဇန်နဝါရီ ၂၂ ရက် ညပိုင်းက စစ်ဆင်ရေးဆင်နွှဲခဲ့သော်လည်း ခုခံတိုက်ခိုက်ခဲ့သည့်အတွက် အသေသာဖမ်းဆီးမိခဲ့ကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။

မူလာဂတ်ဖာသည် တာလီဘန်အုပ်စုအတွက် လူသစ်စုဆောင်းပေးသူဖြစ်ပြီး ဂတ်ဖာသေဆုံးသွားသည့်အတွက် နန်ဂဟာပြည်နယ်နှင့် အနီးတစ်ဝိုက်တွင် လက်နက်ကိုင်သူပုန်များ အဓိကနောက်ဆုတ်သွားနိုင်သည်ဟု ဖော်ပြထားသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ တာလီဘန်အုပ်စုဘက်က မည်သည့်မှတ်ချက်မျှ ပြောဆိုခဲ့ခြင်းမရှိပေ။

ဆင်ဟွာ

### ဘဂ္ဂဒက်လေဆိပ်သို့ ဒုံးကျည်သုံးစင်းပစ်ခတ်ခံရဟု အီရတ် တပ်ဖွဲ့ပြော

ဘဂ္ဂဒက် ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်ခံရပြီး သေကြေပျက်စီးမှုမရှိဟု အီရတ်တပ်ဖွဲ့က ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

ဇန်နဝါရီ ၂၂ ရက်ညပိုင်းက ဒုံးကျည်ဖြင့် ပစ်ခတ်ခံရခြင်းဖြစ်ပြီး လေယာဉ်ကွင်းအပြင်ဘက်တွင် ဒုံးကျည်များ ကျရောက်ခဲ့ခြင်းဖြစ်သည်ဟု အီရတ်နိုင်ငံ၏ ပူးတွဲစစ်ဆင်ရေး ညွှန်ကြားမှုရုံးမှ သတင်းမီဒီယာဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဒုံးကျည်တစ်စင်းမှာ အယ်ဂျီဟတ်ခရိုင် အနီးရှိနေအိမ်တစ်လုံးကို ထိမှန်ခဲ့ပြီး အဆောက်အအုံပျက်စီးသွားခဲ့ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ပါဝင်သည်။

ယင်းတိုက်ခိုက်ခံရမှုနှင့်ပတ်သက်ပြီး မည်သည့်အုပ်စု၏လက်ချက်ဖြစ်ကြောင်းကိုမူ မသိရသေးပေ။ အီရတ်ရှိ အမေရိကန်တို့ အခြေစိုက်ရာစခန်းများနှင့် အမေရိကန်သံရုံးရှိရာ ဂရင်းဇုန်တို့တွင် မကြာခဏဆိုသလို ပစ်မှတ်ထားတိုက်ခိုက်ခြင်းခံရလေ့ရှိသည်။

ဆင်ဟွာ

## ကာကွယ်ဆေးရောက်တော့မယ်ဆိုပြီး မပေ့ါပါနဲ့



ကာကွယ်ဆေးရောက်တော့မယ်ဆိုပြီး မပေ့ါပါနဲ့၊ ပေ့ါပေ့ါဆဆမနေပါနဲ့လို့ ကျွန်မတိုက်တွန်းပါရစေ။ ဒါဟာ သိပ်ပြီးတော့ အရေးကြီးပါတယ်။ စောစောက ကျွန်မပြောတဲ့ အတိုင်းပဲ၊ နှစ်ကြိမ်ထိုးမှ ဒီကာကွယ်ဆေးဟာ ထိရောက်မှာပါ။ တစ်ကြိမ်နဲ့ တစ်ကြိမ် ကြားထဲမှာလည်း ၂၈ ရက်စောင့်ရပါတယ်။ ဒီတော့ ပထမဦးဆုံး ထိုးပေးလိုက်တဲ့ နောက်အပတ်မှာစပြီး ပထမဆုံးထိုးပေးလိုက်တဲ့ အုပ်စုဟာ ပထမတစ်ကြိမ်ထိုးပြီးတာနဲ့ ပြီးသွားပြီဆိုပြီးတော့ အေးအေးဆေးဆေးနေလို့မဖြစ်ပါဘူး။ ကျွန်မတို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကနေ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း ဆက်ပြီးတော့ မိမိကိုယ်ကိုယ် မိမိကာကွယ်သွားရမှာ ဖြစ်ပါတယ်။ မျက်နှာဖုံးတပ်ရမယ်၊ လက်ဆေးရမယ်၊ လူစုလူဝေးကြားထဲမှာ မသွားရဘူး၊ ခပ်ခွာခွာနေရမယ် စသဖြင့်ပေ့ါ။ ဒီအခြေခံစည်းမျဉ်းစည်းကမ်းတွေကိုဆက်ပြီးတော့ လိုက်နာသွားဖို့ လိုပါတယ်။ အဲဒါပြီး ၂၈ ရက်အကြာမှာ ဒုတိယအကြိမ်ထိုးရပါမယ်။ ပထမအကြိမ် ထိုးပြီးတော့ ပေ့ါဆပြီး စည်းမျဉ်းစည်းကမ်းတွေအရ မနေလို့၊ စည်းမျဉ်း စည်းကမ်းတွေကို အလေးမထားလို့ အဲဒီကြားထဲမှာ ရောဂါဖြစ်မယ်ဆိုရင် ဘယ်လောက် နှမြောစရာကောင်းမလဲ။ ကျွန်မတို့ ပထမအကြိမ်ထိုးပေးတဲ့ ဆေးကလည်း အဟောသိကံ ဖြစ်သွားမယ်။ နောက် ၂၈ ရက်စောင့်ရုံလောက်နဲ့ ကာကွယ်ဆေးရဲ့အာနိသင်အပြည့်အဝရနိုင်မယ့် အခွင့်အရေးကိုလည်း လွတ်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုကတည်းက နေပြီး သတိပေးပါရစေ။ ပထမအကြိမ်ထိုးပြီးရင် ပိုပြီးတော့တောင်မှ သတိထားဖို့ လိုပါတယ်။ တန်အောင်လို့၊ ပထမအကြိမ်ထိုးခဲ့ရကျိုးတန်အောင်လို့ အထူးသတိထားပါ။ ဒါမှ ဒုတိယအကြိမ်လည်း ထိုးလိုက်ရော ဒါဟာကာကွယ်ဆေးရဲ့ အာနိသင်ကို အပြည့်အဝရမှာ ဖြစ်ပါတယ်။

( Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၁–၁–၂၀၂၁ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## နေပြည်တော်တွင် အများပြည်သူများနှာခေါင်းစည်း တပ်ဆင်အသုံးပြုရေး ကိုဗစ်-၁၉ သတိပေးအရုပ် ဖွင့်လှစ်ထားရှိ

**ပျဉ်းမနား ဇန်နဝါရီ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ပြည်သူများ နှာခေါင်းစည်း တပ်ဆင်အသုံးပြု၍ သွားလာကြစေရန် ရည်ရွယ်ကာ ပျဉ်းမနားမြို့နယ် မျှဝေသောလက်များ ပရဟိတအသင်းက ပြုလုပ်ထားရှိသည့် ကိုဗစ်–၁၉ သတိပေးအရုပ်ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ အရုပ်ထားရှိရာ ပျဉ်းမနားမြို့ အနောက်ဘက်အထွက် (ပျဉ်းမနား–တောင်ညို) ကားလမ်းမကြီးဘေး၌ ကျင်းပသည်။

ကိုဗစ်–၁၉ သတိပေးအရုပ်ဖွင့်ပွဲတွင် နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အမှာစကား ပြောကြားပြီး ပျဉ်းမနားမြို့ မျှဝေသောလက်များ ပရဟိတ အသင်းဥက္ကဋ္ဌ ဒေါက်တာပေါ်မြင့်ဦးက ကိုဗစ်–၁၉ သတိပေး အရုပ် ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ နှာခေါင်းစည်း တစ်ခါလေး မတပ်ရုံဖြင့် သန်းပေါင်းများစွာသော ပိုးမွှားများ မိမိ ခန္ဓာကိုယ်ထဲကို ဝင်နိုင်ကာ မိမိခန္ဓာကိုယ်ထဲရှိ ပိုးမွှားများလည်း ဘေးလူကို ပျံ့နှံ့နိုင်ကြောင်း၊ ထို့ကြောင့် နှာခေါင်းစည်းတပ်ဆင်ရေး သတိရှိစေရန်အတွက် ယခုကဲ့သို့ ကိုဗစ်–၁၉ သတိပေးအရုပ်ကို စိုက်ထူထားရှိခြင်းဖြစ်ကြောင်းနှင့် အဆိုပါအရုပ်ကို မျှဝေသောလက်များ ပရဟိတအသင်းသို့ ကိုဗစ်–၁၉နှင့် ပတ်သက်သည့် လှူဒါန်းငွေဖြင့် သတိပေးအရုပ်ကို အထဲတွင်သံကိုအသုံးပြုကာ အပြင်မှ ဝါးနှင့် ကြိမ်တို့ပေါင်းစပ်၍ ပြုလုပ်ထားခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ စိုးလျှပ်စစ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကျော်မင်းထွန်း၊ ပျဉ်းမနားမြို့ မျှဝေသောလက်များ ပရဟိတအသင်းဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက ကိုဗစ်–၁၉ သတိပေးအရုပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဖွင့်ပွဲသို့ တက်ရောက်လာသည့် တာဝန်ရှိသူများက ပျဉ်းမနား–တောင်ညိုကားလမ်းမကြီးတွင် သွားလာလျက်ရှိသည့် ပြည်သူများအား နှာခေါင်းစည်းတပ်ဆင်သွားလာစေရေး နှာခေါင်းစည်းများ ဖြန့်ဝေပေးကြောင်း သိရသည်။ **(အပေါ်ပုံ)**

**စိုးမိုး(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့် အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။

(၁၄–၁–၂၀၂၁)ရက်နေ့မှ (၂၃–၁–၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှအရေအတွက်မှာ (၁၉,၄၄၈) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် “ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)” ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းနှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစု စီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၂၃–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၀,၃၉၇) ဦး | (၂,၂၅၀,၁၄၁) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၅၀၇) ဦး | (၁၃၇,၀၉၈) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၅၈၁) ဦး | (၁၂၁,၁၂၄) ဦး |
| သေဆုံးလူနာ | (၁၄) ဦး | (၃,၀၄၅) ဦး |

- ယနေ့ **သေဆုံးသူ (၁၄) ဦး**အနက် ရောဂါအခံရှိသူ (၁၀) ဦးပါရှိပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၅၈၁) ဦးတွင် –
  - o ဆေးရုံများ – (၄၆၅) ဦး
  - o COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၁၁၆) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၆၂၅) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၃-၁-၂၀၂၁) ရက်နေ့၊ ညနေ (၆)နာရီ

၁။ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၂၂-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၁၃၆,၅၉၁) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၂၂-၁-၂၁) အထိ | (၉-၁-၂၀၂၁) ရက်နေ့မှ (၂၂-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၉-၀၁-၂၁ | ၁၀-၀၁-၂၁ | ၁၁-၀၁-၂၁ | ၁၂-၀၁-၂၁ | ၁၃-၀၁-၂၁ | ၁၄-၀၁-၂၁ | ၁၅-၀၁-၂၁ | ၁၆-၀၁-၂၁ | ၁၇-၀၁-၂၁ | ၁၈-၀၁-၂၁ | ၁၉-၀၁-၂၁ | ၂၀-၀၁-၂၁ | ၂၁-၀၁-၂၁ | ၂၂-၀၁-၂၁ |
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁ | မြောက်ဥက္ကလာပ | ၅၈၆၃ | ၉ | ၁၂ | ၈ | ၁၄ | ၆ | ၁၂ | ၅ | ၁၃ | ၂ | ၁ | ၄ | ၅ | ၃ | ၉ |
| ၂ | မင်္ဂလာဒုံ | ၆၀၆၃ | ၆ | ၂၅ | ၁၄ | ၁၃ | ၁၂ | ၈ | ၆ | ၃ | ၅ | ၅ | ၆ | ၈ | ၇ | ၆ |
| ၃ | လှိုင်သာယာ | ၄၈၂၈ | ၉ | ၄ | ၅ | ၉ | ၇ | ၄ | ၉ | ၃ | ၃ | ၁ | ၄ | ၆ | ၂ | ၅ |
| ၄ | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၂၁၆ | ၇ | ၃ | ၃ | ၅ | ၃ | ၁၁ | ၃ | ၃ | ၄ | ၁၃ | ၄ | ၈ | ၄ | ၅ |
| ၅ | လှိုင် | ၂၉၈၁ | ၄ | ၂ | ၄ | ၅ | ၀ | ၄ | ၂ | ၂ | ၂ | ၁ | ၀ | ၉ | ၅ | ၅ |
| ၆ | တောင်ဥက္ကလာပ | ၃၀၁၀ | ၁၁ | ၃ | ၁ | ၆ | ၁၀ | ၇ | ၃ | ၁၃ | ၈ | ၃ | ၅ | ၃ | ၉ | ၅ |
| ၇ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၃၄၃ | ၅ | ၁၅ | ၁၀ | ၆ | ၇ | ၁၇ | ၃ | ၁၃ | ၁ | ၂ | ၇ | ၃ | ၁ | ၅ |
| ၈ | သင်္ဃန်းကျွန်း | ၄၅၆၂ | ၁၇ | ၇ | ၁၃ | ၁၆ | ၆ | ၁၀ | ၃ | ၄ | ၆ | ၈ | ၄ | ၀ | ၅ | ၄ |
| ၉ | တာမွေ | ၃၀၃၂ | ၁ | ၁၁ | ၇ | ၁၀ | ၁ | ၂ | ၅ | ၁ | ၄ | ၁၁ | ၀ | ၃ | ၃ | ၄ |
| ၁၀ | ကြည့်မြင်တိုင် | ၂၀၅၁ | ၁ | ၈ | ၁ | ၇ | ၂ | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၂ | ၁ | ၄ |
| ၁၁ | စမ်းချောင်း | ၂၀၄၉ | ၆ | ၇ | ၃ | ၄ | ၇ | ၃ | ၃ | ၁ | ၅ | ၆ | ၀ | ၂ | ၄ | ၄ |
| ၁၂ | မရမ်းကုန်း | ၃၈၈၂ | ၃ | ၁၃ | ၉ | ၁၁ | ၂ | ၅ | ၁၀ | ၁၄ | ၅ | ၂ | ၇ | ၁ | ၁၁ | ၃ |
| ၁၃ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၀၇၇ | ၃၄ | ၆၁ | ၁၄ | ၅ | ၁၅ | ၆ | ၂ | ၄ | ၉ | ၀ | ၆ | ၇ | ၂ | ၃ |
| ၁၄ | လမ်းမတော် | ၁၃၀၅ | ၂ | ၂ | ၃ | ၃ | ၄ | ၀ | ၁ | ၇ | ၂ | ၃ | ၆ | ၆ | ၀ | ၃ |
| ၁၅ | သာကေတ | ၂၄၀၆ | ၃ | ၀ | ၉ | ၀ | ၆ | ၃ | ၅ | ၁ | ၅ | ၃ | ၁ | ၃ | ၁ | ၂ |
| ၁၆ | ကျောက်တန်း | ၉၆၃ | ၄ | ၇ | ၂ | ၆ | ၄ | ၃ | ၃ | ၂ | ၂ | ၁ | ၂ | ၀ | ၂ | ၂ |
| ၁၇ | လသာ | ၈၁၂ | ၄ | ၂ | ၂ | ၆ | ၁ | ၀ | ၁ | ၄ | ၂ | ၂ | ၃ | ၂ | ၁ | ၂ |
| ၁၈ | တိုက်ကြီး | ၆၆၅ | ၂ | ၄ | ၀ | ၂ | ၃ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၂ |
| ၁၉ | ကွမ်းခြံကုန်း | ၃၀၄ | ၀ | ၄ | ၃ | ၀ | ၁ | ၄ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၁ | ၂ |
| ၂၀ | အင်းစိန် | ၄၆၃၆ | ၉ | ၇ | ၄ | ၀ | ၉ | ၂ | ၁၁ | ၁ | ၂ | ၁၀ | ၀ | ၃ | ၁၀ | ၁ |
| ၂၁ | သန်လျင် | ၂၈၇၀ | ၁၂ | ၄ | ၆ | ၃ | ၄ | ၃ | ၇ | ၁ | ၃ | ၄ | ၁ | ၂ | ၃ | ၁ |
| ၂၂ | မှော်ဘီ | ၂၁၇၀ | ၃ | ၁၀ | ၁၁ | ၇ | ၃ | ၅ | ၇ | ၃၃ | ၆ | ၀ | ၆ | ၃ | ၇ | ၁ |
| ၂၃ | ရန်ကင်း | ၁၃၁၁ | ၆ | ၄ | ၄ | ၅ | ၇ | ၄ | ၃ | ၀ | ၆ | ၁ | ၃ | ၁ | ၂ | ၁ |
| ၂၄ | ဒဂုံဆိပ်ကမ်း | ၁၂၆၁ | ၀ | ၀ | ၁ | ၁ | ၁ | ၂ | ၂ | ၁ | ၅ | ၀ | ၀ | ၀ | ၁ | ၁ |
| ၂၅ | ဒေါပုံ | ၁၁၁၀ | ၃ | ၂ | ၂ | ၀ | ၂ | ၁ | ၁ | ၀ | ၂ | ၀ | ၁ | ၂ | ၁ | ၁ |
| ၂၆ | အလုံ | ၁၁၁၆ | ၂ | ၁ | ၁ | ၃ | ၄ | ၁ | ၄ | ၂ | ၂ | ၇ | ၁ | ၁၀ | ၁ | ၁ |
| ၂၇ | တွံတေး | ၉၃၁ | ၁ | ၂ | ၀ | ၃ | ၀ | ၀ | ၀ | ၂ | ၂ | ၂ | ၀ | ၀ | ၁ | ၁ |
| ၂၈ | ဒဂုံ | ၇၀၇ | ၁ | ၁ | ၂ | ၃ | ၃ | ၃ | ၁ | ၃ | ၀ | ၁ | ၀ | ၁ | ၀ | ၁ |
| ၂၉ | ကျောက်တံတား | ၆၄၇ | ၁ | ၀ | ၂ | ၁ | ၂ | ၁ | ၀ | ၅ | ၀ | ၁ | ၂ | ၂ | ၁ | ၁ |
| ၃၀ | ဆိပ်ကြီးခနောင်တို | ၄၄၂ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၃၁ | ရွှေပြည်သာ | ၃၈၀၆ | ၆ | ၆ | ၁ | ၃ | ၆ | ၃ | ၄ | ၃ | ၀ | ၁ | ၃ | ၁ | ၂ | ၀ |
| ၃၂ | ကမာရွတ် | ၂၄၉၄ | ၁၃ | ၈ | ၂ | ၂ | ၆ | ၁ | ၇ | ၂ | ၀ | ၃ | ၁ | ၀ | ၁ | ၀ |
| ၃၃ | မင်္ဂလာတောင်ညွန့် | ၁၈၇၂ | ၃ | ၄ | ၂ | ၃ | ၆ | ၄ | ၉ | ၁၀ | ၄ | ၃ | ၁ | ၇ | ၂ | ၀ |
| ၃၄ | ဗဟန်း | ၁၅၅၅ | ၂ | ၂ | ၅ | ၇ | ၂ | ၁ | ၂ | ၀ | ၂ | ၃ | ၀ | ၀ | ၂ | ၀ |
| ၃၅ | ဒလ | ၁၄၁၄ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၃၆ | ဗိုလ်တထောင် | ၁၁၇၆ | ၂ | ၁ | ၁ | ၂ | ၂ | ၁ | ၀ | ၂ | ၀ | ၂ | ၂ | ၁ | ၀ | ၀ |
| ၃၇ | လှည်းကူး | ၁၁၂၆ | ၅ | ၂ | ၆ | ၂ | ၂ | ၇ | ၁ | ၁ | ၁ | ၁ | ၂ | ၁ | ၁ | ၀ |
| ၃၈ | ပန်းဘဲတန်း | ၈၈၄ | ၄ | ၁ | ၀ | ၁ | ၀ | ၂ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၀ |
| ၃၉ | ပုဇွန်တောင် | ၈၃၄ | ၁ | ၀ | ၀ | ၀ | ၃ | ၄ | ၂ | ၃ | ၀ | ၁၈ | ၁ | ၁ | ၀ | ၀ |
| ၄၀ | ထန်းတပင် | ၆၄၁ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| ၄၁ | ခရမ်း | ၄၃၉ | ၀ | ၁ | ၁ | ၂ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၄၂ | သုံးခွ | ၄၂၃ | ၀ | ၀ | ၁ | ၃ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | ၀ |
| ၄၃ | ကော့မှူး | ၃၂၁ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၈၆၅၉၈ | ၂၀၃ | ၂၄၆ | ၁၆၅ | ၁၈၃ | ၁၅၉ | ၁၄၈ | ၁၃၁ | ၁၆၂ | ၁၀၅ | ၁၂၅ | ၈၆ | ၁၀၆ | ၁၀၁ | ၈၆ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၄၄ | တောင်သာ | ၃၂၂ | ၃ | ၆ | ၇ | ၉ | ၀ | ၁၃ | ၁၂ | ၃ | ၅ | ၀ | ၁ | ၁၇ | ၁ | ၃၇ |
| ၄၅ | ချမ်းအေးသာစံ | ၂၇၄၈ | ၁၂ | ၁၃ | ၂၀ | ၂၀ | ၉ | ၁၀ | ၁၅ | ၁၀ | ၁၂ | ၁၀ | ၃ | ၁၀ | ၁၆ | ၂၁ |
| ၄၆ | မဟာအောင်မြေ | ၂၅၄၂ | ၁၄ | ၁၆ | ၁၀ | ၁၅ | ၂ | ၁၃ | ၂၁ | ၇ | ၁၃ | ၁၄ | ၁၁ | ၉ | ၁၅ | ၁၂ |
| ၄၇ | မိုးကုတ် | ၇၇ | ၀ | ၀ | ၀ | ၀ | ၁ | ၄ | ၀ | ၀ | ၇ | ၀ | ၀ | ၁ | ၁၀ | ၁၂ |
| ၄၈ | ပြည်ကြီးတံခွန် | ၁၀၁၁ | ၁၂ | ၁၁ | ၁၄ | ၁၁ | ၈ | ၇ | ၄ | ၁၀ | ၇ | ၇ | ၁၄ | ၇ | ၈ | ၁၀ |
| ၄၉ | ပုသိမ်ကြီး | ၇၁၇ | ၆ | ၁၀ | ၄ | ၃ | ၁၈ | ၄ | ၇ | ၆ | ၄ | ၁၃ | ၆ | ၁၂ | ၉ | ၁၀ |
| ၅၀ | အောင်မြေသာစံ | ၂၅၈၉ | ၁၅ | ၁၁ | ၉ | ၁၇ | ၁၈ | ၁၄ | ၂၇ | ၁၅ | ၂၈ | ၂၂ | ၈ | ၂၃ | ၈ | ၉ |
| ၅၁ | မြင်းခြံ | ၄၉၈ | ၅ | ၁၁ | ၁ | ၀ | ၅ | ၉ | ၂ | ၁၀ | ၀ | ၁ | ၇ | ၀ | ၁ | ၉ |
| ၅၂ | အမရပူရ | ၁၆၃၃ | ၉ | ၁၀ | ၁၈ | ၆ | ၉ | ၂ | ၁၁ | ၄ | ၇ | ၆ | ၇ | ၇ | ၄ | ၈ |
| ၅၃ | ချမ်းမြသာစည် | ၂၀၀၆ | ၂၃ | ၂၀ | ၂၆ | ၁၄ | ၁၈ | ၁၇ | ၂၂ | ၁၇ | ၈ | ၁၀ | ၁၄ | ၁၁ | ၂ | ၆ |
| ၅၄ | ကျောက်ဆည် | ၂၂၂ | ၁ | ၂ | ၁ | ၂ | ၄ | ၂ | ၆ | ၂ | ၇ | ၃ | ၁၃ | ၁၀ | ၅ | ၃ |
| ၅၅ | စဉ့်ကိုင် | ၃၂၅ | ၄ | ၁ | ၁ | ၁ | ၁ | ၁၃ | ၄ | ၀ | ၆ | ၀ | ၀ | ၁၄ | ၂ | ၂ |
| ၅၆ | ကျောက်ပန်းတောင်း | ၁၈၄ | ၀ | ၃ | ၁၁ | ၀ | ၈ | ၇ | ၉ | ၂ | ၁ | ၅ | ၈ | ၀ | ၀ | ၂ |
| ၅၇ | ငါန်းဇွန် | ၉၆ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၁၀ | ၁ | ၃ | ၅ | ၂ |
| ၅၈ | မိတ္ထီလာ | ၂၄၀ | ၁ | ၁ | ၀ | ၃ | ၂ | ၁ | ၀ | ၁ | ၁ | ၁ | ၁ | ၀ | ၆ | ၁ |
| ၅၉ | ပြင်ဦးလွင် | ၂၀၈ | ၆ | ၂ | ၄ | ၃ | ၀ | ၀ | ၆ | ၀ | ၂ | ၁၁ | ၁ | ၀ | ၀ | ၁ |
| ၆၀ | ညောင်ဦး | ၁၄၁ | ၃ | ၀ | ၁ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၃ | ၁ | ၀ | ၁ |
| ၆၁ | နွားထိုးကြီး | ၁၀၅ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၄ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၁ |
| ၆၂ | မြစ်သား | ၁၁၃ | ၀ | ၂ | ၄ | ၂ | ၂ | ၂ | ၀ | ၇ | ၂ | ၄ | ၄ | ၀ | ၀ | ၁ |
| ၆၃ | ဝမ်းတွင်း | ၁၀၀ | ၁ | ၁ | ၂ | ၁ | ၂ | ၂ | ၂ | ၁ | ၅ | ၂ | ၁ | ၁ | ၀ | ၁ |
| ၆၄ | မလှိုင် | ၅၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၂ | ၀ | ၂ | ၀ | ၀ | ၁ |
| ၆၅ | စဉ့်ကူး | ၂၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၃ | ၀ | ၅ | ၁ |
| ၆၆ | သာစည် | ၁၂၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၂ | ၀ |
| ၆၇ | ပျော်ဘွယ် | ၁၁၅ | ၁ | ၂ | ၀ | ၀ | ၀ | ၁ | ၁ | ၂ | ၀ | ၁ | ၃ | ၀ | ၀ | ၀ |
| ၆၈ | မတ္တရာ | ၁၂၄ | ၁ | ၀ | ၃ | ၉ | ၀ | ၁ | ၅ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ |
| ၆၉ | တံတားဦး | ၁၂၀ | ၃ | ၂ | ၁ | ၅ | ၂ | ၅ | ၂ | ၁ | ၂ | ၆ | ၀ | ၁ | ၂ | ၀ |
| ၇၀ | ရမည်းသင်း | ၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၁ | ၀ |
| ၇၁ | သပိတ်ကျင်း | ၄၈ | ၁ | ၀ | ၅ | ၀ | ၀ | ၁ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၆၅၇၉ | ၁၂၂ | ၁၂၅ | ၁၄၃ | ၁၂၄ | ၁၁၁ | ၁၃၁ | ၁၆၂ | ၁၀၅ | ၁၂၂ | ၁၃၀ | ၁၁၆ | ၁၃၀ | ၁၀၃ | ၁၅၁ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇၂ | ပဲခူး | ၃၂၇၅ | ၂၈ | ၂၉ | ၂၀ | ၂၆ | ၁၀ | ၂၁ | ၁၆ | ၁၂ | ၁၅ | ၁၅ | ၅ | ၁၅ | ၉ | ၉ |
| ၇၃ | ပြည် | ၂၅၄ | ၀ | ၀ | ၅ | ၂ | ၇ | ၁ | ၄ | ၃ | ၆ | ၄ | ၂ | ၁ | ၁၀ | ၈ |
| ၇၄ | ညောင်လေးပင် | ၂၆၅ | ၀ | ၁၃ | ၀ | ၀ | ၄ | ၄ | ၂ | ၀ | ၄ | ၁ | ၂ | ၀ | ၁ | ၅ |
| ၇၅ | ဒိုက်ဦး | ၂၂၇ | ၂ | ၀ | ၂ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၃ |
| ၇၆ | တောင်ငူ | ၁၉၇ | ၀ | ၁ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၁ | ၁ | ၅ | ၀ | ၀ | ၁ |
| ၇၇ | ပေါက်ခေါင်း | ၅၃ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၁ |
| ၇၈ | သာယာဝတီ | ၅၂၃ | ၁၁ | ၀ | ၁ | ၁ | ၂ | ၀ | ၀ | ၁ | ၀ | ၁ | ၄ | ၁ | ၀ | ၀ |
| ၇၉ | လက်ပံတန်း | ၄၇၁ | ၀ | ၀ | ၀ | ၀ | ၀ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ |
| ၈၀ | ဝေါ | ၄၄၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၇ | ၁ | ၁ | ၀ | ၀ |
| ၈၁ | ဖြူး | ၅၀၂ | ၄ | ၆ | ၀ | ၄ | ၃၂ | ၁၄ | ၁၉ | ၁ | ၄ | ၁ | ၄ | ၅ | ၁ | ၀ |
| ၈၂ | ကဝ | ၃၉၅ | ၁ | ၁ | ၀ | ၀ | ၁ | ၆ | ၀ | ၁ | ၂ | ၅ | ၀ | ၄ | ၁ | ၀ |
| ၈၃ | ကျောက်တံခါး | ၃၅၉ | ၀ | ၀ | ၀ | ၁၁ | ၁ | ၁၀ | ၀ | ၇ | ၃ | ၀ | ၄ | ၀ | ၀ | ၀ |
| ၈၄ | မင်းလှ | ၂၃၄ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၅ | အုတ်ဖို | ၂၀၅ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၇ | ၀ | ၀ | ၀ | ၂ | ၂ | ၀ | ၀ |
| ၈၆ | သနပ်ပင် | ၁၉၇ | ၀ | ၀ | ၁ | ၁ | ၁ | ၇ | ၁ | ၀ | ၀ | ၁ | ၃ | ၀ | ၁ | ၀ |
| ၈၇ | ရေတာရှည် | ၁၇၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၁ | ၀ |
| ၈၈ | ရွှေတောင် | ၁၇၃ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| ၈၉ | နတ်တလင်း | ၁၄၄ | ၃ | ၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၈ | ၁ | ၀ | ၀ | ၁ | ၀ |
| ၉၀ | ကြို့ပင်ကောက် | ၁၂၈ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ |
| ၉၁ | မိုးညို | ၁၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ |
| ၉၂ | ပေါင်းတည် | ၁၂၀ | ၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၁ | ၀ |
| ၉၃ | အုတ်တွင်း | ၁၁၂ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၄ | ပန်းတောင်း | ၁၀၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၃ | ၀ |
| ၉၅ | သဲကုန်း | ၉၈ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၉၆ | ဇီးကုန်း | ၈၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၉၇ | ရွှေကျင် | ၇၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၈ | ထန်းတပင် | ၅၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၉ | ကျောက်ကြီး | ၄၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၉၀၂၂ | ၅၇ | ၅၆ | ၃၁ | ၅၁ | ၆၇ | ၈၂ | ၅၃ | ၂၇ | ၄၄ | ၃၉ | ၃၆ | ၄၃ | ၃၄ | ၂၇ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၀၀ | အင်္ဂပူ | ၁၇၂ | ၀ | ၇ | ၀ | ၇ | ၀ | ၁၀ | ၇ | ၁ | ၂၆ | ၇ | ၁ | ၂ | ၃ | ၁၀ |
| ၁၀၁ | ဟင်္သာတ | ၇၆၈ | ၇ | ၃၂ | ၆၉ | ၁၀ | ၄ | ၅ | ၂၂ | ၁၂ | ၁၆ | ၁၆ | ၉ | ၇ | ၆ | ၉ |
| ၁၀၂ | ပုသိမ် | ၈၀၄ | ၄ | ၃ | ၁၀ | ၉ | ၁၇ | ၁၇ | ၇ | ၃ | ၂ | ၆ | ၁၃ | ၈ | ၃ | ၆ |
| ၁၀၃ | မအူပင် | ၅၁၁ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၃ |
| ၁၀၄ | ဘိုကလေး | ၂၇၉ | ၀ | ၁ | ၀ | ၂၈ | ၁ | ၂ | ၀ | ၁ | ၀ | ၁ | ၁ | ၁၁ | ၀ | ၂ |
| ၁၀၅ | ကျုံပျော် | ၂၇၆ | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ |
| ၁၀၆ | ညောင်တုန်း | ၂၄၅ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| ၁၀၇ | ငပုတော | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၀၈ | မော်လမြိုင်ကျွန်း | ၅၀၁ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၄ | ၁ | ၀ | ၀ |
| ၁၀၉ | ဒေးဒရဲ | ၄၃၃ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၁၇ | ၀ | ၀ |
| ၁၁၀ | ကျိုက်လတ် | ၂၅၈ | ၄ | ၀ | ၀ | ၀ | ၄ | ၁ | ၀ | ၃ | ၅ | ၀ | ၀ | ၁ | ၁ | ၀ |
| ၁၁၁ | လပွတ္တာ | ၂၄၉ | ၀ | ၁ | ၀ | ၀ | ၁ | ၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၂ | ဖျာပုံ | ၂၄၄ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၁၆ | ၀ | ၀ |
| ၁၁၃ | မြောင်းမြ | ၂၁၉ | ၂ | ၀ | ၂ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၃ | ၀ |
| ၁၁၄ | ရေကြည် | ၁၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၅ | ဝါးခယ်မ | ၁၀၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ |
| ၁၁၆ | ဓနုဖြူ | ၁၁၀ | ၅ | ၂ | ၀ | ၃ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| ၁၁၇ | ကျောင်းကုန်း | ၈၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၈ | ကန်ကြီးထောင့် | ၆၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၉ | အိမ်မဲ | ၆၂ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၀ | လေးမျက်နှာ | ၆၀ | ၀ | ၀ | ၃ | ၀ | ၀ | ၁၀ | ၂ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၂၁ | မြန်အောင် | ၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၂ | ဇလွန် | ၄၂ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၃ | ပန်းတနော် | ၃၈ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၄ | ကြံခင်း | ၃၇ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၅ | သာပေါင်း | ၂၄ | ၀ | ၀ | | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၅၇၇၃ | ၂၅ | ၅၂ | ၈၇ | ၆၅ | ၃၅ | ၅၂ | ၄၈ | ၂၆ | ၅၇ | ၃၄ | ၃၅ | ၆၃ | ၁၈ | ၃၃ |
| ၅။ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂၆ | တောင်ကုတ် | ၁၈၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၁၂၇ | သံတွဲ | ၁၂၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ |
| ၁၂၈ | စစ်တွေ | ၁၅၅၉ | ၀ | ၀ | ၅ | ၅ | ၄ | ၀ | ၀ | ၁ | ၀ | ၁ | ၄ | ၄ | ၀ | ၀ |
| ၁၂၉ | ကျောက်ဖြူ | ၄၄၇ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၃၀ | မောင်တော | ၃၉၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၃၁ | ကျောက်တော် | ၂၆၅ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၃၂ | မြောက်ဦး | ၂၆၅ | ၀ | ၀ | ၀ | ၀ | ၃ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၃ | ဘူးသီးတောင် | ၁၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၄ | အမ်း | ၁၇၂ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၃၅ | ရသေ့တောင် | ၁၅၂ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၆ | ပေါက်တော | ၁၂၆ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၃၇ | ပုဏ္ဏားကျွန်း | ၁၀၅ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၈ | မြေပုံ | ၉၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ |
| ၁၃၉ | မင်းပြား | ၉၂ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၀ | ဂွ | ၃၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၄၁ | ရမ်းဗြဲ | ၂၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၂ | မာန်အောင် | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၄၂၅၈ | ၂ | ၁ | ၅ | ၆ | ၁၀ | ၁၄ | ၁ | ၁ | ၀ | ၃ | ၇ | ၁၀ | ၀ | ၄ |
| ၆။ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၄၃ | မကွေး | ၄၅၀ | ၀ | ၂ | ၀ | ၂ | ၁ | ၄ | ၃ | ၅ | ၁ | ၄ | ၉ | ၇ | ၁၉ | ၇ |
| ၁၄၄ | ချောက် | ၁၆၂ | ၅ | ၀ | ၀ | ၀ | ၀ | ၃ | ၂ | ၈ | ၁ | ၃ | ၂ | ၁၂ | ၀ | ၄ |
| ၁၄၅ | ရေနံချောင်း | ၁၅၈ | ၅ | ၁ | ၀ | ၂ | ၁ | ၀ | ၀ | ၇ | ၁ | ၁ | ၁ | ၁ | ၀ | ၃ |
| ၁၄၆ | မင်းဘူး | ၂၄၀ | ၄ | ၃ | ၀ | ၀ | ၁၄ | ၁ | ၀ | ၃ | ၃ | ၄ | ၂ | ၁ | ၀ | ၁ |
| ၁၄၇ | အောင်လံ | ၆၁၀ | ၁၂ | ၂ | ၁ | ၈ | ၅ | ၀ | ၁၁ | ၂ | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၈ | စလင်း | ၂၈၀ | ၁၂ | ၁၁ | ၀ | ၂ | ၃ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၄၉ | တောင်တွင်းကြီး | ၂၅၇ | ၃ | ၁ | ၀ | ၀ | ၄ | ၀ | ၀ | ၁ | ၂ | ၁ | ၀ | ၁ | ၂ | ၀ |
| ၁၅၀ | မြို့သစ် | ၂၄၄ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၄ | ၃ | ၁ | ၀ | ၀ | ၂ | ၀ |
| ၁၅၁ | နတ်မောက် | ၂၀၂ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၅၂ | ပခုက္ကူ | ၁၃၇ | ၁ | ၀ | ၁ | ၂ | ၁ | ၀ | ၀ | ၂ | ၁ | ၀ | ၂ | ၀ | ၀ | ၀ |
| ၁၅၃ | မြိုင် | ၉၇ | ၄ | ၀ | ၁ | ၂ | ၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၃ | ၁ | ၀ |
| ၁၅၄ | ပွင့်ဖြူ | ၉၀ | ၂ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ |
| ၁၅၅ | ဂန့်ဂေါ | ၇၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၄ | ၀ | ၀ |
| ၁၅၆ | သရက် | ၆၈ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၅၇ | ဆိပ်ဖြူ | ၅၈ | ၅ | ၁ | ၂ | ၁ | ၀ | ၀ | ၁ | ၂ | ၁ | ၀ | ၀ | ၃ | ၂ | ၀ |
| ၁၅၈ | ဆင်ပေါင်ဝဲ | ၄၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၅၉ | ရေစကြို | ၃၇ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၆၀ | မင်းလှ | ၃၇ | ၄ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၂၂-၁-၂၁) အထိ | (၉-၁-၂၀၂၁) ရက်နေ့မှ (၂၂-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၉-၀၁-၂၁ | ၁၀-၀၁-၂၁ | ၁၁-၀၁-၂၁ | ၁၂-၀၁-၂၁ | ၁၃-၀၁-၂၁ | ၁၄-၀၁-၂၁ | ၁၅-၀၁-၂၁ | ၁၆-၀၁-၂၁ | ၁၇-၀၁-၂၁ | ၁၈-၀၁-၂၁ | ၁၉-၀၁-၂၁ | ၂၀-၀၁-၂၁ | ၂၁-၀၁-၂၁ | ၂၂-၀၁-၂၁ |
| ၁၆၁ | ပေါက် | ၃၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၆၂ | ကံမ | ၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၃ | ငဖဲ | ၁၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၄ | ဆော | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၅ | စေတုတ္တရာ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၆ | ထီးလင်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၇ | မင်းတုန်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၃၃၄၅ | ၆၂ | ၂၃ | ၆ | ၂၀ | ၄၁ | ၈ | ၁၈ | ၄၅ | ၁၈ | ၁၆ | ၂၀ | ၃၂ | ၂၇ | ၁၅ |
| ၇။ | **မွန်ပြည်နယ်** | | | | | | | | | | | | | | | |
| ၁၆၈ | မော်လမြိုင် | ၁၅၁၆ | ၂၉ | ၉ | ၃၉ | ၂၆ | ၂၃ | ၅၂ | ၂၂ | ၉ | ၁၉ | ၂၂ | ၃၆ | ၁၈ | ၂၃ | ၄ |
| ၁၆၉ | သထုံ | ၄၈၂ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၀ | ၁ | ၁ |
| ၁၇၀ | ကျိုက်ထို | ၃၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၇၁ | ဘီးလင်း | ၁၆၆ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၇၂ | ပေါင် | ၁၄၄ | ၂ | ၁ | ၁ | ၀ | ၀ | ၄ | ၁ | ၀ | ၂ | ၁ | ၂ | ၁ | ၁ | ၀ |
| ၁၇၃ | ရေး | ၁၅၀ | ၀ | ၀ | ၀ | ၀ | ၁ | ၃ | ၂ | ၁ | ၃ | ၀ | ၁ | ၂ | ၃၅ | ၀ |
| ၁၇၄ | သံဖြူဇရပ် | ၆၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ |
| ၁၇၅ | ကျိုက်မရော | ၇၅ | ၁ | ၀ | ၀ | ၁ | ၀ | ၇ | ၁ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ |
| ၁၇၆ | မုဒုံ | ၈၉ | ၀ | ၀ | ၂ | ၃ | ၀ | ၈ | ၁ | ၁ | ၃ | ၄ | ၀ | ၅ | ၁ | ၀ |
| ၁၇၇ | ချောင်းဆုံ | ၆၁ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၄ | ၃ | ၀ | ၀ | ၀ | ၅ | ၁ | ၀ |
| | **စုစုပေါင်း** | ၃၀၆၂ | ၃၄ | ၁၀ | ၄၂ | ၃၂ | ၂၇ | ၇၇ | ၃၃ | ၁၅ | ၃၀ | ၃၁ | ၄၂ | ၃၁ | ၆၃ | ၅ |
| ၈။ | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | | | | | | | | | | |
| ၁၇၈ | မုံရွာ | ၂၂၆ | ၇ | ၅ | ၃ | ၇ | ၈ | ၃ | ၀ | ၉ | ၁ | ၉ | ၀ | ၁၀ | ၇ | ၇ |
| ၁၇၉ | မင်းကင်း | ၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၅ | ၀ | ၄ |
| ၁၈၀ | စစ်ကိုင်း | ၅၅၂ | ၃ | ၆ | ၂ | ၄ | ၅ | ၃ | ၁၂ | ၅ | ၄ | ၁၆ | ၉ | ၀ | ၆ | ၃ |
| ၁၈၁ | ကလေး | ၄၇၃ | ၂ | ၂ | ၆ | ၄ | ၇ | ၇ | ၇ | ၁၀ | ၀ | ၄ | ၁၃ | ၂ | ၅ | ၂ |
| ၁၈၂ | ကန့်ဘလူ | ၁၃၅ | ၀ | ၀ | ၄ | ၁ | ၃ | ၀ | ၁ | ၇ | ၁၇ | ၁၅ | ၈ | ၁ | ၃ | ၂ |
| ၁၈၃ | ဝက်လက် | ၄၂ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၄ | ၀ | ၀ | ၂ |
| ၁၈၄ | ရွှေဘို | ၂၂၆ | ၃ | ၀ | ၆ | ၀ | ၁ | ၃ | ၄ | ၁ | ၁ | ၀ | ၁ | ၂ | ၀ | ၁ |
| ၁၈၅ | တမူး | ၁၁၅ | ၄ | ၄ | ၀ | ၄ | ၀ | ၄ | ၁ | ၄ | ၂ | ၁ | ၄ | ၁ | ၀ | ၁ |
| ၁၈၆ | ဒီပဲယင်း | ၃၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| ၁၈၇ | ချောင်းဦး | ၄၅ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၃ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၈၈ | ကသာ | ၂၉ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၈၉ | ယင်းမာပင် | ၈၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| ၁၉၀ | ဆားလင်းကြီး | ၈၄ | ၁ | ၀ | ၀ | ၂ | ၂ | ၁ | ၃ | ၃ | ၀ | ၄ | ၄ | ၀ | ၀ | ၀ |
| ၁၉၁ | တန့်ဆည် | ၅၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၀ | ၄ | ၁ | ၀ | ၀ |
| ၁၉၂ | အင်းတော် | ၄၅ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၉၃ | ပုလဲ | ၃၉ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ |
| ၁၉၄ | ရေဦး | ၃၄ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၉၅ | ဟုမ္မလင်း | ၃၈ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၀ |
| ၁၉၆ | ကောလင်း | ၆၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၈ | ၁ | ၀ | ၀ | ၀ | ၂၄ | ၀ |
| ၁၉၇ | မြင်းမူ | ၂၉ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၉၈ | ခင်ဦး | ၂၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၉၉ | ကနီ | ၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၃ | ၃ | ၀ | ၀ |
| ၂၀၀ | ဘုတလင် | ၂၇ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| ၂၀၁ | ကျွန်းလှ | ၂၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၂ | မြောင် | ၂၆ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၁ | ၂ | ၀ | ၀ | ၀ | ၁ | ၃ | ၀ |
| ၂၀၃ | အရာတော် | ၁၇ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၀၄ | ကလေးဝ | ၁၅ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၀၅ | ဝန်းသို | ၉ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၆ | ဖောင်းပြင် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၇ | နန်းယွန်း | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၈ | ထီးချိုင့် | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၉ | ခန္တီး | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၀ | လေရှီး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၁ | ဗန်းမောက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၂ | မော်လိုက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၃ | ပင်လည်ဘူး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၂၅၉၆ | ၂၅ | ၂၁ | ၂၅ | ၂၈ | ၃၅ | ၂၄ | ၄၁ | ၆၄ | ၃၃ | ၅၅ | ၅၂ | ၃၂ | ၅၃ | ၂၅ |
| ၉။ | **ကရင်ပြည်နယ်** | | | | | | | | | | | | | | | |
| ၂၁၄ | ဘားအံ | ၅၇၄ | ၂ | ၀ | ၁ | ၀ | ၁ | ၇ | ၂ | ၂၄ | ၃ | ၁ | ၀ | ၀ | ၀ | ၅ |
| ၂၁၅ | ကြာအင်းဆိပ်ကြီး | ၁၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၂၁၆ | မြဝတီ | ၄၀၂ | ၀ | ၀ | ၁၁ | ၀ | ၀ | ၁၁ | ၁ | ၂ | ၄ | ၀ | ၃ | ၂ | ၁ | ၀ |
| ၂၁၇ | ကော့ကရိတ် | ၂၁၉ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၈ | လှိုင်းဘွဲ့ | ၇၈ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၉ | သံတောင်ကြီး | ၁၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၂၀ | ဖာပွန် | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၁၃၀၃ | ၂ | ၀ | ၁၃ | ၀ | ၂ | ၁၃ | ၃ | ၂၇ | ၈ | ၁ | ၃ | ၂ | ၂ | ၇ |
| ၁၀။ | **နေပြည်တော်** | | | | | | | | | | | | | | | |
| ၂၂၁ | ဇေယျာသီရိ | ၅၁၆ | ၆ | ၂ | ၂၅ | ၁၉ | ၁ | ၉ | ၂ | ၄ | ၀ | ၀ | ၈ | ၁၀ | ၁၀ | ၀ |
| ၂၂၂ | ဇမ္ဗူသီရိ | ၂၄၀ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၃ | ၃ | ၀ | ၂ | ၁ | ၀ |
| ၂၂၃ | ပုဗ္ဗသီရိ | ၁၁၄ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၄ | လယ်ဝေး | ၁၀၃ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၂၅ | ပျဉ်းမနား | ၉၉ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| ၂၂၆ | တပ်ကုန်း | ၅၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ |
| ၂၂၇ | ဥတ္တရသီရိ | ၄၄ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၀ |
| ၂၂၈ | ဒက္ခိဏသီရိ | ၃၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၁၂၀၂ | ၆ | ၅ | ၂၇ | ၁၉ | ၃ | ၁၁ | ၄ | ၅ | ၅ | ၅ | ၉ | ၁၆ | ၁၁ | ၀ |
| ၁၁။ | **ကချင်ပြည်နယ်** | | | | | | | | | | | | | | | |
| ၂၂၉ | ဖားကန့် | ၄၉၀ | ၂ | ၂ | ၂ | ၆ | ၅ | ၈ | ၅ | ၀ | ၁ | ၂ | ၁၂ | ၂ | ၅ | ၁၈ |
| ၂၃၀ | မြစ်ကြီးနား | ၁၄၁ | ၀ | ၀ | ၃ | ၂ | ၅ | ၃ | ၀ | ၁ | ၁ | ၂ | ၁၃ | ၀ | ၃ | ၉ |
| ၂၃၁ | မိုးညှင်း | ၅၄ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၁ | ၀ | ၆ |
| ၂၃၂ | မိုးမောက် | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၂၃၃ | မိုးကောင်း | ၂၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၂ |
| ၂၃၄ | ပူတာအို | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၁ |
| ၂၃၅ | တနိုင်း | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၃၆ | ရွှေကူ | ၂၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၃၇ | ဗန်းမော် | ၂၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၈ | ဝိုင်းမော် | ၂၂ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၆ | ၀ |
| ၂၃၉ | ဆွမ်ပရာဘွမ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၇၉၀ | ၄ | ၂ | ၈ | ၁၀ | ၁၃ | ၁၁ | ၅ | ၂ | ၆ | ၆ | ၂၈ | ၃ | ၁၆ | ၄၀ |
| ၁၂။ | **တနင်္သာရီတိုင်းဒေသကြီး** | | | | | | | | | | | | | | | |
| ၂၄၀ | မြိတ် | ၃၁၉ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၇ | ၆ | ၀ | ၀ | ၀ |
| ၂၄၁ | ထားဝယ် | ၁၁၉ | ၁ | ၁ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၀ |
| ၂၄၂ | လောင်းလုံ | ၄၅ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၃ | ပုလော | ၄၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၄ | ရေဖြူ | ၂၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၄၅ | ကော့သောင်း | ၂၅ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၆ | သရက်ချောင်း | ၁၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၇ | ကျွန်းစု | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၈ | ဘုတ်ပြင်း | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၉ | တနင်္သာရီ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၆၂၄ | ၁ | ၁ | ၀ | ၁ | ၃ | ၇ | ၀ | ၂ | ၀ | ၁၁ | ၇ | ၀ | ၀ | ၀ |
| ၁၃။ | **ရှမ်းပြည်နယ် (တောင်ပိုင်း)** | | | | | | | | | | | | | | | |
| ၂၅၀ | ပင်လောင်း | ၂၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၅၁ | ဆီဆိုင် | ၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၂၅၂ | ဟိုပုံး | ၁၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၅၃ | တောင်ကြီး | ၂၃၇ | ၁၃ | ၁ | ၀ | ၀ | ၅ | ၀ | ၂ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၀ |
| ၂၅၄ | ကလော | ၁၀၅ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၃ | ၁ | ၁ | ၀ |
| ၂၅၅ | ရွာငံ | ၅၅ | ၁ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၆ | ရပ်စောက် | ၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၇ | လွိုင်လင် | ၂၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၅၈ | ပင်းတယ | ၁၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၂ | ၀ |
| ၂၅၉ | ညောင်ရွှေ | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၀ | နမ့်စန် | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၁ | ဖယ်ခုံ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၂ | မိုးနဲ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၃ | မိုင်းရှူး | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၄ | လင်းခေး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၅ | ကျေးသီး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၆ | မိုင်းပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၇ | မောက်မယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၅၆၀ | ၁၄ | ၁ | ၁ | ၁ | ၁၂ | ၁ | ၄ | ၂ | ၁ | ၁ | ၆ | ၁ | ၅ | ၃ |
| ၁၄။ | **ချင်းပြည်နယ်** | | | | | | | | | | | | | | | |
| ၂၆၈ | တီးတိန် | ၁၄၅ | ၁ | ၀ | ၂၀ | ၁ | ၁ | ၃ | ၃ | ၀ | ၅ | ၇ | ၁ | ၁ | ၀ | ၁ |
| ၂၆၉ | မင်းတပ် | ၄၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၀ | မတူပီ | ၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၁ | ပလက်ဝ | ၃၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၂ | ထွန်းဇံ | ၂၄ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၃ | ဟားခါး | ၂၃ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၄ | ဖလမ်း | ၂၇ | ၁ | ၁ | ၂ | ၃ | ၀ | ၀ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၀ |
| ၂၇၅ | ကန်ပက်လက် | ၈ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၆ | ထန်တလန် | ၅ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၃၃၆ | ၂ | ၂ | ၂၅ | ၅ | ၁ | ၆ | ၅ | ၄ | ၈ | ၉ | ၁ | ၁ | ၀ | ၁ |
| ၁၅။ | **ရှမ်းပြည်နယ် (မြောက်ပိုင်း)** | | | | | | | | | | | | | | | |
| ၂၇၇ | လားရှိုး | ၈၂ | ၁ | ၄ | ၀ | ၀ | ၀ | ၂ | ၁ | ၁ | ၄ | ၃ | ၀ | ၂ | ၄ | ၂၆ |
| ၂၇၈ | ကျောက်မဲ | ၃၈ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၂ | ၂ | ၁ |
| ၂၇၉ | ကွတ်ခိုင် | ၂၀ | ၁ | ၀ | ၀ | ၀ | ၀ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၈၀ | မူဆယ် | ၇၁ | ၀ | ၂ | ၃ | ၀ | ၂ | ၀ | ၂ | ၂ | ၀ | ၃ | ၀ | ၀ | ၂ | ၀ |
| ၂၈၁ | နောင်ချို | ၃၅ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၂ | နမ့်ဆန် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၃ | သီပေါ | ၁၄ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၄ | မိုးမိတ် | ၁၂ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၅ | နမ့်ခမ်း | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၆ | နမ္မတူ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၇ | မဘိမ်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၈ | တန့်ယန်း | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ |
| ၂၈၉ | မိုင်းရယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၀ | သိန္နီ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၁ | ဟိုပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၂ | ကွမ်လုံ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| | **စုစုပေါင်း** | ၃၂၇ | ၅ | ၈ | ၃ | ၃ | ၃ | ၁၁ | ၃ | ၃ | ၁၀ | ၇ | ၀ | ၈ | ၁၀ | ၂၈ |
| ၁၆။ | **ရှမ်းပြည်နယ် (အရှေ့ပိုင်း)** | | | | | | | | | | | | | | | |
| ၂၉၃ | တာချီလိတ် | ၁၀၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၄ | မိုင်းယောင်း | ၁၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ |
| ၂၉၅ | ကျိုင်းတုံ | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၉၆ | မိုင်းဖြတ် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၇ | မိုင်းတုံ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၈ | မိုင်းပြင်း | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၉ | မိုင်းဆတ် | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| | **စုစုပေါင်း** | ၁၄၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၂ | ၀ |
| ၁၇။ | **ကယားပြည်နယ်** | | | | | | | | | | | | | | | |
| ၃၀၀ | လွိုင်ကော် | ၆၄ | ၂ | ၂ | ၀ | ၃ | ၁ | ၁ | ၁ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၃၀၁ | မယ်စဲ့ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၃၀၂ | ဒီမောဆို | ၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၇၀ | ၂ | ၂ | ၁ | ၃ | ၁ | ၁ | ၂ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၃၆,၅၉၁ | ၅၆၆ | ၅၅၅ | ၅၈၂ | ၅၅၁ | ၅၂၃ | ၆၀၅ | ၅၁၃ | ၄၉၁ | ၄၄၉ | ၄၇၇ | ၄၄၈ | ၄၇၈ | ၄၄၅ | ၄၂၅ |

မှတ်ချက်။ – (၂၂-၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားခဲ့သော မြို့နယ် စုစုပေါင်း (၃၀၂) မြို့နယ် ရှိပြီဖြစ်ပါသည်။

– အထက်ဖော်ပြပါစာရင်းတွင် မပါဝင်သောမြို့နယ်များသည် ယနေ့အထိ COVID–19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များဖြစ်ပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# စေတနာအလှူရှင်များက လှူဒါန်းသည့် ၆၇ ခုတင်ဆံ့ ကိုဗစ်-၁၉ သံသယလူနာကုသဆောင် လွှဲပြောင်းပေးအပ်

## Fever Corner တွင် စောင့်ဆိုင်းချိန်လျော့ကျကာ အဆင်ပြေစွာကုသနိုင်မည်ဖြစ်

**မန္တလေး ဇန်နဝါရီ ၂၃**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ရောဟသ်ာဟိုးလ်ဒင်းကုမ္ပဏီလီမိတက် လက်အောက်ရှိ ဝိတိုရိယဆေးရုံ၊ A Bank နှင့် ပုသိမ်စက်မှုမြို့တော်စီမံကိန်းတို့မှ ဆောက်လုပ်လှူဒါန်းသည့် ၆၇ ခုတင်ဆံ့ ကိုဗစ်-၁၉ သံသယလူနာကုသဆောင်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အထွေထွေရောဂါကုဆေးရုံကြီး(မန္တလေး)၌ ပြုလုပ်သည်။

ကိုဗစ်-၁၉ သံသယလူနာကုသဆောင် လွှဲပြောင်းပေးအပ်ခြင်း အစီအစဉ်တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က "ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အားလုံးဝိုင်းဝန်းပြီး ပင်ပင်ပန်းပန်း ဆောင်ရွက်ခဲ့ကြရပါတယ်။ ပြည်သူတွေဘက်ကလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနဲ့ပတ်သက်ပြီး ကျန်းမာရေးအသိပေး ထုတ်ပြန်ချက်တွေကို လိုက်နာခြင်းဖြင့် ပူးပေါင်းပါဝင်စေလိုပါတယ်။ မန္တလေးမှာ ကိုဗစ်ရောဂါဖြစ်ပွားမှုဟာ စဖြစ်တဲ့အချိန်ကနေ မနေ့ကအထိ တဖြည်းဖြည်း ကျနေပါတယ်။ ကိုဗစ်-၁၉ရောဂါ အတွက် သီးသန့်လူနာဆောင်တွေ ရှိလာတာဟာ အရေးပါပါတယ်။ ဒီလိုသီးသန့်ရှိခြင်းအားဖြင့် Non-Covid လူနာတွေအတွက်ကိုပါ ကုလို့ရတဲ့ အခြေအနေတစ်ခုဖြစ်ပါတယ်။ MMA က Fever Clinic တွေ ဖွင့်ပြီး ဆောင်ရွက်ပေးတာကလည်း ပြည်သူလူထုအတွက် အဆင်ပြေပါတယ်။ နောက်ပိုင်း Quarantine Center တွေမှာ ကိုဗစ်လူနာတွေ သိပ်မရှိတော့ဘူးဆိုရင် ရပ်ရွာအခြေပြု Home Quarantine ပဲ ထားသွားဖို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကနေ စီစဉ်ဆောင်ရွက်နေပြီး သင်တန်းတွေလည်း ပေးနေတယ်လို့ သိရပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးလည်း ရောက်ရှိလာတော့မှာပါ။ အားလုံး ထိုးပေးဖို့လည်း နိုင်ငံတော်က စီစဉ်နေပါတယ်။ ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှု ကျဆင်းသွားဖို့အတွက် ပြည်သူတွေ ပူးပေါင်းဆောင်ရွက်မှုမရှိဘဲနဲ့ ဘယ်လိုမှ မအောင်မြင်နိုင်ပါဘူး။ ယခုလို လှူဒါန်းတဲ့အလှူရှင်များကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က မှတ်တမ်းတင် ကျေးဇူးတင်ရှိပါတယ်"ဟု အမှာစကားတွင် ထည့်သွင်းပြောသည်။



အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ ရောဟသ်ာဟိုးလ်ဒင်းကုမ္ပဏီလီမိတက်လက်အောက်ရှိဝိတိုရိယဆေးရုံ၊ A Bank နှင့် ပုသိမ်စက်မှု မြို့တော်စီမံကိန်းတို့မှ ဆောက်လုပ်လှူဒါန်းသော ၆၇ ခုတင်ဆံ့ ကိုဗစ်-၁၉ သံသယလူနာကုသဆောင်၏ စာရွက်စာတမ်းများကို ဦးဇော်ဝင်းရှိန်က လွှဲပြောင်းပေးအပ်ခြင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခြင်း၊ လုပ်အားလှူဒါန်းပေးသော Mother Group of Company ဥက္ကဋ္ဌ ဦးအောင်မြတ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများမှ အဆိုပါ ယာယီဆောင်အတွင်း ကိုဗစ်-၁၉ ကုသမှု ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ပြင်ဆင်ထားမှုများကို လိုက်လံကြည့်ရှုကြခြင်းများ ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အလှူရှင် ရောဟသ်ာဟိုးလ်ဒင်းကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်က ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယခုဆောက်လုပ်လှူဒါန်းသည့် ၆၇ ခုတင်ဆံ့ ကိုဗစ်-၁၉ သံသယလူနာကုသဆောင် ယာယီတိုးချဲ့ အရေးပေါ်လူနာဆောင်သစ်ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်တွင် စတင်ပန္နက်တင်တည်ဆောက်ပြီး ယနေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ကြောင်း၊ အလျား ပေ၂၂၈ x အနံ ပေ ၄၀(နှစ်ဖက်ဝင်ပေါက်ပါ) Steel Structure တစ်ထပ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ဒီနေ့လွှဲပြောင်းခဲ့တဲ့ ၆၇ ခုတင်ဆံ့ ကိုဗစ်-၁၉ သံသယလူနာကုသဆောင် ယာယီတိုးချဲ့လူနာဆောင်ကို သံသယလူနာဆောင်အဖြစ် အသုံးပြုသွားမှာပါ။ သံသယလူနာတွေ Fever Corner မှာ စောင့်ဆိုင်းချိန် ကြာမြင့်မှာမဟုတ်ဘဲ စိတ်အေးချမ်းသာစွာ ကုသခွင့်ရရှိတော့မှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ Positive လူနာတွေအတွက် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှာ ICU ၁၄ ခုတင်၊ HDU ၆၆ ခုတင်နဲ့ အောက်ဆီဂျင်လိုအပ်တဲ့ လူနာတွေအတွက် ခုတင် ၁၂၀ ရှိတဲ့ ကန်တော်နဒီ၊ ရောစင်တာ၊ ခုတင် ၃၀၀ သင်ကြားရေးဆေးရုံတို့မှာလည်း လက်ခံကုသပေးလျက်ရှိပါတယ်"ဟု ဆေးရုံအုပ်ကြီး ဒေါက်တာစုစုဒွေးက ပြောကြားသည်။

ယနေ့လွှဲပြောင်းပေးအပ်လှူဒါန်းသည့် ၆၇ ခုတင်ဆံ့ ကိုဗစ်-၁၉ သံသယလူနာကုသဆောင် ယာယီတိုးချဲ့ အရေးပေါ်လူနာဆောင်သစ်သည် အဆင့်မီ ကိုဗစ်-၁၉ ရောဂါကုသမှု အခင်းအကျင်းနှင့်တကွ မီးသတ်စနစ်၊ CCTV & PA System၊ Mechanical Ventilation System ၊ Air Conditioning System ၊ Oxygen Therapy System ၊ ဆရာဝန်နားနေခန်း၊ ရေချိုးခန်း၊ အိမ်သာ ၁၅ ခန်း၊ Isolate Partition များ ပါဝင်ကာ ရောဟသ်ာဟိုးလ်ဒင်းကုမ္ပဏီလီမိတက်လက်အောက်ရှိ ဝိတိုရိယဆေးရုံ၊ A Bank နှင့် ပုသိမ်စက်မှုမြို့တော်စီမံကိန်းတို့မှ လှူဒါန်းငွေကျပ် ၂၀၇၂၄၈၂၁၆ နှင့် ဦးအောင်မြတ် MOTHER GROUPS Companies–Mother Construction Mandalay မှ လုပ်အားလှူဒါန်းငွေကျပ် ၂၇၅ သိန်းတို့ဖြင့် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

---

## COVID – 19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန် အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

( ခ ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာနေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

( ဂ ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး(၆)ပေ အကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

---

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးဇော်ဝင်း ဦးစီး၍ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းနှင့် ဝန်ထမ်းများက မြောင်မြို့ လူစည်ကားရာနေရာများတွင် လမ်းသွားလမ်းလာ ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဆောင်ရန်/ ရှောင်ရန် စည်းကမ်းများ အသိပေး ကြေညာခြင်းများကို ဇန်နဝါရီ ၂၃ ရက်က ဆောင်ရွက်ရာ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုများ ပြုလုပ်စဉ်။

သတင်းစဉ်



---

## ၂၃-၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၅၃၉၄၈၂၂ | ၁၅၂၂၉၀၇ | ၄၂၄၂၃၀ |
| ၂။ | အိန္ဒိယ | ၁၀၆၄၁၅၄၇ | ၁၀၃၀၁၂၄၁ | ၁၅၃၂၄၂ |
| ၃။ | ဘရာဇီး | ၈၇၅၁၁၃၃ | ၇၅၉၄၇၇၁ | ၂၁၅၂၉၉ |
| ၄။ | ရုရှား | ၃၆၉၈၂၇၃ | ၃၁၀၉၃၁၅ | ၆၈၉၇၁ |
| ၅။ | ဗြိတိန် | ၃၅၈၃၉၀၇ | ၁၆၀၀၆၂၂ | ၉၅၉၈၁ |
| ၆။ | ပြင်သစ် | ၃၀၁၁၂၅၇ | ၂၁၅၈၂၂ | ၇၂၆၄၇ |
| ၇။ | စပိန် | ၂၆၀၃၄၇၂ | စိစစ်ဆဲ | ၅၅၄၄၁ |
| ၈။ | အီတလီ | ၂၄၄၁၈၅၄ | ၁၈၅၅၁၂၇ | ၈၄၆၇၄ |
| ၉။ | တူရကီ | ၂၄၁၈၄၇၂ | ၂၂၉၆၀၅၀ | ၂၄၇၈၉ |
| ၁၀။ | ဂျာမနီ | ၂၁၂၇၃၁၅ | ၁၇၉၅၄၀၀ | ၅၂၀၈၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၃- ၁ - ၂၀၂၁

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၉၇၇၄၇၄ | ၇၉၁၀၅၉ | ၂၇၆၆၄ |
| ဖိလစ်ပိုင် | ၅၁၁၆၇၉ | ၄၆၇၈၈၆ | ၁၀၁၉၀ |
| မလေးရှား | ၁၈၀၄၅၅ | ၁၃၇၀၁၉ | ၆၆၇ |
| မြန်မာ | ၁၃၇၀၉၈ | ၁၂၁၁၂၄ | ၃၀၄၅ |
| စင်ကာပူ | ၅၉၂၆၀ | ၅၈၉၈၃ | ၂၉ |
| ထိုင်း | ၁၃၃၀၂ | ၁၀၄၄၈ | ၇၂ |
| ဗီယက်နမ် | ၁၅၄၈ | ၁၄၁၁ | ၃၅ |
| ကမ္ဘောဒီးယား | ၄၅၆ | ၄၀၃ | ၀ |
| ဘရူနိုင်း | ၁၇၅ | ၁၆၉ | ၃ |
| လာအို | ၄၁ | ၄၁ | ၀ |

## ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးဝယ်ယူနိုင်ရေး အလှူငွေလှူဒါန်း

**ပုသိမ် ဇန်နဝါရီ ၂၃**

ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးဝယ်ယူနိုင်ရေး အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၂ ရက်က ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် ၂၅ သိန်းစီပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

## ကိုဗစ် - ၁၉ ကာကွယ်ဆေးဝယ်ယူရန် နိုင်ငံတော်သို့ ငွေကျပ်သိန်းပေါင်း ၁၂၀၀၀ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၃**

နိုင်ငံတော်၏ ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး ဝယ်ယူရေးအတွက် အသုံးပြုရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးနှင့် အစ္စလာမ်ဘာသာဝင်များ စုပေါင်းကာ ပထမအကြိမ်အဖြစ် အလှူငွေကျပ်သိန်းပေါင်း တစ်သောင်းနှစ်ထောင်ကို ဇန်နဝါရီ ၂၂ ရက်က ဘဏ်မှတစ်ဆင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းမှုတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးနှင့် အနယ်နယ်အရပ်ရပ်မှ အစ္စလာမ်ဘာသာဝင်အလှူရှင်များ စုပေါင်းထည့်ဝင်လှူဒါန်းခဲ့သော အလှူငွေကျပ်သိန်း တစ်သောင်းနှစ်ထောင်ကို ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ကိုဗစ်–၁၉ ကာကွယ်ဆေး ဝယ်ယူရေး ရန်ပုံငွေစာရင်းသို့ လွှဲပို့လှူဒါန်းခဲ့ခြင်းဖြစ်သည်။



အလှူငွေများအား ဘဏ်တာဝန်ရှိသူထံ လွှဲပြောင်းပေးအပ်စဉ်။

ကိုဗစ်–၁၉ကာကွယ်ဆေး ဝယ်ယူရေးအတွက် အလှူငွေများကို ဒုတိယအကြိမ် ဆက်လက်လှူဒါန်းရန် စီစဉ်ထားပြီး ထပ်မံလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဖေဖော်ဝါရီ ၁၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ကိုဗစ် –၁၉ ကာကွယ်ရေးလုပ်ငန်းစဉ်များ ကူညီပံ့ပိုးရေး ကော်မတီသို့ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်ဖိတ်ခေါ်ထားကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**




## ထားဝယ်မြို့နယ် အမြားကျေးရွာအုပ်စုအတွက် ဆန်အိတ်များထောက်ပံ့

**ထားဝယ် ဇန်နဝါရီ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်တွင် ဆန်ရိက္ခာ အခက်အခဲကြုံတွေ့နေရသော မေတ္တာမြို့ အမြားကျေးရွာအုပ်စုရှိ အင်းတပုံကျေးရွာ၊ မင်းငို့ကျေးရွာ၊ ထောမင်းဖြိုးကျေးရွာနှင့် ထောမကျေးရွာများအတွက် ဆန်ရိက္ခာတစ်လစာကို ဇန်နဝါရီ ၂၂ ရက်က ထောက်ပံ့ပေးသည်။

ရိက္ခာထောက်ပံ့ပေးအပ်ပွဲတွင် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာ၊ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းစန္ဒာကြည်နှင့် တာဝန်ရှိသူများက အင်းတပုံကျေးရွာ၊ မင်းငို့ကျေးရွာ၊ ထောမင်းဖြိုးကျေးရွာနှင့် ထောမကျေးရွာရှိ အိမ်ထောင်စု ၁၃၄ စုမှ လူဦးရေ ၇၁၀ အတွက် ကိုရီးယားသမ္မတနိုင်ငံက လှူဒါန်းထားသည့် ငွေကျပ် ၆၃ သိန်းကျော် တန်ဖိုးရှိ ဆန်အိတ် ၁၁၀ နှင့် တစ်ကိုယ်ရေကျန်းမာရေးသုံး ပစ္စည်းပုံး ၅၀ တို့ကို ကျေးရွာနေ ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ တာဝန်ရှိသူများက ကျေးရွာနေ ပြည်သူများအား ပါးစပ်၊ နှာခေါင်းစည်းနှင့် သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ – ၁ – ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၂၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၄၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၄၄၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၆၀/၆၉၅ ကျပ် | ၆၉၀/၇၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၇၀/၇၁၀ ကျပ် | ၇၀၅/၇၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၅/၆၅၅ ကျပ် | ၆၉၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၇၀ ကျပ် | ၈၁၅/၈၃၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၃၄ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၂၅ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၀၆ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၂၇ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၈၇ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၂ . ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၀၆ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၈ . ၂၇၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၀ . ၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၃၀ . ၂၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၄ . ၅၃၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၇၀၀ | ၁၄၂၁ | ၁၃၈၅၆၁၀၀ |
| MTSH | ၃၈၀၀ | ၃၉၀၀ | ၁၈၈၈၉ | ၇၁၈၂၇၃၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁ | ၈၂၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁ | ၂၂၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂၄၆၀ | ၆၆၂၄၅၀၀ |
| EFR | ၃၆၀၀ | ၃၆၀၀ | ၉ | ၃၂၄၀၀ |

ခင်ရတနာ – စုစည်းသည်

မြန်မာ့အလင်း


| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |


mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm


HTOO
ပွင့်လင်းရာသီ ရောက်လာပြီ ဆိုတော့ မီးရေး ထင်းရေး အထူးသတိထားဖို့ လိုလာတဲ့အပြင် ...
ကိုဗစ်-၁၉ ရောဂါကိုလည်း ပေါ့ဆလို့ မဖြစ်သေးဘူးနော်
ဒါနဲ့..
ကိုဗစ်က ကူးစက်မှုနှုန်း လျော့ကျလာပြီ ဆို...
ကိုဗစ် ကာကွယ်ကုသဆေးတွေလည်း ရောက်နေပြီဆိုပြီး ....
ကိုဖက်တီး ပြောတာ မှန်ပါတယ်.. ဒါပေမဲ့ ....
တို့နိုင်ငံရဲ့ အိမ်နီးချင်း နိုင်ငံတွေမှာ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် အသစ် ရောက်ရှိပျံ့နှံ့နေကြောင်း သတင်း ရရှိထားတယ်တဲ့
ဗျာ...
ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ဟာ မူလ ကိုရိုနာဗိုင်းရပ်စ်ထက် (၇၀) ရာခိုင်နှုန်း ပိုပြီး ကူးစက်ပျံ့နှံ့မှု လျင်မြန်လွယ်ကူတယ်ဆိုပဲ...
တို့နိုင်ငံမှာ တတိယလှိုင်း မဖြစ်ဖို့ တို့အားလုံး စနစ်တကျ ကာကွယ်တားဆီးမှ ဖြစ်မှာပေါ့ ...
အေးဗျာ.. ကိုဗစ်ကာကွယ်ကုသဆေး ပေါ်လာပြီဆိုလို့ အားကိုးရမလား မှတ်တယ်...၊ ပေါ်ပြန်လည်း×× မသက်သာ××× ဆိုသလို ဖြစ်နေပါပေါ့လား ကိုတင့်ရဲ့... အီးဟီး...
မှားပါတယ်


ကာတွန်း ဆွေချစ်
ဟား.. ဟား.. မေးပြောတာ ဟုတ်ရောဟုတ်နိုင်ပါ့မလား ညီပုရာ..
ဩော်.. မဟုတ်ဘဲ ပြောမလားကွ..
ပယ်နယ်တီလည်း အပေးခံရဆိုတော့ ဒိုင်လူကြီးမြင်တာပဲ.. ဖြစ်ရမယ်..
ဒိုင်လူကြီးမှ မဟုတ်ဘူး.. ကွင်းထဲကလူ အကုန် မြင်တယ်.. ဟွန်း..
အာ.. ဒါတော့ မေး.. နည်းနည်းများ သွားပြီ ညီပုရာ..
ဟာ.. ဟုတ်တာကို ပြောပြနေတာပါကွ
တော်ပါကွာ.. ဟွန်း..
ဟုတ်လား..


ကာတွန်း စမ်းချောင်းကိုကိုအောင်
ကွဲပလာတူး၊ ဘာလို့ မှိုင်လာတာလဲ၊
ငါတို့အတန်းက၊ လပတ် စာမေးပွဲအမှတ်စာရင်းထွက် လာပြီလေ၊
ငါက သင်္ချာ အတော်ညံ့တယ်၊ တစ်ပုဒ်မှမမှန်တော့ တစ်မှတ် မှမရခဲ့ဘူးဟ၊
ဒါကြောင့် ငါ့အမေကို မပြရဲ ဘူးဖြစ်နေတယ်၊
ဒါလေးများ ဒီလိုလုပ်....
မေမေရေ၊ သားကို ဆရာမက၊ ဘဲဥပေး လိုက်တယ်၊
ဟုတ်လား..၊ ယူခဲ့၊ ယူခဲ့၊ မီးဖိုအားတုန်း၊ တစ်ခါထဲကြော် ရအောင်၊


ချစ်ချစ်
ကာတွန်းအောင်ဧက
ချစ်ချစ် ဘာမုန့်တွေလဲ ကျွေးပါဦးကွ
တူးတူးမာ ဆနွင်းမကင်း ဘိုးဘိုး
ဟာ... တစ်ခါမှ မကြားဖူးဘူး
မြင့်မြင့်ခင်ထိုးမုန့် ကောင်းမွန်ပဲကိုက်တို့ပဲ ကြားဖူးပါတယ်ကွာ... ဟုတ်လို့လား
ဟုတ်ပါတယ် ဘိုးဘိုးရဲ့... စားကြည့်ပါလား
အင်း... ဝါးရတာလည်း မာလိုက်တာ...
ဖြီးတော့ တူးရနေတယ်ခုနှစ်? မည်းမည်းကြီး...
မေမေ စမ်းဖြီးလုပ်ကြည့်ထားတဲ့ ဆနွင်းမကင်းလေ.. ဘိုးဘိုးရဲ့ ပြောသားပဲ တူးတူးမာ ဆနွင်းမကင်း ပါလို့ ဆိုမှ ...ဟီးဟီး




ဘယ်ကျော်
အရင်ကဆို မေမေဘဏ်ကို သွားရင်ငါအမြဲလိုက်သွားနေကြကွ...
အခုတော့ "ကိုဗစ်" ဖြစ်ကတည်းက မေမေကဘဏ် ကို မသွားတော့ဘူး ...
ဒါဆို မင်းမေမေက "ကိုဗစ်"ဖြစ်ကတည်းက ငွေသွင်း၊ ငွေထုတ်မလုပ်တော့ဘူးပေါ့...
မဟုတ်ဘူးကွ။ မေမေက "ဖုန်း" နဲ့ပဲ ငွေသွင်း၊ ငွေထုတ် လုပ်တော့တာ...
မေမေနဲ့ဘဏ်ကို လိုက်မသွားရ တော့ ငါကတော့ တော်တော့်ကို နစ်နာသွားတယ်ကွာ...
ဟင်... ဘာဖြစ်လို့ ...
ဘဏ်မှာက သကြားလုံးတွေ ချပေးထားတာကွ။ အခုငါဘဏ်ကို မသွားရတော့ အဲဒီသကြားလုံးတွေ မစားရတော့ဘူးပေါ့ကွာ...

# အာနန္ဒာဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို ကိုဗစ် - ၁၉ ကြောင့် အကျဉ်းရုံး ကျင်းပသွားမည်

**ညောင်ဦး ဇန်နဝါရီ ၂၃**

ပြည်တွင်း ပြည်ပ ဘုရားဖူးခရီးသွားဧည့်သည်များ အားထားဖူးမြော်ရာနေရာတစ်ခုဖြစ်သည့် ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်းဝင် မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ သမိုင်းဝင်တန်ခိုးကြီးဘုရား တစ်ဆူဖြစ်သည့် အာနန္ဒာဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ကိုဗစ် – ၁၉ ရောဂါအခြေအနေကြောင့် ပဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဆွမ်းသပိတ်လောင်းလှူခြင်းဖြင့် အကျဉ်းရုံးကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။




ထိုသို့ အကျဉ်းရုံးကျင်းပရာ၌ ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် ပဌာန်းရွတ်ဖတ်ပူဇော်ခြင်းကို ပြာသိုလဆန်း ၁၁ ရက်မှ လပြည့်နေ့အထိ ကျင်းပမည်ဖြစ်ပြီး ဆွမ်းသပိတ်လောင်းလှူပူဇော်ခြင်းကို စေတနာရှင်ပြည်သူများ ကုသိုလ်ပြုလှူဒါန်းနိုင်ရေးအတွက် ပြာသိုလဆန်း ၁၄ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ လက်ခံဆောင်ရွက်မည် ဖြစ်ကာ လှူဒါန်းရရှိသော ဆွမ်းသပိတ်များနှင့် လှူဖွယ်ပစ္စည်းများကို ကိုဗစ်–၁၉ ရောဂါ အန္တရာယ်ကင်းဝေးစေရေးအတွက် လူစုလူဝေးမဖြစ်စေရန် ဂေါပကအဖွဲ့နှင့် လုပ်အားဒါနကုသိုလ်ရှင်များအဖွဲ့က ဘုရားကြီးအား အမှူးပြု၍ ပင့်သံဃာ အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားနှင့် ကျောင်းတိုက် ပရိယတ္တိစာသင်တိုက်သို့အလှူငွေများ လှူဒါန်း

**သီပေါ ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပေါ်ကြိုရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီးနှင့် သီပေါမြို့ သာသနာ့ ၂၅၀၀ တိုက်သစ်ဘုန်းတော်ကြီးကျောင်း ပရိယတ္တိစာသင်တိုက်သို့ အလှူငွေများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ သာသနာ ၂၅၀၀ ကျောင်းတိုက်ပဓာနနာယက ဆရာတော်၊ ပြည်နယ်သံဃာ့ဝန်ဆောင်၊ မြို့နယ်သံဃနာယက အကျိုးတော်ဆောင်၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဆရာတော် ဘဒ္ဒန္တ ကောသလအရှင်သူမြတ်ထံမှ အနုမောဒနာတရားတော်နှင့် ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။




ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က သာသနာ ၂၅၀၀ ကျောင်းတိုက်ပရိယတ္တိစာသင်တိုက်အတွက် ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး သာသနာ့ဗိမာန်အတွက် ငွေကျပ် ၁၈ သိန်းကို လည်းကောင်း၊ ငွေရည်ပုလဲမြိုင်းဆိုင်း ဂေါဒန်ကျောက်ထုတ်လုပ်ရေးစခန်းမှ ဦးစိုင်းမန်းဦး–ဒေါ်ရွှေယုဇန မိသားစုတို့က ပရိယတ္တိစာသင်တိုက်အတွက် အလှူငွေကျပ် ၁၅ သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြောင်း သိရသည်။

စိုင်း(သီပေါ)

*ကျောဖုံးမှ*

တိုးတက်ရေးလုပ်ငန်းများအတွက် အားကြိုးမာန်တက် ဆောင်ရွက်ပေးကြသော နိုင်ငံ့ဝန်ထမ်းများအား ဂုဏ်ပြုသောအားဖြင့် တစ်ဖက်တစ်လမ်းမှ ပြန်လည်ပံ့ပိုးသည့်အနေဖြင့် မြို့နယ်အတွင်းနေ လူငယ်များက ထောက်ပံ့လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ကမာရွတ်မြို့နယ်အတွင်း သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေကြသော ဝန်ထမ်းများ စားသောက်နိုင်ရန်အတွက် ကမာရွတ်ချစ်သူများအဖွဲ့နှင့် ပြင်ပအလှူရှင် ဦးခင်မောင်မြင့်(ကွမ်းခြံ)တို့က ဆန်၊ ဆီ၊ ကြက်ဥ၊ ဘာလချောင်ကြော်ဘူးများကို ယနေ့ နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းရာ မြို့နယ်သန့်ရှင်းရေးဌာနတာဝန်ခံ ဦးစောလှမင်းက လက်ခံယူကြောင်း သိရသည်။

သန့်ရှင်းရေးလုပ်ငန်းများတွင် မြို့နယ်ပြည်သူလူထု၏ အလေးထားယုံကြည်အားကိုးခံရသည့် အဖွဲ့အစည်းတစ်ခုအဖြစ် အသိအမှတ်ပြုခံရမှုနှင့် ပတ်သက်၍ “ကျွန်တော်တို့ ဝန်ထမ်းတွေအနေနဲ့ ကိုယ့်တာဝန်ကိုယ် ကျေအောင်လုပ်တဲ့အပြင် အလုပ်လုပ်တဲ့နေရာမှာ စေတနာလည်း ထားလုပ်ပါတယ်။ လူထုနဲ့ဆက်ဆံတဲ့နေရာမှာလည်း ချိုချိုသာသာ ဆက်ဆံပါတယ်။ ရပ်ကွက်အတွင်းလမ်းတွေကိုလည်း နေ့စဉ်အပိုင်းလိုက်ခွဲပြီး မြောင်းရှင်းတာတွေ၊ ပတ်ဝန်းကျင်သစ်ရွက်ခြောက်၊ သစ်ကိုင်း စသဖြင့် အမြင်မတင့်တယ်တဲ့ အမှိုက်တွေကို ရှင်းလင်းသိမ်းဆည်းဆောင်ရွက်ပေးလျက် ရှိပါတယ်” ဟု မြို့နယ်သန့်ရှင်းရေးတာဝန်ခံက ပြောသည်။

ကမာရွတ်မြို့နယ် စည်ပင်သာယာသန့်ရှင်းရေးဌာနအနေဖြင့် သန့်ရှင်းရေးဝန်ထမ်း ၁၁၃ ဦးဖြင့် လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး လူနေရပ်ကွက်များအတွင်း အမှိုက်ထုပ်ကောက်စနစ်ဖြင့် သိမ်းဆည်းပေးလျက်ရှိကာ အများပြည်သူဆိုင်ရာနေရာများတွင် နေ့၊ ည အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကမာရွတ်ချစ်သူများအဖွဲ့အနေဖြင့် ယခုလှူဒါန်းမှုသည် ဒုတိယအကြိမ်လှူဒါန်းမှုဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် မြို့နယ်အတွင်းရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့အား ပထမဆုံးအကြိမ်အဖြစ် စတင်လှူဒါန်းကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ – လင်းညွန့်

# စဉ့်ကိုင်မြို့နယ်၌ အသက် ၈၅ နှစ်အထက်နှင့် အသက် ၁၀၀ နှစ်အထက် အဘိုးအဘွားတို့အား လူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်

**စဉ့်ကိုင် ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ အသက် ၈၅ နှစ်အထက် သက်ကြီးအဘိုးအဘွားများနှင့် အသက် ၁၀၀ နှစ်အထက် အဘိုးအဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)ခန်းမ၌ ပြုလုပ်သည်။

ထိုသို့ထောက်ပံ့ငွေများ ပေးအပ်ရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်မဲဆန္ဒနယ်အမှတ်(၂) ဦးလှိုင်ဝင်းက ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးတို့အား လူမှုရေးပင်စင်ထောက်ပံ့ငွေများကို သက်ကြီးအဘိုးအဘွားများ လက်ဝယ်အရောက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ စနစ်တကျ ထပ်ဆင့်ထောက်ပံ့ပေးအပ်ကြရန် မှာကြားကြောင်း သိရသည်။

အဆိုပါထောက်ပံ့ငွေများကို စဉ့်ကိုင်မြို့နယ်တွင် မြို့ပေါ် ငါးရပ်ကွက်နှင့် ကျေးရွာ အုပ်စု ၄၈ အုပ်စုအတွင်းရှိ အသက် ၈၅ နှစ်အထက် အဘိုးအဘွား ၇၈၇ ဦးအား တစ်ဦးလျှင် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှင့် အသက် ၁၀၀ နှစ်အထက် အဘိုးအဘွား ၁၄ ဦးအား တစ်ဦးလျှင် လူမှုရေးပင်စင်နှင့် ထပ်ဆောင်းထောက်ပံ့ငွေကျပ် ၆၀၀၀၀ ကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက အဘိုးအဘွားများ လက်ဝယ် အရောက် ဆက်လက်ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

ဝင်းဝင်းသန်း (ပြန်/ဆက်)

# ကျိုင်းတုံမြို့ရှောင်လမ်း ၂၀၂၁-၂၀၂၂ နှစ်တွင် အမာခံလမ်းအဖြစ် စတင်အသုံးပြုနိုင်တော့မည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း၏မြို့တော် ကျိုင်းတုံမြို့၌ ယာဉ်ကြောပိတ်ဆို့မှု ယာဉ်မတော်တဆမှုများ လျော့နည်းစေရန်နှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် မြို့ရှောင်လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကျိုင်းတုံခရိုင် လမ်းဦးစီးဌာနက ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုငွေနှစ်ရပ် စုစုပေါင်းငွေကျပ် ၁၅၂၀၃ ဒသမ ၆၁၇ သန်းဖြင့် ဖောက်လုပ်လျက်ရှိသည်။

မြို့ရှောင်လမ်းကို တောင်ကြီးဘက်မှအဝင် ယန်းလော့ကျေးရွာအုပ်စု ကျိုင်းဖောင်းကျန်းမာရေးစစ်ဆေးရေးဂိတ်အနီး (၆၂၈ ဒသမ ၀၂ ကီလိုမီတာ)မိုင်တိုင်အမှတ်မှ စတင်၍ နောင်နွန်းပူးပေါင်းဂိတ်အနီး (၆၃၉ ကီလိုမီတာ) မိုင်တိုင်အထိ ယခင်စီမံကိန်းမဆောင်ရွက်ဖြစ်ခဲ့သော မိုးနဲ – ကျိုင်းတုံမီးရထားလမ်းစီမံကိန်းမြေနေရာတွင် လမ်းအကျယ် ၇မီတာ အရှည် ၁၀ ကီလိုမီတာကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြေသားလမ်းဖောက်လုပ်ခြင်း၊ တံတားလုပ်ငန်းနှင့် အခြားလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ခြင်းမှာ ၁၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ်တွင် အမာခံလမ်းအဆင့်အနေဖြင့် စတင်အသုံးပြုနိုင်မည်ဖြစ်ပြီး ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကတ္တရာကွန်ကရစ်လမ်းကို အပြီးဖောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ကျိုင်းတုံမြို့ရှောင်လမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသော ယန်းလော့ကျေးရွာအုပ်စုနှင့် မြို့ပေါ်ရပ်ကွက် (၁) တို့မှ မြေ ၁၁၀ ဒသမ ၄၄၃ ဧကအတွက် နစ်နာကြေးငွေကျပ် ၆၄၈ ဒသမ ၂၀၄ သန်းကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေမှ သက်ဆိုင်ရာလယ်/စီအဖွဲ့အဆင့်ဆင့်၏ သတ်မှတ်ဈေးများအတိုင်း ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ရာနှုန်းပြည့် ပေးလျော်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ကျိုင်းတုံမြို့တွင် ယာဉ်အစီးရေများပြားလာမှု၊ မြို့တွင်းလမ်းများ ကျဉ်းမြောင်းလာမှုတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ၊ ယာဉ်မတော်တဆမှုများ စသည်တို့ကို မြို့ရှောင်လမ်း ဖောက်လုပ်ပြီးစီးပါက ဖြေလျှော့ပေးနိုင်မည်ဖြစ်၍ ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်ယာဉ်များ မြို့တွင်းမှ ဖြတ်သန်းမောင်းစရာမလိုဘဲ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ပြီး ဒေသလူမှုစီးပွားရေးများ မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ခရမ်းစိုးမြင့်



မြို့ရှောင်လမ်းဖောက်လုပ်နေမှုကို တွေ့ရစဉ်။

# ပဲခူးမြို့(၁၀)မိုင်ကုန်း ဓမ္မဒူတဗုဒ္ဓတက္ကသိုလ်ဆရာတော်နှင့်တပည့်များက နိုင်ငံတော်၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဝယ်ယူရေးအတွက် အလှူငွေလှူဒါန်း

**ပဲခူး ဇန်နဝါရီ ၂၃**

ပဲခူးမြို့ (၁၀)မိုင်ကုန်း ဓမ္မဒူတတောရသာသနာ့ရိပ်သာနှင့် ဓမ္မဒူတဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်တွင် ဇန်နဝါရီ ၂၃ ရက်က နိုင်ငံတော်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရေး အတွက် အလှူငွေလှူဒါန်းပွဲ ကျင်းပသည်။

ရှေးဦးစွာ (၁၀)မိုင်ကုန်း ဓမ္မဒူတတောရသာသနာ့ရိပ်သာနှင့် ဓမ္မဒူတဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရာဘိဝံသက ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ပညိဿရာဘိဝံသနှင့် တပည့်ဒါယကာ ဒါယိကာမများ ကိုယ်စားတပည့်ဒါယကာတစ်ဦးက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းထံသို့ နိုင်ငံတော်၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဝယ်ယူရေးအတွက် အလှူငွေကျပ် ၂၃၁ သိန်း ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ်က လက်ခံယူပြီး ဂုဏ်ပြု မှတ်တမ်း ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

ယင်းနောက် ဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေတို့က အလှူငွေကျပ်ငါးသိန်းနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုးသိန်းက (၁၀) မိုင်ကုန်း ဓမ္မဒူတတောရသာသနာ့ရိပ်သာနှင့် ဓမ္မဒူတဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်၏ သာသနာ့မြေ၊ လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် ပုံစံ ၁၅ (က) နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကိုလည်းကောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့နယ် (၁၀) မိုင်ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းအနီးရှိ မြေလွတ်မြေရိုင်းဧက ၂၀၀ ခန့်တွင် Bago Yoma Amusement Park အကောင်အထည်ဖော်မည့် မြေနေရာနှင့် စစ်ပင်ဆိပ်ကျေးရွာအနီး စစ်ပင်ဆိပ်နွေစပါးချောင်းပိတ်တမံနှင့် ရေတံခါးတည်ဆောက်မည့်နေရာ၊ အောက်ကမ္ဘာကျေးရွာအနီးရှိ မြေလွတ်မြေရိုင်း လျှောက်ထားမှုများကို ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**





# ကရင်ပြည်နယ်ဝန်ကြီးချုပ် သံတောင်ကြီးမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း ဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**သံတောင်ကြီး ဇန်နဝါရီ ၂၃**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လူမှုရေး ဝန်ကြီးဦးဘိုဘိုဝေမောင်နှင့်အဖွဲ့သည် ယမန်နေ့က သံတောင်ကြီးမြို့ရှိ အစိုးရနည်းပညာ အထက်တန်းကျောင်း ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုရာတွင် ပြည်နယ်ဝန်ကြီးချုပ်က အစိုးရနည်းပညာအထက်တန်းကျောင်းအား တာဝန်ယူဆောက်လုပ်ပေးသည့် Kyaw Maw Group ဆောက်လုပ်ရေးကုမ္ပဏီနှင့် အရှေ့အာရှတံခွန် ဆောက်လုပ်ရေးကုမ္ပဏီတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်လျက်ရှိသည့်မြေထိန်းနံရံ ဆောင်ရွက်မှုများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပြီး လိုအပ်သည်များ မှာကြားသည်။ **(အပေါ်ပုံ)**

အစိုးရနည်းပညာအထက်တန်းကျောင်းသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ကရင်ပြည်နယ်တွင် ဒုတိယမြောက် တည်ဆောက်ပေးခဲ့သော အစိုးရနည်းပညာအထက်တန်းကျောင်းဖြစ်ပြီး အလျား ၁၉၂ ပေ၊ အနံ ၃၈ ပေ သုံးထပ် စာသင်ဆောင်တစ်လုံး၊ အလျားပေ ၁၅၀ ၊ အနံ ၇၅ ပေအလုပ်ရုံတစ်လုံး၊ အလျား ၇၈ ပေ၊ အနံ ၉၄ ပေ လေးထပ်တစ်လုံး၊ အလျားပေ ၁၅၀၊ အနံ ၇၅ ပေအလုပ်ရုံတစ်လုံးတို့ကို ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းကို လာမည့် ပညာသင်နှစ်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်ကြားမည့် ဘာသာရပ်များမှာ ဆောက်လုပ်ရေး နည်းပညာသင်တန်း၊ လျှပ်စစ်ဆက်သွယ်ရေး နည်းပညာသင်တန်း၊ လျှပ်စစ်စွမ်းအင် နည်းပညာသင်တန်း၊ စက်ပစ္စည်း အစိတ်အပိုင်းထုတ်လုပ်ခြင်း နည်းပညာသင်တန်း၊ မော်တော်ယာဉ် နည်းပညာ သင်တန်းများကို သင်ကြားပို့ချပေးမည်ဖြစ်ပြီး ဘာသာရပ်တစ်ခုတွင် ကျောင်းသားကျောင်းသူ ၄၀ ဖြင့် စုစုပေါင်း ကျောင်းသူ ကျောင်းသား ၂၀၀ တက်ရောက်သင်ကြားနိုင်မည်ဖြစ်ကြောင်း အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာချိုယုမွန်က ပြောသည်။ **မြို့နယ်(ပြန်/ဆက်)**

# တီးတိန်ပြည်သူ့ဆေးရုံသို့ အထူးကြပ်မတ်ကုသဆောင် အဆောက်အအုံသစ် လွှဲပြောင်းအပ်နှံ

**တီးတိန် ဇန်နဝါရီ ၂၃**

ချင်းပြည်နယ် တီးတိန်ပြည်သူ့ဆေးရုံ အရေးပေါ်ပံ့ပိုးရေး ကော်မတီက ဦးဆောင်၍ ပြည်တွင်း ပြည်ပ အလှူရှင်များ၏ ပံ့ပိုးပါဝင်လှူဒါန်းမှုဖြင့် တည်ဆောက်သည့် အထူးကြပ်မတ်ကုသဆောင် (Intensive Care Unit-ICU)၊ အဆောက်အအုံသစ်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံ လှူဒါန်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ သိက္ခာတော်ရ ဒေါက်တာ ထွမ်းခန့်ထန်က အထူးကြပ်မတ်ကုသဆောင် အဆောက်အအုံသစ်အား မေတ္တာပို့ဆုတောင်းဆက်ကပ်သည်။ ဆက်လက်၍ အဆောက်အအုံသစ် လွှဲပြောင်းအပ်နှံခြင်းပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးလှစိုးက လှူဒါန်းမှုအတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် အရေးပေါ် ပံ့ပိုးရေးကော်မတီအတွင်းရေးမှူး သိက္ခာတော်ရဆရာ ဝုန်ဆွင်းမုန်က အဆောက်အအုံသစ် တည်ဆောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးထန်ဇစိန်နှင့် ဘဏ္ဍာရေးမှူး ဦးဒမ်ခိုဇမ်းတို့က အထူးကြပ်မတ်ကုသဆောင် အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ဆေးရုံအုပ် ဒေါက်တာဇော်မြင့်နိုင်ထံသို့ လွှဲပြောင်းပေးအပ်သည်။ **(အောက်ပုံ)**

အဆိုပါ အဆောက်အအုံကို အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၁၆၁ ဒသမ ၅ သန်းဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး တီးတိန်ပြည်သူ့ဆေးရုံ အရေးပေါ်ပံ့ပိုးရေးကော်မတီမှ ဦးဆောင်၍ အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများထားရှိမည့် အဆောက်အအုံသစ်တစ်လုံးကိုလည်း တည်ဆောက်ဆဲဖြစ်ကြောင်း ကော်မတီအတွင်းရေးမှူး သိက္ခာတော်ရ ဆရာဝုန်ဆွင်းမုန်ထံက သိရသည်။

**ပေါင်ကျင့်မုန်(ပြန်/ဆက်)**






# ဗန်းမောက်မြို့နယ်တွင် တောင်ကျော်လူသွားလမ်းကို မြေသားလမ်းအဆင့်မြှင့်တင်ဖောက်လုပ်

**ဗန်းမောက် ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် လက်ပံကျင်းကျေးရွာနှင့် ကျောက်ဆည်ကျေးရွာတို့ကို ဆက်သွယ်ထားသည့် တောင်ကျော်လူသွားလမ်းကို ယာဉ်ကြီး ယာဉ်ငယ်များ ရာသီမရွေး သွားလာနိုင်ရန်အတွက် မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၃၀၆ သန်းဖြင့် အရှည် ၉ မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် ၂ ပေ ၄ လက်မရှိ မြေသားလမ်းအဖြစ် ဇန်နဝါရီ ၁၈ ရက်မှ စ၍ ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

ယခင်က အဆိုပါလမ်းသည် မြို့နယ်အတွင်းရှိ မံယူးကြီး ဒေသစိတ်မှ ကျေးလက်နေပြည်သူများ ဗန်းမောက်မြို့သို့ ကူးသန်းသွားလာရန် ဖောက်လုပ်ထားသည့် တောင်ကျော်လူသွားလမ်းဖြစ်ပြီး အချိန်တိုအတွင်း သွားလာရေးကောင်းသော်လည်း မိုးရာသီရောက်ပါက တောတောင်ကြီးများ ထူထပ်သဖြင့် သွားလာမှု အဆင်မပြေ ဖြစ်ရသည်။

ယခုအခါ မြေသားလမ်းအဖြစ် ဖောက်လုပ်လျက်ရှိပြီး ယင်းမြေသားလမ်းဖောက်လုပ် ပြီးစီးပါက ဗန်းမောက်မြို့နယ်အဆုံး မံယူးကြီးဒေသ စိတ်အတွင်းရှိ ကျေးလက်ဒေသများသာမက ပင်လယ်ဘူး၊ ဖောင်းပြင်နှင့် ဟုမ္မလင်းမြို့နယ်များသို့ သွားလာရေးလွယ်ကူပြီး ဒေသလူမှုစီးပွားရေးနှင့် ကုန်ကူးသန်းရောင်းဝယ်ရေးတို့တွင် သွားလာရေးလွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**

# ဆိုင်ကယ်ဖြင့်လှည့်လည်သွားလာ၍ လုယက်မှု၊ ခိုးမှုများ ကျူးလွန်ခဲ့သူနှစ်ဦးကို ဖမ်းဆီးရမိ


ပြစ်မှုကျူးလွန်သူ ရန်နိုင်၊ ကျော်သက်ပိုင်နှင့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း ဆိုင်ကယ်ဖြင့်လိုက်လံ၍ ဆွဲကြိုးဖြတ်လုယက်သူ ရန်နိုင်(ခ)ကိုနိုင်နှင့် ကျော်သက်ပိုင်(ခ) ခေးနှစ်လက်တို့နှစ်ဦးကို ဇန်နဝါရီ ၁၁ ရက်က ဖမ်းဆီးရမိခဲ့ပြီး အခြားပြစ်မှုများ ကျူးလွန်ခဲ့ခြင်း ရှိ/မရှိ အသေးစိတ်ထပ်မံစစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ ဒီဇင်ဘာလများတွင် မြောက်ဥက္ကလာပမြို့နယ်၊ သန်လျင်မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တို့အတွင်း ဆိုင်ကယ်ဖြင့် လှည့်လည်သွားလာ၍ အမည်မသိသူ လေးဦးထံမှ ဆိုင်ကယ်အမျိုးမျိုး လေးစီးကို လုယူခဲ့ပြီး လမ်းဘေး၌ရပ်ထားသော ဆိုင်ကယ်အမျိုးမျိုးခြောက်စီး ခိုးယူခဲ့ကြကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်း ဆိုင်ကယ်အမျိုးမျိုး ၁၀ စီးကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ ရန်နိုင်(ခ)ကိုနိုင်နှင့် ကျော်သက်ပိုင်(ခ)ခေးနှစ်လက်တို့နှစ်ဦးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

# ရန်ကင်းမြို့နယ်ရှိ ကောင်းကင်ဓာတ်အားလိုင်းမှ ဓာတ်ကြိုးများ ခိုးသူနှင့် ဝယ်ယူသူတို့ကို ဖမ်းမိ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကင်းမြို့နယ် (၆)ရပ်ကွက် ရန်ငြိမ်းလမ်းမရှိ ကောင်းကင်ဓာတ်အားလိုင်းခန်း (၇)ခန်းတွင် သွယ်တန်းထားသော လျှပ်စစ်မီးကြိုး Cu Cable HDBC No.8 အမျိုးအစား ပေ ၁၀၀၀ ခန့် စုစုပေါင်းတန်ဖိုးငွေကျပ် ၆၉၀၀၀၀ ခန့်မှာ ပျောက်ဆုံးနေကြောင်း ဇန်နဝါရီ ၁၄ ရက်တွင် မြို့နယ် လျှပ်စစ်မန်နေဂျာက ရန်ကင်းမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူအား စုံစမ်းဖမ်းဆီးရမိရေးအတွက် အခင်းဖြစ်ရပ်နှင့် ပတ်ဝန်းကျင်ကို စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့တွင် လျှပ်စစ်ဝန်ထမ်း(နေ့စား)အဖြစ် လုပ်ကိုင်ဖူးသူ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွက် မဟူရာလမ်းသွယ် ၁ အမှတ်(၆၅၄)နေ မင်းထက်ဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ၎င်းအား ဇန်နဝါရီ ၁၈ ရက် ညနေ ၅ နာရီခွဲတွင် နေအိမ်၌ ခိုးယူသွားသော သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစစ်ဆေးရာ ခိုးယူရရှိလာသော ဓာတ်ကြိုးများအနက် ငါးပိဿာခန့်ကို တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် ဇာနည် ၁၅ လမ်း အမှတ်(၆၆၁)နေ ထွန်းလင်း(ခ)ဖိုးစုထံတွင် ရောင်းချထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ခိုးရာပါပစ္စည်းများကို လက်ခံဝယ်ယူသူ ထွန်းလင်း (ခ)ဖိုးစုကို ထပ်မံဖမ်းဆီးခဲ့ပြီး ၎င်းတို့နှစ်ဦးအား ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

# ဟုမ္မလင်းနှင့် ဆီဆိုင်မြို့နယ် ဘန်းယဉ်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



**နေပြည်တော် ဇန်နဝါရီ ၂၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၂ ရက် ညနေ ၅ နာရီက ဟုမ္မလင်းမြို့နယ် နောင်ဖာမူကျေးရွာအုပ်စု ပေကုန်းကျေးရွာ- မှိုတောက်ကျေးရွာသွား တောလမ်းတွင် ကျော်ရင် မောင်းနှင်ပြီး အိုက်သန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ဝ ဒသမ ၁၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် ဘန်းယဉ်မြို့ ဟိုတိကျေးရွာအနီး ဘန်းယဉ်-ဟိုပုံးသွားကားလမ်းတွင် စံအေး မောင်းနှင်လာသော မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ဒက္ခိဏသီရိမြို့နယ်၌ ကြက်တိုက်လောင်းကစား ပြုလုပ်နေသူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ ဇန်နဝါရီ ၂၂ ရက်က ကြက်တိုက်လောင်းကစား ပြုလုပ်နေသူများအား တိုက်ကြက်ဖ သုံးကောင်၊ ဆိုင်ကယ်မျိုးစုံ ၁၀ စီးတို့နှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာနေ ဒေါ်ကြည်ငွေ၏ နေအိမ်အနီး မြေကွက်လပ်၌ ကြက်တိုက်လောင်းကစားပြုလုပ်နေကြောင်းသတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ကြက်တိုက်လောင်းကစားနေသူအချို့မှာ ထွက်ပြေးသွားခဲ့ပြီး ဇမ္ဗူသီရိမြို့နယ်၊ အောင်ချမ်းသာကျေးရွာနေ ကျော်ရဲအောင်၊ လှတိုး၊ ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာနေ သက်မင်းထွန်းတို့အား တိုက်ကြက်ဖ သုံးကောင်၊ ကြက်တိုက် လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများ၊ ဆိုင်ကယ်မျိုးစုံ ၁၀ စီးတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ကျော်ရဲအောင်ပါ သုံးဦးတို့အား ဥဩဂေဟာနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်းနှင့် ထွက်ပြေးသွားသူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၇၂၀ ၊ သွင်းကုန် ၃၂၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၃၄၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀ ဒသမ ၁၉၆ သန်း တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Instant Noddle (C/O China) (100 Kg) ၊ Detergent Powder (C/O China) (4660.4 Kg) နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်ကိုစစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းများနှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်ကို တွေ့ရစဉ်။

# မြဝတီမြို့ မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားပေါ်မှ ယာဉ်မောင်းအမျိုးသားတစ်ဦး ခုန်ချသေဆုံးမှုဖြစ်ပွား

**မြဝတီ ဇန်နဝါရီ ၂၃**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့ရှိ မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားအပေါ်တွင် ယနေ့ မွန်းလွဲ ၂ နာရီခန့်က အမျိုးသားတစ်ဦးခုန်ချ၍ မိမိကိုယ်ကို အဆုံးစီရင်မှုပြုလုပ်ခဲ့ရာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးမှုဖြစ်ပွားသည်။

အဆိုပါ တံတားပေါ်မှ ခုန်ချ၍ သေဆုံးသူမှာ မြဝတီမြို့ အမှတ် (၄) ရပ်ကွက်တွင် နေထိုင်သူဖြစ်ပြီး ထိုင်းနိုင်ငံမှ မုန့်မျိုးစုံတင်လာသည့်ယာဉ်ကို မောင်းနှင်လာခဲ့၍ တံတားအလယ်အရောက်တွင် ယာဉ်ကိုရပ်ကာ ခုန်ချခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်ဖြစ်ပွားကြောင်း သတင်းအရ မြဝတီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ငွေ၊ မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်ကျော်ဦး အမှတ်(၂)ချစ်ကြည်ရေးတံတားတာဝန်ကျ ဒုရဲမှူး စောမြတို့နှင့် တာဝန်ရှိသူများသွားရောက်၍ အလောင်းကို ပြန်လည်ဆယ်ယူ သယ်ဆောင်နိုင်ရေး ထိုင်းဘက်ခြမ်းတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် အလောင်းကို မြဝတီမြို့ Z-RESCUE လူမှုကူညီရေးအသင်းအဖွဲ့ဝင်များက ဆယ်တင်ခဲ့ပြီး ထိုင်းတာဝန်ရှိသူများက မြန်မာနိုင်ငံ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကာ မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သယ်ဆောင်သွားသည်။

သေဆုံးမှုနှင့် ပတ်သက်၍ သေဆုံးသူ၏ ဇနီးဖြစ်သူအား မေးမြန်းရာ ၎င်းသည် ကုန်ပစ္စည်းများတင်ဆောင်ရာတွင် အမှားအယွင်းများရှိခဲ့၍ ငွေကြေးအခက်အခဲကြောင့် စိတ်ညစ်နေကြောင်း ပြောပြသိရှိရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် ဆက်လက်စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# ချောက်မြို့နယ်တွင် မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းစေရေး အသိပညာပေး

**ချောက် ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ချောက်မြို့မရဲစခန်းမှ မှုခင်းများလျော့နည်းကျဆင်းစေရေးအသိပညာပေးဟောပြောခြင်းကို ဇန်နဝါရီ ၂၂ ရက် နံနက် ၈ နာရီခွဲက ရေတွင်းကျေးရွာအုပ်စု ဇီးချိုပင်(မြစ်)ကျေးရွာရှိ ကျေးရွာခွဲတာဝန်ခံ ရာအိမ်မှူး၏နေအိမ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားချက်နှင့်အညီ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ချောက်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းဇော်က မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး၊ လုယက်မှု၊ ဓားပြမှုဖြစ်ရခြင်းနှင့် ကျူးလွန်ခံရခြင်း အကြောင်းအရင်းများ၊ ခိုးမှုဖြစ်ရခြင်းအကြောင်းအရင်းများ၊ လုံခြုံမှုအသိပညာပေးခြင်း၊ မှုခင်းနှင့် ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ဟောပြောပွဲသို့ မြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နှင့်အဖွဲ့၊ ဇီးချိုပင်(မြစ်)ကျေးရွာတာဝန်ခံရာအိမ်မှူး ဦးဝင်းရွှေနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ငါးမွေးကန်များဧကစာရင်းမှန်ကန်စေရေး၊ ပယ်ဖျက်မည့်ငါးမွေးကန်များနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်း

**နေပြည်တော် ဇန်နဝါရီ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ငါးမွေးကန်များ ဧကစာရင်းမှန်ကန်စေရေးနှင့် ပယ်ဖျက်လိုသောငါးမွေးကန်များ စာရင်းများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က Zoom Meeting ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က အမှာစကားပြောကြားရာတွင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးမွေးမြူရေးလုပ်ငန်းများစနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငါး၊ ပုစွန်၊ ကဏန်း မွေးမြူရေးကန်များ၊ ငါးလုပ်ငန်းဦးစီးဌာန၌ တရားဝင်နှစ်စဉ်ယာယီလိုင်စင်များ ရယူခြင်းဖြင့် ငါးမွေးမြူရေးလုပ်ငန်းစီမံခန့်ခွဲရေး အညွှန်းကိန်းဂဏန်းများ မှန်ကန်စွာရရှိစေရန်နှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများကို ရရှိစေရန်အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၉-၂၀၂၀ ပြည့်နှစ် စာရင်းဇယားများအရ ငါး/ပုစွန်/ကဏန်းမွေးကန်ဧကပေါင်း ငါးသိန်းနီးပါးရှိသည်ကို တွေ့ရပါကြောင်း၊ မြေပြင်တွင် အမှန်တကယ်မွေးမြူနေသည့် ဧကစာရင်းနှင့် ကွာဟနေသည်ကိုတွေ့ရှိရပါကြောင်း၊



ငါးမွေးကန်များဧက စာရင်းမှန်ကန် စေရေးနှင့် ပယ်ဖျက်လိုသောငါးမွေးကန်များ စာရင်းများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က Zoom Meeting ဖြင့် ကျင်းပစဉ်

အချို့ ငါးမွေးကန်များတိမ်ကောသွားခြင်း၊ ငါးမွေးကန်ပိုင်ရှင်များ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ကားလမ်းဖြတ်ဖောက်ခြင်း၊ တံတားဆောက်လုပ်ခြင်းတို့ကြောင့် ငါးမွေးကန်မြေပါသွားခြင်း၊ ငါးမွေးကန်ပိုင်ရှင်များ သေဆုံးသွားခြင်း စသည့် အကြောင်း အမျိုးမျိုးတို့ကြောင့် ဆက်လက်မွေးမြူနိုင်ခြင်း မရှိတော့သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

ငါးမွေးမြူရေးကဏ္ဍအပါအဝင် ငါးလုပ်ငန်းကဏ္ဍမှ နိုင်ငံတော်၏ GDP တိုးတက်စေရေးအတွက် ငါးမွေးမြူရေးကန်ဧရိယာများ၏ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုသည် အရေးကြီးသော အချက်တစ်ချက်ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ ငါး၊ ပုစွန်၊ ကဏန်း မွေးကန်ဧကစာရင်းများ မှန်ကန်စေရေးအတွက် ဆောင်ရွက်မည့်အစီအမံများ၊ လိုအပ်ချက်များ၊ ဌာနမှ ပံ့ပိုးပေးရမည့် အချက်များကို တင်ပြဆွေးနွေးပေးကြလိုကြောင်း ပြောကြားသည်။ ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က စာရင်းဇယားကောက်ယူနိုင်ရေးနှင့် ပတ်သက်၍ ဖြည့်စွက်မှာကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြပြီး ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူးများက လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့တော်အသံလွှင့်ဌာန၏ (၁၉)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်တွင် MRTV Channel မှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

မြို့တော်အသံလွှင့်ဌာန (City FM) ၏ (၁၉)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် (စနေနေ့) ည ၈ နာရီသတင်းများအပြီးတွင် MRTV Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်ပြီး မအားလပ်၍ မကြည့်ရှုလိုက်ရသူများအတွက် MRTV Facebook Page နှင့် 50-TV Application တွင် ကြည့်ရှုနိုင်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရွှေနေခြည်ဝန်ဆောင်မှုကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် မြို့တော်အသံလွှင့်ဌာန City FM ကို ၂၀၀၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် တည်ထောင်ခဲ့ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ သတင်းများ၊ အားကစား၊ အနုပညာ၊ ပညာပေးအစီအစဉ်၊ ဖျော်ဖြေရေး အစီအစဉ်များကို ပြည်သူများထံ သိရှိနိုင်ရန် City FM 88.9 MHz မှ နေ့စဉ် ၂၄ နာရီ ထုတ်လွှင့်ပေးလျက်ရှိသည်။ (ယာပုံ)

ထိုသို့ထုတ်လွှင့်ရာတွင် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် အနုပညာရှင်များ၏ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးမှုကြောင့်ဖြစ်ပြီး အဆိုပါအနုပညာရှင်များကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ နှစ်စဉ်ဂုဏ်ပြုဆုပေးပွဲနှင့် ဖျော်ဖြေရေးအခမ်းအနားကို ကျင်းပပေးခဲ့သည်။ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကျရောက်နေသည့်အတွက် Virtual Show အဖြစ်သာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြို့တော်အသံလွှင့်ဌာန City FM (၁၉) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ထုတ်လွှင့်ပြသနိုင်ရေးအတွက် ရောဝတီဘဏ်၏ ပူးပေါင်းပါဝင်ကူညီမှုနှင့် တေးရေးမင်းချစ်သူက စီစဉ်ညွှန်ကြားပြီး ကြိုတင်ရိုက်ကူးရေးလုပ်ငန်းများကို 50-TV အဖွဲ့သားများက ကိုဗစ် -၁၉ စည်းကမ်းနှင့်အညီ ရိုက်ကူးလျက်ရှိပြီး ဖျော်ဖြေရေး




အစီအစဉ်များကို တေးသံရှင် ဖော်ဝင်းထွဋ်၊ သားသား၊ ဖြိုးပြည့်စုံ၊ ETERNAL GOSH, ဖြိုးမြတ်အောင်၊ HANGOVER ii ၊ မေဆွိ၊ ဝိုင်းစုခိုင်သိန်း၊ ရတနာမိုင်၊ နီနီခင်ဇော်၊ မိစန္ဒီ၊ ဂျူဝယ်လ်၊ ဘာဘာရာ၊ မေလသံစဉ်နှင့် ချမ်းမြေ့မောင်ချိုတို့က EMPEROR, ETERNAL GOSH+ DORON နှင့် THAR THAR တီးဝိုင်းများနှင့်အတူ ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ကော့ကရိတ်ခရိုင်အတွင်း ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပိုစတာများစိုက်ထူ

**ကော့ကရိတ် ဇန်နဝါရီ ၂၃**

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ကော့ကရိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစောဖွန်စမိုက်နှင့် ဝန်ထမ်းများသည် ယနေ့တွင် ကြာအင်းဆိပ်ကြီး ကျုံဒိုးနှင့် ကော့ကရိတ်မြို့နယ်များအတွင်း သဘာဝငါးသယံဇာတများကို ထိခိုက်စေနိုင်သော ဒေသရင်းမဟုတ်သည့် ငါးမျိုးများမွေးမြူခြင်းဆိုင်ရာ သတိပေးတားမြစ်နှိုးဆော်ချက် ပညာပေးဆိုင်းဘုတ်များကို ကြာအင်းဆိပ်ကြီးမြို့နယ် ငါးလုပ်ငန်းဦးစီးမှူးရုံးရှေ့၌ လည်းကောင်း၊ ကျုံဒိုးဆိပ်ကမ်းတွင် လည်းကောင်း၊ ကော့ကရိတ်မြို့ လှိုင်ဝတံတားအနီးတွင်လည်းကောင်း စိုက်ထူခဲ့သည်။

ထို့အပြင်အသိပညာပေးလက်ကမ်းစာစောင်များကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ရုံးရှေ့တွင် လည်းကောင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ငါးမွေးကန်များသို့ သွားရောက်၍ လည်းကောင်း၊ ကျုံဒိုးမြို့ရှိ ကြက် / ငါး / ပုစွန် ရောင်းဝယ်ရေးဒိုင်များကို



စုပ်ခွက်ငါးအပါအဝင် အခြားဒေသရင်း မဟုတ်သည့် ငါးမျိုးများကို မွေးမြူခြင်း မရှိစေရန်နှင့် အများပြည်သူများ သိရှိစေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) သတင်းစဉ်**

## လဟယ်မြို့တွင် မြို့တွင်းဓာတ်အားလိုင်းကြိုးများ အဆင့်မြှင့်တင်

**လဟယ် ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် မြို့တွင်း လျှပ်စစ်မီးဓာတ်အားလိုင်း ၄၀၀ ဗို့အားလိုင်း မီးကြိုး တစ်မိုင် လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို လဟယ်မြို့နယ် လျှပ်စစ်ဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ လဲလှယ်ဆောင်ရွက်ရာတွင် ယခင်က သွယ်တန်းတပ်ဆင်ထားသော ဓာတ်အားလိုင်းမီးကြိုးအဟောင်း ($33\ mm^2$)အစား ($95mm^2$)ABC လိုင်းကြိုးကို အစားထိုးလဲလှယ် တပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။

ယခင် သွယ်တန်းထားသောကြိုးသည် လိုင်းကြိုးအခွံကိုဖောက်ပြီး နန်းကြိုးဖြင့်ပတ်ကာ ဆားဗစ်ကြိုး သွယ်တန်းခြင်းကြောင့် မိုးရေများဝင်၍ မီးကြိုးများ ပျက်ကျနိုင်သည့်အတွက် အန္တရာယ်ရှိနိုင်ကြောင်း၊ ယခု အစားထိုးလဲလှယ်သည့် လိုင်းကြိုး သည် ($95mm^2$)ABC အမျိုးအစားဖြစ်ပြီး လိုင်းကြိုးနှင့် ဆားဗစ်ကြိုး ကြား ကြားခံကိရိယာ( insulated precing connector) ဂမ်းပါရှိ၍ လိုင်းကြိုးအား ဖောက်ရန်မလိုသလို ဓာတ်အားအပြည့်လည်းရရှိမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မှူး ဦးဇော်ဝင်းထွန်းက ပြောသည်။

အဆိုပါလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး လျှပ်စစ်ဌာန ခွင့်ပြုငွေကျပ်သန်း ၂၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးစီးမှုအနေဖြင့် ပေ ၆၀၀ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မွေးကြူဇင်**

## ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## M2 World Championship ပြိုင်ပွဲ Burmese Ghouls မြန်မာအသင်း Grand Final တက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၂၃**

စင်ကာပူနိုင်ငံ၌ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပနေသည့် ကမ္ဘာ့အဆင့် ထိပ်တန်းပြိုင်ပွဲကြီးဖြစ်သည့် Mobile Legends: Bang Bang (MLBB) M2 World Championship ပြိုင်ပွဲ၏ Upper Bracket Final ပွဲစဉ်တွင် မြန်မာနိုင်ငံကိုယ်စားပြု Burmese Ghouls အသင်း ဗိုလ်လုပွဲသို့ တက်ရောက်သွားကြောင်း သိရသည်။

မြန်မာနိုင်ငံကိုယ်စားပြု Burmese Ghouls အသင်းသည် အုပ်စု(က)တွင် စင်ကာပူနှင့် ရုရှားကိုယ်စားပြုအသင်းများနှင့် ကျရောက်ခဲ့ကာ နှစ်ပွဲစလုံးအနိုင်ရခဲ့ပြီး Upper Bracket အဆင့်သို့ တက်ရောက်ခဲ့သည်။ ဇန်နဝါရီ ၂၂ ရက်က ကစားသည့်ပွဲတွင် ဖိလစ်ပိုင်မှ Bren Esports အသင်းကို (၂-၀) ပွဲဖြင့် အနိုင်ရခဲ့ပြီး Upper Bracket Final ပွဲစဉ်သို့ တက်ရောက်ခဲ့သည်။


မြန်မာနိုင်ငံကိုယ်စားပြု Burmese Ghouls အသင်း

ဇန်နဝါရီ ၂၃ ရက် ဗိုလ်လုပွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားကိုယ်စားပြု RRQ Hoshi တို့ ယှဉ်ပြိုင်ကစားရာ(၃-၂) ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ Burmese Ghouls အသင်းသည် အစောပိုင်းပွဲများတွင် နှစ်ပွဲဆက်အနိုင်ရထားသော်လည်း နှစ်ပွဲပြန်ရှုံးခဲ့သဖြင့် ငါးပွဲအထိ ယှဉ်ပြိုင်ခဲ့ရပြီး နောက်ဆုံးပွဲတွင် ပြန်လည်အနိုင်ရခဲ့သည်။

Grand Final ပွဲစဉ်ကို ဇန်နဝါရီ ၂၄ ရက် **(ယနေ့)**ညနေပိုင်းတွင် ကျင်းပမည် ဖြစ်သည်။ ပြိုင်ပွဲတွင် ချန်ပီယံဆုအဖြစ် ဆုကြေးငွေ အမေရိကန်ဒေါ်လာ တစ်သိန်းလေးသောင်းကို ပိုင်ဆိုင်ရမည့်အပြင် အသင်း၏ အမှတ်အသားတံဆိပ်ဖြင့် စိတ်ကြိုက် ဟီးရိုးတစ်ကောင်၏ in-game skin ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

**အာကာစိုး၊ ဓာတ်ပုံ-BG**

## အက်ဖ်အေဖလားပြိုင်ပွဲ စတုတ္ထအဆင့်မှ အာဆင်နယ်တို့ ဆောက်သမ်တန်ကို ရှုံးနိမ့်ပြီး ထွက်ခဲ့ရ

အင်္ဂလန်အက်ဖ်အေဖလား စတုတ္ထအဆင့် ဆောက်သမ်တန်နှင့် အာဆင်နယ်တို့သည် ဇန်နဝါရီ ၂၃ ရက် စနေနေ့ညတွင် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် ဆောက်သမ်တန်အသင်း အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ဆောက်သမ်တန်အသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် ဒန်နီအင့်စ်နှင့် ချီအဒမ်စ်တို့ ပါဝင်ခဲ့ပြီး အာဆင်နယ်အသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် အန်တီတိုက်ဟ်တို့အထောင်တိုက်စစ်တွင် အသုံးပြုခဲ့သည်။ ဆောက်သမ်တန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို အာဆင်နယ်နောက်တန်းကစားသမား ဂါဘရီရယ် ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခြင်းကြောင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပွဲတွင် ဘောလုံးပိုင်ဆိုင်မှုမှာ အာဆင်နယ်က အသာစီးရရှိခဲ့ကာ ဂိုးကန်သွင်းခွင့်မှာ နှစ်သင်းစလုံး ၁၁ ကြိမ်စီ ရရှိခဲ့ပြီး နှစ်ကြိမ်စီ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့ကြသည်။

ယင်းနှစ်သင်းတွေ့ဆုံမှုတွင် ဒီဇင်ဘာလက အာဆင်နယ်အိမ်ကွင်းတွင် ယှဉ်ပြိုင်ခဲ့စဉ် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးထားပြီး ပရီမီယာလိဂ်ဒုတိယအကျော့ကို ဇန်နဝါရီ ၂၇ ရက်တွင် ဆောက်သမ်တန်ကွင်း၌ ယှဉ်ပြိုင်ရဦးမည်ဖြစ်သည်။ ပြိုင်ပွဲစုံနောက်ဆုံးတွေ့ဆုံမှု ၂၁ ကြိမ်တွင် အာဆင်နယ်က ကိုးကြိမ်အနိုင်ရရှိလာပြီး ခြောက်ကြိမ်ရှုံးနိမ့်ကာ ခြောက်ကြိမ် သရေကျထားသည်။ ပရီမီယာလိဂ်အမှတ်ပေးပြိုင်ပွဲဇယားရပ်တည်မှုတွင်လည်း ဆောက်သမ်တန်က ရမှတ် ၂၉ မှတ် အဆင့် ၉ နှင့် အာဆင်နယ်က ရမှတ် ၂၇ မှတ် အဆင့် ၁၀ တွင် ရပ်တည်နေကြသည်။

**သီဟ**



## ပြည်တွင်းကစားသမားတစ်ဦး ခေါ်ယူပြီးနောက် ရန်ကုန်အသင်း၏ ၂၀၂၁ ရာသီအတွက် ကစားသမားခေါ်ယူမှုပြီးဆုံး

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်ယူနိုက်တက်အသင်းသည် ဇန်နဝါရီ ၂၂ ရက်က ပြည်တွင်းကစားသမားတစ်ဦး ခေါ်ယူပြီးနောက် ၂၀၂၁ ရာသီအတွက် ကစားသမားသစ် ခေါ်ယူမှုပြီးဆုံးသွားပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်အသင်းသည် ဇန်နဝါရီလ ပထမပတ်မှစတင်ကာ ကစားသမားသစ်များ ခေါ်ယူခဲ့ပြီး နှစ်ပတ်ဝန်းကျင်ကာလအတွင်း ပြည်တွင်းကစားသမား ကိုးဦး၊ နိုင်ငံခြားသားကစားသမားနှစ်ဦး ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် နောက်ဆုံး ကစားသမားခေါ်ယူမှုအဖြစ် အသင်းဖျက်သိမ်းသွားသည့် ဇွဲကပင်အသင်း နောက်ခံလူ သိန်းတန်ကို ဇန်နဝါရီ ၂၂ ရက်က နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ၎င်းအား ခေါ်ယူပြီးနောက် ၂၀၂၁ ရာသီတွင် အသုံးပြုမည့် လူစာရင်းအားထုတ်ပြန်ခဲ့၍ ကစားသမား ၃၁ ဦး ရွေးချယ်ထားသည်။ ယင်း ၃၁ ဦး အနက် ၃၀ အား ၂၀၂၁ ရာသီ ပထမအကျော့အတွက် မှတ်ပုံတင်သွင်းသွားမည်ဖြစ်ကာ ကစားသမားအချို့ကို ထွက်ခွာခွင့်ပြုခြင်းနှင့် အငှားချခြင်းများ ပြုလုပ်ခဲ့သည်။ ရန်ကုန်အသင်းသည် လာမည့်ရာသီအတွက် ပြည်တွင်းကစားသမားများအဖြစ် လွင်မိုးအောင်၊ စိုးမိုးကျော်၊ ဝင်းနိုင်ထွန်း၊ ဇော်ဝင်း၊ ပြည်မိုး၊ သီဟ၊ ဟိန်းထက်စည်သူ၊ ကျော်ဖြိုးဝေ၊ သိန်းတန်၊ နိုင်ငံခြားသားကစားသမားအဖြစ် အီမာဆင်နှင့် ပက်ထရစ်တို့ကို ခေါ်ယူခဲ့သည်။

၂၀၂၁ ရာသီအတွက် ရန်ကုန်အသင်း ထုတ်ပြန်ခဲ့သည့် ကစားသမား ၃၁ ဦးစာရင်းတွင် **ဂိုးသမား**- ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်၊ သူရကျော်၊ အာကာလင်းမြတ်၊ **နောက်တန်း**- ကျော်ဖြိုးဝေ၊ သိန်းတန်၊ မင်းကျော်ခန့်၊ စိုးမိုးကျော်၊ သူရိန်စိုး၊ ဟိန်းထက်စည်သူ၊ ပြည့်ဖြိုးဇော်၊ စည်သူမိုးခန့်၊ ဇော်ဝင်း၊ ထိုက်ထိုက်အောင်၊ ဇာနည်ထက်၊ **အလယ်တန်း**-မောင်မောင်လွင်၊ ရန်ပိုင်စိုး၊ ကျော်ဇင်ဦး၊ ရန်နိုင်ဦး၊ သီဟ၊ ငြိမ်းချမ်းအောင်၊ မောင်မောင်ဝင်း၊ လွင်မိုးအောင်၊ ကြည်လင်း၊ ကောင်းထက်စိုး၊ ဇော်ဝင်းသိန်း၊ အီမာဆင်၊ **ရှေ့တန်း**- အီစိုး၊ ဝင်းနိုင်ထွန်း၊ ပက်ထရစ်နှင့် ပြည်မိုးတို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

● *ကျောဖုံးမှ*

အဲဗာတန်နှင့် ရှက်လ်ဖီးအသင်းတို့ ဖြစ်သည်။ အဆိုပါ ပွဲစဉ်များထဲမှ ပရိသတ်အကြိုက်ပွဲစဉ်အဖြစ် မန်ယူနှင့် လီဗာပူးအသင်းတို့ အက်ဖ်အေဖလား စတုတ္ထအဆင့်တွင် ထပ်မံဆုံတွေ့နေခြင်းဖြစ်သည်။

ပရီမီယာလိဂ် ရာသီဝက်ချန်ပီယံ မန်ယူအသင်းနှင့် ပရီမီယာလိဂ် လက်ရှိချန်ပီယံ လီဗာပူးအသင်းတို့ ပရီမီယာလိဂ် ပွဲစဉ် ၁၉ အဖြစ် ဇန်နဝါရီ ၁၇ ရက်က ယှဉ်ပြိုင်ကစားပြီးနောက် ခုနစ်ရက်အကြာ အက်ဖ်အေဖလား စတုတ္ထအဆင့်တွင် ထပ်မံတွေ့ဆုံနေခြင်းက စိတ်ဝင်စားဖွယ်ရာအဖြစ်ရှိနေသည်။ အဆိုပါပွဲစဉ်ကို ဇန်နဝါရီ ၂၄ ရက် ည ၁၁ နာရီခွဲတွင် မန်ယူအိမ်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မန်ယူအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲတွင် (၁၂)ကြိမ်ဖြင့် ဒုတိယအအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသော်လည်း အဆိုပါဖလားကို ၂၀၁၆ ခုနှစ်က နောက်ဆုံး ဆွတ်ခူးရရှိထားသည့်အတွက် အောင်မြင်မှုနှင့် ဝေးကွာနေသည့်အသင်းဟု ဆိုနိုင်သလို လီဗာပူးအသင်းကလည်း အက်ဖ်အေဖလားကို ၂၀၀၆ ခုနှစ်က နောက်ဆုံးဆွတ်ခူးထားသည့် အသင်းဖြစ်သည့်အတွက် အောင်မြင်မှုနှင့် ဝေးကွာနေသည့်အသင်းဟု ဆိုနိုင်ပေသည်။ အက်ဖ်အေဖလားပြိုင်ပွဲတွင် အောင်မြင်မှုနှင့်ဝေးကွာနေသည့် အသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံနေခြင်းက စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးအခြေအနေတွင် ရှိနေသည်။

မန်ယူအသင်းက အနီးစပ်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်၌ ကာဗာနီ၊ ပေါ့ဂ်ဘာတို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ပရီမီယာလိဂ်တွင် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နေသည်။ လီဗာပူးအသင်းက ဘန်လေအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားကာ ရမှတ် ၃၄ မှတ်ဖြင့် အဆင့် ၄ နေရာတွင် ရပ်တည်နေသည်။ ထို့အပြင် မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ ပြီးခဲ့သည့် တနင်္ဂနွေနေ့က ထိပ်တိုက်တွေ့ဆုံခဲ့ရာ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ အဆိုပါပွဲစဉ်တွင် မန်ယူအသင်းသည် လီဗာပူးအသင်းကို ဘောလုံးပိုင်ဆိုင်မှုအပိုင်းတွင် မယှဉ်သာခဲ့သလို ဂိုးပေါက်ကန်သွင်းယူမှုအပိုင်းတွင်လည်း လီဗာပူးအသင်းက ၁၇ ကြိမ်အထိရှိခဲ့ပြီး မန်ယူအသင်းက ရှစ်ကြိမ်သာရှိခဲ့သည့်အတွက် မယှဉ်သာခဲ့ပေ။

မန်ယူအသင်းသည် အက်ဖ်အေဖလားတတိယအဆင့်တွင် ဝက်ဖို့ဒ်အသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ကာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ၍ စတုတ္ထအဆင့်သို့ တက်လှမ်းလာနိုင်ပြီး လီဗာပူးအသင်းက ယခုနှစ်ရာသီ ခြေစွမ်းပြနေသည့် ပရီမီယာလိဂ်ကလပ် အက်စ်တွန်ဗီလာအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်လှမ်းလာနိုင်ခြင်းဖြစ်သည်။ ယခုပွဲစဉ်တွင် ရှုံးနိမ့်သည့်အသင်းအနေဖြင့် ပြိုင်ပွဲမှနှုတ်ဆက်ထွက်ခွာရမည်ဖြစ်သောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိနေသည်။ ထို့အပြင် ယခုပွဲစဉ်တွင် အနိုင်ရရှိမည့်အသင်းအနေဖြင့် ဖေဖော်ဝါရီလတွင် ကျင်းပမည့် အက်ဖ်အေဖလား ပဉ္စမအဆင့်တွင် ဝက်စ်ဟမ်း သို့မဟုတ် ဒွန်ကက်စတာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဘန်လေအသင်းနှင့်ပွဲစဉ်တွင် ဒဏ်ရာကြောင့် လွဲချော်ခဲ့သည့် လီဗာပူးအသင်းမှ အသင်းခေါင်းဆောင် ဟန်ဒါဆင်အနေဖြင့် ယခုမန်ယူအသင်းနှင့်ပွဲစဉ်ကိုလည်း ထပ်မံလွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။ မန်ယူအသင်းသည် ယခုပွဲစဉ်မတိုင်မီ လီဗာပူးအသင်းထက် နားရက်တစ်ရက်ပိုရထားကာ အဓိကစားသမားများ ဒဏ်ရာရရှိထားခြင်း မရှိသည့်အတွက် နည်းပြဆိုးလ်ရှားအနေဖြင့် ယခုပွဲစဉ်ကို အင်အားအတောင့်တင်းဆုံးပုံစံ ရွေးချယ်ကာ အကောင်းဆုံး ပြင်ဆင်လာဖွယ်ရှိနေသည်။ နောက်တစ်ဆင့် တက်လှမ်းနိုင်ရေး နှစ်သင်းစလုံး အနိုင်ရရှိရန် ကြိုးပမ်းလာဖွယ်ရှိနေသည့်အတွက် မည်သည့်အသင်းက စတုတ္ထအဆင့်မှ နှုတ်ဆက်ထွက်ခွာရမည်ကို ယနေ့ည ၁၁ နာရီခွဲတွင် အဆုံးအဖြတ်ပေးသွားတော့မည်ဖြစ်သည်။

**အောင်ဇော်**

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဥယျာဉ်နသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဦးအေးကို | ၁၂/အစန(နိုင်)၁၆၇၈၉၉ | ၂၁၁၊ က-၇ လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန် | မြို့သစ်-က | ၆၁၅/က | ဒေါ်ဝင်းတင် |
| ၂ | ဒေါ်ဇင်မာဝင်း | ၇/သကန(နိုင်)၁၁၄၅၀၂ | ၆၃/ခ၊ အောင်သိဒ္ဓိလမ်း၊ ၆-ရပ်ကွက်၊ လှိုင်သာယာ | ၂/၃ | ၆၃ | ဒေါ်မြင့်မြင့်ရီ |
| ၃ | ဒေါ်စန်းစန်းအေး | ၁၂/ဥကတ(နိုင်)၁၀၀၇၀၁ | ၁၇၉/က၊ ပုဂံလမ်း၊ ၁၁/ရွှေပေါက်ကံမြို့သစ်ရပ်ကွက်၊ မြောက်ဥက္ကလာပ | ၁၁/ရွှေပေါက်ကံ | ၁၇၉ | ဦးချစ်ဆွေ |
| ၄ | ဦးအေးသိန်း | ၁၂/အစန(နိုင်)၀၀၈၇၁၃ | ၁၃၄၊ က-၆ လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန် | မြို့သစ်-က | ၅၅၇/ခ | ဦးငွေစိုး |
| ၅ | ဒေါ်စိန်စိန် | ၁၂/အစန(နိုင်)၁၆၈၄၀၈ | ည/၄၅၊ မနသိဒ္ဓိလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန် | ၃၉၉/က(ဘော့ကန်) | ၅၀ | ဒေါက်တာလမစ် |
| ၆ | ဦးစောနေလင်း | ၁၂/အစန(နိုင်)၀၃၀၂၈၅ | ၄၊ တန်းမြင့်ကျောင်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန် | ၇/A နံ့သာကုန်း | ၃၀/C+၃၁/က | ဒေါ်ပို |
| ၇ | ဒေါ်မေဝါဝါဖိုလ် | ၁၂/ရကန(နိုင်)၀၇၀၃၈၁ | ၈၇၁၊ ဇမ္ဗူသီရိ(၁)လမ်းနှင့်မြခင်းသာလမ်းထောင့်၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၂ | ၈၇၁ | ဦးအုန်းမောင် |
| ၈ | ဦးရွှေသိုင်းမောင် | ၇/သဝတ(နိုင်)၀၇၅၉၉၀ | ၁၅၃၀/က၊ အောင်ဇေယျလမ်းနှင့်ပေါင်းကူးလမ်းထောင့်၊ ၁၉-ရပ်ကွက်၊ လှိုင်သာယာ(အနောက်) | သကမ-၁၅ | ၁၅၃၀/က | ဦးသက်နိုင် |
| ၉ | ဒေါ်နုနုအောင် | ၁၄/ငပတ(နိုင်)၁၇၇၁၂၆ | ၄၈၂/ခ၊ မင်းဘူးလမ်း၊ ၉-ရပ်ကွက်၊ လှိုင်သာယာ(အနောက်) | သကမ-၄ | ၄၈၂/ခ | ဦးစိုးမြင့် |
| ၁၀ | ဒေါ်လှငွေးမြင့် | ၁၂/လမန(နိုင်)၀၁၀၆၇၉ | (၇၈၉+၇၉၀)/ခ၊ သစ်ခွလမ်း၊ ၅-ရပ်ကွက်၊ လှိုင်သာယာ(အရှေ့) | ၄/၅(ဒု) | ၇၈၉+၇၉၀ | ဦးမောင်အေး |
| ၁၁ | ဒေါ်နန့်အေးအေးအောင် | ၁၄/မမန(နိုင်)၁၈၅၃၆၀ | ၁၆၄၈/ခ၊ ပညာပတ်လမ်းနှင့်သမာဓိလမ်းထောင့်၊ ၆-ရပ်ကွက်၊ လှိုင်သာယာ(အရှေ့) | သကတ-၃ | ၁၆၄၈ | ဦးစောလှိုင် |
| ၁၂ | ဦးအောင်ငွေးဝင်း | ၁၁/မဥန(နိုင်)၀၈၇၀၄၉ | ၁၄/ခ၊ မကွေး(၈)လမ်း၊ ၂၀-ရပ်ကွက်၊ ရွှေပြည်သာ | ၄၅ | ၁၄ | ဦးမောင်မောင်သိန်း |
| ၁၃ | ဒေါ်ခင်နှင်းပုလဲရည် | ၅/မလန(နိုင်)၀၀၁၁၂၂ | ၁၀၁၆/က၊ ပန်းခြံ(၁၂)လမ်းလမ်းသွယ်နှင့်ပန်းခြံ(၁၂)လမ်းထောင့်၊ ၁၅-ရပ်ကွက်၊ ရွှေပြည်သာ | ၄၁ | ၁၀၁၆/က | ဒေါ်ခင်ခင်လေး |
| ၁၄ | ဦးသီဟန်+၁ | ၁၂/ရပသ(နိုင်)၀၁၇၉၃၆ | ၁၄၉/ခ၊ သီရိမင်္ဂလာပတ်လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ | ၂၄/၆ | ၁၄၉/ခ | ဦးထွန်းအောင်ကျော်+ ဒေါ်သီဂီမြင့် |

အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**သစ်တော**

**မှန်လျှင်**

**အသုံးဝင်**

**အစဉ်ထာဝရ**

**ထိန်းသိမ်းကြ**

၁၉၃၃ခုနှစ် - သမားတော်ကြီး ဦးဘရှိန်စတင်တည်ထောင်သည်

နေမကောင်းလျှင်

အမှတ်တံဆိပ်

TMR 002348(1016)
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)၁၄၅/၀၁၁၇

ချွေးထုတ်ငန်းဆေးကို သုံးဆောင်ပါ

အအေးမိ၊ ကိုယ်လက်ကိုက်ခဲခြင်း၊ တုပ်ကွေးဖျား၊ အဖျားရောဂါ၊
အနာဝင်ခြင်း နှင့်ချွေးငုတ်ခြင်းများအတွက် မြန်မာ့ဆေးစွမ်းကောင်း

ရွှေမန်းတောင်တိုင်းရင်းဆေးဝါးဖြန့်ချိရေး - အမှတ်(၁၀၂)၊ ၃၈လမ်း၊ ရန်ကုန်မြို့။ ဖုန်း - (၀၁)၃၇၆၈၀၈၊ ၅၄၉၀၄၂(Res:)၊ ၀၉ - ၈၅၉၈၄၅၃

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၈)၊ ဦးပိုင်အမှတ်(၁၅၂)၊ မြေဧရိယာ ဝ.ဒသမဝ၄၂ ဧကရှိ မြေကွက်အား ဦးတီးလ်ဗဟာဒူး အမည်ဖြင့် ပိုင်ဆိုင်ခဲ့သည့် မြေကွက်ဖြစ်ပြီး၊ ၁၆-၇-၁၉၉၅ရက်တွင် ဦးတီးလ်ဗဟာဒူးထံမှ ဦးကျော်စိုးဦးက နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး၊ ဦးကျော်စိုးဦး ၁/မကန(နိုင်) ၁၈၁၃၉၉အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၃၀-၉-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၁၁၇၆/၂၀၂၀)ကို ၉-၁၁-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၇၂၄/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြေညာစာ ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကျွန်းကုန်းအုပ်စု၊ ကျွန်းကုန်းကျေးရွာနေ ဦးအေးမြင့်၏ သမီး မမိုးသဇင် ၇/သဝတ(နိုင်) ၁၃၄၄၀၉ ကိုင်ဆောင်သူအား ယနေ့မှစ၍ မမိုးသဇင်မြင့်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မမိုးသဇင်မြင့်**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ တောင်ပန်းဆွဲအုပ်စု၊ သာယာကုန်းကျေးရွာနေ ဦးထွန်းအောင်၏ သမီးဒေါ်တင်တင်မော် ၇/သဝတ(နိုင်) ၀၆၁၃၀၉၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၁၁-၁၉၇၃ ဖြစ်ပါကြောင်း။

## ကြေညာချက်

၁၂-၂-၂၀၂၁ ရက်တွင် မတရ (ငြိမ်း)လူမှုစောင့်ရှောက်ရေးအသင်း (ရွှေပေါက်ကံ) မြို့၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ကျင်းပပြုလုပ်နိုင်ခြင်းမရှိသေးကြောင်း ကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-III/ကွက်ပြင်-၃) ဦးပိုင်အမှတ်(၁၃၂-ခ) မြေဧရိယာ (၀ဒသမ၅၂)ဧကရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးခင်ကြိုင် ၁၃/ကခန(နိုင်)၀၀၁၂၄၂ နှင့် ဒေါ်တင်မြမြ ၁၃/ကခန(နိုင်)၀၀၁၂၄၃တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းမြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## မတည်ရင်းနှီးငွေ လျှော့ချခြင်း

ကျွန်တော်များ MAGWAY MACHINERY COMPANY LIMITED သည် အစုရှယ်ယာမတည်ရင်းနှီးငွေအား ကျပ်သိန်း ၅၀၀ မှ ကျပ်သိန်း ၅၀ သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**MAGWAY MACHINERY COMPANY LIMITED**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မကွေးမြို့ မြင်သာရပ် ရပ်ကွက်၊ မဲထီးလမ်း၊ ကွင်း/အကွက်အမှတ် ၁၂/မြင်သာအနောက်၊ ဦးပိုင်အမှတ်(၂၂၇/၂၁၅) ဧရိယာ(၀.၀၄၅)ဧကရှိ မြေကွက်ကို ဦးထွန်းထွန်းဦး အမည်ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (ကော်လိတ္တော်အရာရှိ)ထံ မြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားဖြင့် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လည်းကောင်း၊ မကွေးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ ဤသတင်းစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ အကွက်အမှတ်(၆၅၉-ခ/ခတ်တော်ကွင်း)၊ဦးပိုင်အမှတ်(၂၂/၁)၊ မြေဧရိယာ ၀ ဒသမ ၄၄ ဧကရှိ မြေကွက်အား မြေငှားဂရန် (စက်မှု/စီးပွား/ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးဇော်မြင့် ၅/ကလတ(နိုင်)၁၃၀၀၈၄မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(၃၆၊ပြည်တော်သာရပ်)၊ဦးပိုင်အမှတ်(၁၁၄)၊ မြေယာအမှတ်(319)၊မြေဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိ မြေကွက်အား ဦးထွန်းမြိုင် အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်တွင် အဆောက်အအုံဆောက်လုပ်ခြင်း ဆောင်ရွက်နိုင်ရေး ဦးဝင်းတင့် ၉/မမန(နိုင်)၀၁၄၁၆၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးရုံးအင်ဂျင်နီယာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ ၃၀ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းတင့် ၉/မမန(နိုင်)၀၁၄၁၆၉**
**အိမ်အမှတ်(၂၇၉)၊၅-လမ်း၊ပြည်တော်သာရပ်၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၅/ဖောင်းတော)၊ အကွက်အမှတ်(၇၄၇/ဆင်ခေါင်းကြီးအရှေ့) ဦးပိုင်အမှတ် (၅၃/၁၂၄) မြေယာအမှတ် (၅၂၊၅၄၊၅၅) မြေဧရိယာ (၁ဒသမ၀၀)ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးမြတ်နိုးအောင် ပါ (၂)ဦး၁၂/ရကန(နိုင်)၀၂၇၀၃၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

# မီးသတိပြု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ညည/၂၆၊အမှတ်-၂၇၊ ၅၆x၅၇ကြား၊ ရန်နိုင်xရန်ပြေလမ်းကြားနေ ကျွန်တော် ဦးအေးသွင် ၇/ဒဥန(နိုင်)၁၅၅၅၂၃ မှ ကေခိုင် ROသောက်ရေသန့် အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးအေးသွင်**
**ဖုန်း-၀၉-၇၈၈၃၀၀၀၀၃၊ ၀၉-၂၅၈၉၉၉၃၆၈**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ်(၃-က/တပ်ကုန်းရပ်)၊ ဦးပိုင်အမှတ်(၅-ဠ)၊ မြေဧရိယာ ၀ ဒသမ ၀၄၅ ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးလှမောင် ၉/မမန(နိုင်)၀၁၇၃၅၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ် လွန်ကောင်းကျေးရွာအုပ်စု၊ အကွက်အမှတ်(ပြင်/ဝွေးပင်)၊ ဦးပိုင်အမှတ်(၅၅)၊ မြေဧရိယာ ၇ ဒသမ ၆၅ ဧကရှိ မြေကွက်အား မြေငှားဂရန်(စက်မှု/စီးပွား/ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်စိန်ထွေး ၉/မကန(နိုင်)၀၀၃၁၅၁ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါလုပ်ငန်းများအတွက် လိုအပ်သော ပရီမီယမ်ဒီဇယ်ဆီအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူဆောင်ရွက်လိုကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | စီမံကိန်း/လုပ်ငန်းအမျိုးအမည် | အရေအတွက်(ဂါလန်) |
|---|---|---|
| (က) | အရာတော်-၂ စီမံကိန်း | ၂၂၅၆ |
| (ခ) | အရာတော်-၃ စီမံကိန်း | ၁၅၁၁၃ |
| (ဂ) | မိတ္ထီလာလွင်ပြင်စီမံကိန်း | ၁၀၉၉၀၆ |
| (ဃ) | ဆိပ်ဖြူအောက်ဆိပ်စီမံကိန်း | ၃၅၅၆ |
| (င) | ငမိုးရိပ်စီမံကိန်း | ၃၇၇၅ |
| (စ) | အုပ်ချုပ်မှုပုံမှန်လုပ်ငန်းသုံးနှင့်တွင်းတူးလုပ်ငန်းသုံး | ၄၂၆၀၀ |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၁-၂၀၂၁ ရက်မှ ၃-၂-၂၀၂၁ ရက်အထိ
**တင်ဒါပိတ်ရက်နှင့် အချိန်** - ၁၆-၂-၂၀၂၁ ရက် မွန်းတည့် ၁၂:၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံအား သတ်မှတ်ရက်အတွင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ ဖြည့်တင်းရေးဌာနခွဲ-၂၊ ရုံးအမှတ်(၅၀)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၂၉၅၊၀၆၇-၃၄၃၁၃၀၈ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများလာရောက်ဝယ်ယူရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါဆိုင်ရာညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်၍ ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၀(ဆ)အရ ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြပေးပါရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးတော် ၂၀၂၁ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁

ကြွယ်ဝသော ရတနာရွှေမြေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်
RICH YADANA SHWE MYAY MINING COMPANY LIMITED
(၎င်းကုမ္ပဏီ၏ကိုယ်စား မန်နေဂျင်းဒါရိုက်တာ
ဦးထင်ရှောက်ဝမ်(ခ)ဦးစန်းလွင်) **လျှောက်ထားသူ**

ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့၊ ရပ်ကွက်(၁)နေ ကြွယ်ဝသော ရတနာရွှေမြေ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် RICH YADANA SHWE MYAY MINING COMPANY LIMITED (၎င်းကုမ္ပဏီ၏ ကိုယ်စား မန်နေဂျင်းဒါရိုက်တာ-ဦးထင်ရှောက်ဝမ်(ခ)ဦးစန်းလွင်)က ၎င်းတို့ကုမ္ပဏီအား အီလက်ထရွန်နစ် မှတ်ပုံတင်စနစ်ဖြင့် Myanmar Companies Online (MyCo) တွင် မှတ်ပုံတင်အမှတ် (၁၀၁၃၇၅၂၉၃)ဖြင့် ၂၁-၈-၂၀၁၈ ရက်တွင် မှတ်ပုံတင်ခဲ့ကြောင်း ကြွယ်ဝသောရတနာရွှေမြေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ နှစ်စဉ်အစီရင်ခံစာ (Annual Return) တင်ပြရန် ပျက်ကွက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက (၇-၁၂-၂၀၂၀)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်-၁၀၄/၂၀၂၀၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ(၂၀၁၇)၊ ဥပဒေပုဒ်မ-၄၃၀(စ)အရ ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်လိုက်ကြောင်း အမှတ်စဉ် (၁၅၂)ဖြင့် ထုတ်ပြန်ခဲ့သည့်စာရင်းတွင် ပါဝင်ခဲ့သဖြင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ- ၄၃၀(ဆ)အရ ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြပေးစေလိုကြောင်း ဤရုံးတော်၌ လျှောက်ထားသည်ဖြစ်၍ ယင်းလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများက ကန့်ကွက်နိုင်ရန်အတွက် ဤရုံးသို့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် (၁၃၈၂ ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဦးထင်ရှောက်ဝမ်(ခ)ဦးစန်းလွင်၏ လျှောက်ထားချက်ကို ကြားနာ၍ မှတ်ပုံတင်စာရင်းတွင် ကုမ္ပဏီ၏အမည်ကို ပြန်လည်ဖော်ပြပေးသင့်/မသင့်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ဤရုံးတော်၏ တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မောင်မောင်အေး)**
**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး**
**ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## မန္တလေးခရိုင် တရားရုံးတော်
## ၂၀၂၀ပြည့်နှစ် တရားမကြီး အထွေထွေမှုအမှတ်-၁၀၀
## ကွယ်လွန်သူ ဦးဝင်းသူ၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်(၄၆)တွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဝင်းသူ၏ ကျန်ရစ်သော ပစ္စည်းများအပေါ် အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ညီမအရင်းဖြစ်သူ ဒေါ်သီတာဝင်းကအမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်(၁၃၈၂ခုနှစ် တပို့တွဲလဆန်း ၈ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဝင်းသူ၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့( လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၉ရက် (၁၃၈၂ခုနှစ် တပို့တွဲလဆန်း ၈ရက်) ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်သီတာဝင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၁ခုနှစ် ဇန်နဝါရီ ၂၁ရက် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းထွန်းအောင်)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ချောက်မြို့နယ်တရားရုံး
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၈၅

ဒေါ်တင်တင်နွယ် **နှင့်** ဦးစံရွှေမောင် ပါ-၆
**တရားလို** **တရားပြိုင်များ**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၁၄)နယ်မြေ၊ ပျဉ်းမယာပြင်ရပ်ကွက်နေ ဦးစံရွှေမောင်(ဘ)ဦးထွန်းခင် (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်တင်တင်နွယ်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက် (၁၃၈၂ ခုနှစ် တပို့တွဲလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါရှိသူ တရားလိုအဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်းပွင့်ဖြူ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ချောက်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မဟာအောင်မြေ မြို့နယ်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၄၂

ဒေါ်မြနွယ်စိုး **နှင့်** ၁။ ဦးမြင့်သိန်း(ခ)ဗိုလ်မှူးမြင့်သိန်း
၂။ (၁)တရားပြိုင်၏အထူး
ကိုယ်စားလှယ်စာရသူ ဦးမာ)
**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)၊ တမာလမ်းသွယ်၊ အမှတ်(ဒ-၁၁/၈၁)နေဦးမြင့်သိန်း(ခ) ဗိုလ်မှူးမြင့်သိန်း(ဘ)ဦးသိန်း(ယခုနေရပ်လိပ်စာမသိ) နှင့် (၁)တရားပြိုင်၏အထူးကိုယ်စားလှယ်စာရသူ ဦးမာ(ဘ) ဦးချစ်မောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြနွယ်စိုးက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်မဟာမြိုင်(၁)ရပ်ကွက်၊အကွက်(ဒ-၁)၊ ဦးပိုင်အမှတ်(၁၄၉)ဧရိယာ(၀ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဗိုလ်မှူးမြင့်သိန်း အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ မြေကွက် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့် အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ ဖြစ်စေ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်(၁၃၈၂ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော် သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ဝေဖြိုးဟန်)**

**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ရန်အောင်ရပ်၊ အကွက်အမှတ်(၁၆၄၇) အကွက်အမည် အလယ်ရပ်၊ ဦးပိုင်အမှတ် (၄၂) နှင့် ဦးပိုင်အမှတ်(၄၃)၊ ဧရိယာ ဧက (၀ဒသမ၁၂၀)ဧက သုခိတာလမ်းနှင့် မြတ်လေးလမ်းကြားရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးမောင်မောင်ထွေး(ခ) GURU SAMY ၈/နမန(ပြု) ၀၀၀၀၂၈ ကဝယ်ယူပိုင်ဆိုင်ထားပြီး ဦးမောင်မောင်ထွေးGURU SAMYမှ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်ဒေါ်သီရိသိန်းဝင်း ၈/ရနခ(နိုင်) ၀၇၄၀၇၆ မှ ဝိုင်းမြေ၏ တန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သီရိသိန်းဝင်း ၈/ရနခ(နိုင်) ၀၇၄၀၇၆**
**ဖုန်း-၀၉-၅၃၃၇၂၃၁၊၀၉-၇၇၄၄၇၇၄၄၅ ၊၀၉-၄၄၈၀၁၅၂၂၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၁၃/၆)၊ ဦးပိုင်အမှတ်(၇၆)၊ မြေဧရိယာ ၀ ဒသမ ၁၁၂ ဧကရှိ မြေ ကွက်အား မူလက ဦးဘိုကြီးအမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး ဦးပိုင်(၇၆/ခ)၊မြေဧရိယာ ၀ဒသမ ၀၆၆ ဧက ရှိ မြေကွက်အပိုင်းကို ဦးဘိုကြီး ကွယ်လွန်ခဲ့ပြီးနောက် ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်ရွှေမူထံမှ ၁၀-၆-၁၉၉၄ရက်တွင် ဦးမြင့်ဝင်းက နှစ်ဦးသဘောတူ အရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဦးမြင့်ဝင်း ၁/မကန(နိုင်)၀၁၈၈၃၁ အမည်ဖြင့် မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းရရှိရေးအတွက် ၁၇-၇-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ် (၄၃၄/၂၀၂၀)ကို ၂၇-၇-၂၀၂၀ ရက်စွဲပါကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၃၉၆/၂၀၂၀)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ဦးပိုင်ခွဲ၊အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးစိန်မောင်မောင်(ငြိမ်း)
(OTS–30)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း(၅)ရပ်ကွက်နေ (ဒေါ်စန်းစန်းအေး)၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးစိန်မောင်မောင်(ငြိမ်း)သည် ၂၁-၁-၂၀၂၁ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းကောင်းရာ သုဂတိသို့လားပါစေ။

**OTS(30)သူငယ်ချင်းများ**

## ဗိုလ်ကြီးမိတင်ရီ(ငြိမ်း)
### အမှတ်(၂)တပ်မတော်ဆေးရုံ
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်း၊ အမှတ်(၃)နေ (ဦးသန်းမြင့်-ဒေါ်မြစိန်)တို့၏တစ်ဦးတည်းသောသမီး၊ ဒုဗိုလ်မှူးကြီးမင်းနိုင်(ငြိမ်း)၏ဇနီး၊ ဒေါ်အေးအေးနိုင်၊ ဦးကျော်ကျော်နိုင်(Singapore)-ဒေါ်ဝင်းလှဲ့ဖြူ(Singapore)၊ ဒေါက်တာကြူကြူနိုင်(Australia)-ဒေါက်တာကျော်လင်းထွန်း(Australia)တို့၏မိခင်၊ အေဒင်ဝင်းဆန်းနိုင်၊ နီကိုးမင်းလဲ့နိုင်၊ ဇေမာန်နိုင်လင်းထွန်း၊ အဂ္ဂါမတ်စ်ဆန်နိုင်တို့၏အဘွားသည် ၂၂-၁-၂၀၂၁ရက် (သောကြာနေ့) ည၇:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၂၁ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးတင်အောင်
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ကျောက်ပြားစက်လမ်း၊ အမှတ်(၃၅၆)နေ ဒေါ်ခင်ကြည်(ခ)ဒေါ်ညို(သဇင် မင်းစားတော်စက်)၏ခင်ပွန်း၊ (ဦးကြံပေါ်-ဒေါ်မယ်ခင်)တို့၏သား၊ ဦးမြင့်သန်း-ဒေါ်ဌေးဌေးလှိုင်၊ ဦးအောင်သင်း-ဒေါ်စန်းစန်းကြည် တို့၏ဖခင်၊ ဒေါက်တာဇင်မင်းသူ၊ မမေသဇင်၊ မဖူးမြတ်သဇင်၊ မောင်ဇင်မင်းထက်၊ မအိမ့်သဇင်သင်းတို့၏အဘိုးသည် ၂၂-၁-၂၀၂၁ရက် (သောကြာနေ့) ညနေ ၃:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၁ရက် (စနေနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နှင်းလှ(ခ)ဒေါ်မိုးသီတာ
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၁)လမ်း၊ အမှတ်(၄၇)နေ (ဦးတိတ်အောင်-ဒေါ်ကျင်ရွှေ)တို့၏ တစ်ဦးတည်းသောသမီး၊ (ဦးထန်ဟုတ်-ဒေါ်ကြီးဆိုက်)တို့၏သမီးချွေးမ၊ (ဦးခင်ကျော်)၏ဇနီး၊ မခင်မိုးလွင်၊ မခင်မိုးနိုင်-ကိုအောင်သူ၊ ကိုကျော်ရဲထွဋ်(မြန်မာ့သစ်လုပ်ငန်း)-မသက်လျှာဘုန်းကျော်တင်(TCCC Myanmar Ltd)၊ မခင်လေးနွယ်၊ မခင်စုသန်းတို့၏ ချစ်လှစွာသောမိခင်သည် ၂၂-၁-၂၀၂၁ရက် (သောကြာနေ့) မွန်းလွဲ ၁၂:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

သင့်သွေးဖြင့် အသက်ကယ်ပါ

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက် ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြု ခြင်းများ ဆောင်ရွက်ပါ။
(၅) ခဲတင်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည် တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြု ခြင်း၊ လျှပ်စီးပတ်လမ်းကို အလို အလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြု ခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲ ခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင် ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာ ပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့် သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရှယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်း ရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိ ဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းစိန်
### အသက်(၈၇)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်သန်းစိန် အသက်(၈၇)နှစ်သည် ၂၀-၁-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့)နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းစန်းလှိုင်(ညွှန်ကြားရေးမှူး)နှင့်**
**မကွေးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ဝန်ထမ်းမိသားစုများ**

## ဒေါ်အမာကျင်
### အသက်(၈၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၆၆၃)နေ (ဦးစော-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးသန်း-ဒေါ်အုံးရင်)တို့၏သမီးချွေးမ၊ (ဦးခင်မောင်မြင့်)-ဒေါ်ခင်ခင်ဝင်း၊ (ဦးခင်ဆွေ)-ဒေါ်ခင်စန်းအေး၊ ဦးကိုကိုနိုင်-ဒေါ်မိုးမိုးအောင်၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်စန်း၊ ဦးဇော်နိုင်-ဒေါ်ဇင်မာလွင်၊ ဦးတင်မောင်မြင့်-ဒေါ်ယုယုလွင်တို့၏ မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၂-၁-၂၀၂၁ရက် ညနေ ၆:၃၀နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၁ ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးချန်ဟဲ(Pu Chan Hre)
### ဒုညွှန်ကြားရေးမှူး(ငြိမ်း)၊ ပို့/ဆက်
### YLBC member
### အသက်(၈၀)

Pu Lian Al-Pi Tial Zing(late)တို့၏သား၊ Pu Ngun Uk-Pi Sun Tial(late)တို့၏သားသမက်၊ Pu Duh Cem-Pi Duh Khun(USA), Pi Iang Zi, Pi Ni Thluai-Pu Ngun Cung(late) တို့၏အစ်ကို၊ Pu Nawl Cung Lian-Pi Nancy(USA), Pu Khamh Za Thang-Pi Van Iang Hnem(USA), Pa Thawng Za Uk(USA), Pi Dawt Hlei Par-Pu Steven Thang(USA),Pi Sun Cer Zing-Pu Gideon(Hong Kong)တို့၏ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်ချစ်ချစ်ငွန်(Pi Chit Chit Ngun)၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၂-၁-၂၀၂၁ရက် နံနက် ၁:၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစံတင်ဦး
### အသက်(၇၄) နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီ၏ နာယကကြီး၊ အ.ထ.က (၂) ကျောင်းအကျိုးတော်ဆောင်နာယက ဦးစံတင်ဦး အသက် (၇၄)နှစ်သည် ၂၂-၁-၂၀၂၁ ရက် သောကြာတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အ.ထ.က(၂)မြတ်ဆရာပူဇော်ပွဲ အပူဇော်ခံဆရာကြီး/ဆရာမကြီးများ**
**မြတ်ဆရာ ပူဇော်ပွဲကျင်းပရေးကော်မတီဝင်များ**
**အ.ထ.က(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာမြင့်နှင့် ဆရာ/ဆရာမများ**
**အ.ထ.က(၂) ကျောင်းသူ ကျောင်းသားဟောင်းများ**

## ဦးထွန်းကြည်
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၄)လမ်း၊ အမှတ်(၅၉)နေ (ဦးတင်အေး-ဒေါ်လှကြည်)တို့၏သား၊ မဇာနည်ဝင့်၊ ကိုသန့်ဇင်ထွန်း၊ မအေးမြသီတာတို့၏ချစ်လှစွာသောဖခင်၊ ဒေါ်သင်းသင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၃-၁-၂၀၂၁ရက် (စနေနေ့) နံနက် ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း
## ဦးဝင်းသိန်း(B.E com)
## (ဥက္ကာ၌ Htet Co.,Ltd)
### အသက်(၅၈)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်၊ ၁၁-၃/၃၂နေ ဦးသန့်ဇင်-ဒေါ်သန်းသန်းတို့၏သား၊ (ဒေါ်သန်းသန်းဝင်း)၊ (ဦးဝင်းသန်း)တို့၏ညီ/မောင်၊ မချယ်ရီ၏အစ်ကို၊ ကိုရဲမာန်အောင်-မထက်ထက်၊ မရွှေရည်ဝင်း(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ ဒေါ်မြင့်မြင့်သိန်း (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၏ချစ်လှစွာသော ခင်ပွန်းသည် ၁၅-၁-၂၀၂၁ရက် ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၂၁ရက်တွင် ဂူသွင်းသင်္ဂြိုဟ်ခြင်းနှင့် ၂၁-၁-၂၀၂၁ရက် ရက်လည်ဆွမ်းကျွေးတွင် ကူညီဆောင်ရွက်ပေးကြသူများ၊ သတင်းစာ၊ တယ်လီဖုန်း၊ လူမှုကွန်ရက်စာမျက်နှာမှ လည်းကောင်းဆက်သွယ်မေးမြန်းအားပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဦးအောင်မင်းသိဏ်း
### A.G.T.I(Civil),LL.B(Advocate)
### အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ ဦးမြအေးသွင်-ဒေါ်ခင်ဝင်းတို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၁)လမ်း၊ အမှတ်(၂၂၈/ခ)နေ (ဦးခင်မောင်ဆွေ)-ဒေါ်ခင်ဌေးရီတို့၏သားသမက်၊ ဒေါ်သင်းသင်းထိုက်၏ခင်ပွန်း၊ မောင်အောင် ကောင်းစွမ်း၊ မောင်အောင်ကောင်းပြည့်တို့၏ဖခင်သည် ၁၈-၁-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၂၁ရက်တွင် သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ဦးအောင်မင်းသိဏ်းနာမကျန်းဖြစ်ချိန်မှစ၍ နာရေးကိစ္စအဝဝ ဆောင်ရွက်ပြီးစီးသည်အထိ အဘက်ဘက်မှ အစစအရာရာ အကူအညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ပိုင်ဘရားသားကုမ္ပဏီမှ အမ်ဒီ၊ ဒါရိုက်တာများနှင့် ဝန်ထမ်းများအားလည်းကောင်း အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမိုးမြင့်အောင်(ခ)
## ဦးဘတင်
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေ(ဦးမောင်တင်-ဒေါ်စောမြ)တို့၏သား၊ (ဦးမြသောင်း-ဒေါ်ညွန့်တင်)တို့၏ သားသမက်၊ ဒေါ်စိုးစိုးမိုး၏ချစ်လှစွာသောခင်ပွန်း၊ ဦးအေးတင်-ဒေါ်မာလာတို့၏အစ်ကို၊ မကေခိုင်ဦး၊ မကေခိုင်စိုး၊ မအေးပြည့်ပြည့်စုံ၊ မောင်စည်သူရဲဇော်တို့၏ချစ်လှစွာသောဖခင်၊ မောင်စိုးမင်းတင်၊ မောင်လမင်းတင်တို့၏ဘကြီး၊ မစံအိမ်ပြည့်ဖြိုး၊ မောင်ထက်မြတ်ဘုန်းသန့်တို့၏ အဘိုးသည် ၂၂-၁-၂၀၂၁ရက် (သောကြာနေ့) ညနေ ၃:၄၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ခွာပါ မည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ ချယ်ရီလမ်း၊ အမှတ်(၂၀၈)၊ အခန်း(၅)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ခင်ညိုညို @
## MARY MARGARET SIMOENS
### Air France(ငြိမ်း)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ရှမ်းကုန်းလမ်းနေ (ဦးအုန်းဖေ @ FRE DERICK.E. SIMOENS-ဒေါ်မြမြ @ NELLIE SIMOENS)တို့၏သမီး၊ ဦးခင်မောင်သန်း(မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း- ငြိမ်း)-(ဒေါ်အေးအေးလွင်)၊ (ဦးခင်မောင်ဘို) -ဒေါ်ချိုချို၊ ဦးခင်မောင်အုန်း-ဒေါ်ခင်သီတာထွန်း၊ ဒေါ်ခင်ဖြူဖြူ-EIICHI MURATA၊ ဦးခင်မောင်ဇော်-ဒေါ်စန်းစန်းရီတို့၏ညီမသည် ၂၀-၁-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈:၀၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၁)ရပ်ကွက်၊ ကွင်းအမှတ်(၅၀)၊ သစ်ညိုကုန်းကွင်း၊ ဦးပိုင်အမှတ်(၂၃/ခ)၊ မြေရေိယာ(၀ဒသမ၂၀၆) ဧကရှိ မြို့မြေ(B)သည် ဦးအေးမြင့်၊ ဒေါ်မေဝါစိုး အမည်ဖြင့် အမည်ပေါက်ထွက်ရှိနေရာမှ ပုသိမ်မြို့၊ (၁၁)ရပ်ကွက်၊တဲကြီးကုန်းလမ်း၊ အမှတ်(၂၂)နေ ဦးကျော်သီဟ၊ ဒေါ်မေသန္တာစိုးတို့မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက် ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး**
**ပုသိမ်မြို့နယ်၊ ပုသိမ်မြို့**

## သတိပေး
## နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ဦးကျော်စွာလင်း
(TTC–96)
### အသက် (၄၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ တိုက် (၂၉)၊ အခန်း (၀၀၄)နေ ဦးကိုကို-ဒေါ်ခင်ခင်စီတို့၏သား၊ ဦးဆန်းထွန်း-ဒေါ်ဇင်မေဦးတို့၏ညီ/မောင်သည် ၂၀-၁-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၁ရက် (ကြာသပတေး နေ့)တွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၀၇ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၃–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

(၂၂–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၀,၃၉၇)ခုအားစစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲ အတည်ပြု လူနာသစ် (၅၀၇) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၃–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၇၈၅) ခု | (၁၀၂) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၇၃၉) ခု | (၁၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၁,၁၄၄) ခု | (၇၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၇၈) ခု | (၁၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၃၀၂) ခု | (၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၂၄၁) ခု | (၅) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၂၃) ခု | (၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉၆၉) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၆၄) ခု | (၅၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၃၄၃) ခု | (၂၃၄) ဦး |
| စုစုပေါင်း | (၂၀,၃၉၇) ခု | (၅၀၇) ဦး |

COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| | ၁၄–၁–၂၁ | ၁၅–၁–၂၁ | ၁၆–၁–၂၁ | ၁၇–၁–၂၁ | ၁၈–၁–၂၁ | ၁၉–၁–၂၁ | ၂၀–၁–၂၁ | ၂၁–၁–၂၁ | ၂၂–၁–၂၁ | ၂၃–၁–၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဓာတ်ခွဲနမူနာ စုစုပေါင်း | ၁၈,၈၂၀ | ၂၂,၇၅၅ | ၁၈,၀၀၅ | ၁၇,၆၅၆ | ၁၈,၈၃၅ | ၂၀,၆၉၄ | ၂၀,၄၇၆ | ၁၉,၁၄၇ | ၁၇,၆၉၉ | ၂၀,၃၉၇ |
| ပိုးတွေ့လူနာ | ၆၀၅ | ၅၁၃ | ၄၉၁ | ၄၄၉ | ၄၇၇ | ၄၄၈ | ၄၇၈ | ၄၄၅ | ၄၂၅ | ၅၀၇ |
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၃.၂ | ၂.၃ | ၂.၇ | ၂.၅ | ၂.၅ | ၂.၂ | ၂.၃ | ၂.၃ | ၂.၄ | ၂.၅ |

*စာမျက်နှာ ၁၅ ကော်လံ ၄* ❑

**ဆော်ပိုလိုတွင် ဘားများ၊ စားသောက်ဆိုင်များ ညဘက်ဆိုင်ပိတ်ထားရမည်**
စာ ➤ ၁၂

**တိုကျိုရှိ အသက် ၁၀ နှစ်အောက် မိန်းကလေးတစ်ဦးတွင် ရှားရှားပါးပါး အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ် ကူးစက်ဖြစ်ပွားနေကြောင်း တွေ့ရှိ**
စာ ➤ ၁၃



## ကမာရွတ်ချစ်သူများအဖွဲ့က မြို့နယ်သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၃**

ကမာရွတ်မြို့နယ်အတွင်း လူငယ်များ စုပေါင်းဖွဲ့စည်းထားသော ကမာရွတ်ချစ်သူများအဖွဲ့က ဒုတိယအကြိမ် လှူဒါန်းမှုအဖြစ် မြို့နယ်သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများအား ယနေ့ နံနက်ပိုင်းတွင် စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

ကမာရွတ်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်စဉ် မြို့နယ်ဖွံ့ဖြိုး

*စာမျက်နှာ ၂၂ ကော်လံ ၅* ✻

## အက်ဖ်အေဖလားပြိုင်ပွဲ စတုတ္ထအဆင့်မှ နှုတ်ဆက်ထွက်ခွာရမည့်အသင်းက မန်ယူလား၊ လီဗာပူးလား

အက်ဖ်အေဖလား စတုတ္ထအဆင့်အဖြစ် ယနေ့တွင် ချယ်ဆီး၊ မန်ယူ၊ လီဗာပူးစသည့် အသင်းကြီးများ အပါအဝင် ပွဲစဉ်ငါးပွဲကို ကျင်းပသွားမည်ဖြစ်သည်။ ထိုပွဲစဉ်များမှာ ချယ်ဆီးနှင့် လူတန်တောင်း၊ ဖူလ်ဟမ်နှင့် ဘန်လေ၊ ဘရန့်ဒ်နှင့် လက်စတာ၊ မန်ယူနှင့် လီဗာပူး၊

*စာမျက်နှာ ၂၆ ကော်လံ ၁* ●



ပရီမီယာလိဂ် ပြိုင်ပွဲတွင် လီဗာပူးနှင့် မန်ယူတို့ တွေ့ဆုံ ယှဉ်ပြိုင်နေစဉ်။




**Online မှတဆင့် အခမဲ့ အသင်းဝင်မှတ်ပုံတင်ပြီး ဂျပန်စာလေ့လာသင်ယူနိုင်မည့်အခွင့်အရေး**

Myanmar Unity သည်မြန်မာနိုင်ငံအစိုးရအသိအမှတ်ပြုဂျပန်နိုင်ငံသို့တရားဝင်အလုပ်သမားစေလွှတ်ခွင့်လိုင်စင်ရအေဂျင်စီဖြစ်ပါတယ်။ဂျပန်နိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့်Online မှအခမဲ့အသင်းဝင်မှတ်ပုံတင်ထားခြင်းအားဖြင့် ဂျပန်ဘာသာစကားကိုအခြေခံမှအဆင့်မြင့်အထိလေ့လာသင်ယူနိုင်မည့်အပြင် မိမိတို့စိတ်ဝင်စားသောလုပ်ငန်းအမျိုးအစားများစွာကို ရွေးချယ်လျှောက်ထားနိုင်မှာဖြစ်ပါတယ်။ဂျပန်နိုင်ငံ၏ယဉ်ကျေးမှု၊ ဂျပန်လူမျိုးများ၏လူနေမှုဘဝနှင့်လည်ပတ်စရာနေရာများ၊ ဂျပန်နိုင်ငံလုပ်ငန်းခွင်များတွင်လိုက်နာရမည့်စည်းကမ်းများကိုလည်းလေ့လာနိုင်မှာဖြစ်ပါတယ်။ပညာအရည်အချင်း၊အသက်အရွယ်၊အကန့်အသတ်မရှိဂျပန်ဘာသာစကားကိုလေ့လာသင်ယူနိုင်မှာဖြစ်ပြီးမိမိကျွမ်းကျင်တတ်မြောက်ထားသော ဂျပန်ဘာသာစကားအဆင့်အလိုက်ဂျပန်နိုင်ငံတွင်အလုပ်လုပ်ကိုင်နိုင်ရန်ထောက်အကူဖြစ်စေပါတယ်။ ထို့ကြောင့် Myanmar Unity မှဖွင့်လှစ်ထားသော MJ Space website တွင်အခမဲ့ အသင်းဝင်မှတ်ပုံတင်ထားပါက မိမိ သင်ယူတတ်မြောက်ထားသော ဂျပန်ဘာသာစကား အရည်အချင်းကိုလည်း မိမိကိုယ်တိုင် Online တွင်ပြန်လည်စစ်ဆေးဖြေဆိုနိုင်မည့်အခွင့်အရေးလည်းရရှိမှာဖြစ်ပါတယ်။

အောက်ပါLinkမှအခမဲ့အသင်းဝင်မှတ်ပုံတင်ခြင်းပြုလုပ်နိုင်ပါတယ်။ Website : https://mj-space.net , Facebook : MJ Space , YouTube: MJ Space